The Mirror Daily

ဗဟုသုတ ကြွယ်ဝစေရန် ကြိုးစား ဆောင်ရွက်သည်။ Established in 1957


### ကပ်ငြိတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 16 June 2020 ၁၀၀၄၅


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## ယခု ပထမ Covid လှိုင်းကို မိမိတို့ အောင်မြင်စွာ ကျော်ဖြတ်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဒုတိယက ပိုခက်ခဲမယ်လို့ ခန့်မှန်းတာတွေ ရှိပါကြောင်း၊ ဘယ်လိုပဲဖြစ်ဖြစ် အကောင်းဆုံးကို မျှော်လင့်ပြီး အဆိုးဆုံးအတွက် အသင့်ပြင်ဆင်ထားရမှာဖြစ်ပါကြောင်း ရေးသားဖော်ပြ



**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခု ပထမ Covid လှိုင်းကို မိမိတို့ အောင်မြင်စွာ ကျော်ဖြတ်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဒုတိယက ပိုခက်ခဲမယ်လို့ ခန့်မှန်းတာတွေရှိပါကြောင်း၊ ဘယ်လိုပဲဖြစ်ဖြစ် အကောင်းဆုံးကိုမျှော်လင့်ပြီး အဆိုးဆုံးအတွက် အသင့်ပြင်ဆင်ထားရမှာဖြစ်ပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့မှာ လသာတုန်းဗိုင်းငင့်ဆိုတဲ့ စကားရှိပါကြောင်း၊ အင်္ဂလိပ်တွေကတော့ နေပူတုန်း ကောက်ရိုးစုလို့ ဆိုပါကြောင်း၊ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ဖို့ အကောင်းဆုံးအချိန်မှာ လုပ်ကြပါလို့ သတိပေးတာဖြစ်ပါကြောင်း။

ယခု မိုးရာသီရောက်ပြီဆိုတော့ မိုးရေခံဖို့၊ လှောင်ဖို့ အကောင်းဆုံးအချိန်ဖြစ်ပါကြောင်း၊ နွေအခါ ရေရှားပါးမှုအခက်အခဲ တားဆီးထားဖို့ကြိုတင်ပြင်ဆင်ခြင်းဖြစ်ပါကြောင်း၊ 'နောင်ရေး ရန်ပုံငွေ' သဘောမျိုးဖြစ်ပါကြောင်း။

နိုင်ငံများဟာ နောင်ဖြစ်နိုင်ခြေရှိတာတွေကို မှန်းဆပြီး ဖြစ်လာသမျှကို ရင်ဆိုင်ဖြေရှင်းဖို့ ကြိုးစားရပါကြောင်း၊ Covid လိုကြိုတင်မှန်းဆလို့မရတဲ့ အရေးပေါ်အခြေအနေတွေကိုလည်း ကျော်လွှားနိုင်ဖို့ ရိက္ခာ၊ ဘဏ္ဍာငွေ စသည်တို့ လုံလောက်ရေးကို သတိပြုရတာက အစိုးရတစ်ရပ်ရဲ့ နိစ္စဓူဝ တာဝန်ဖြစ်ပါကြောင်း။

ဒီလို ရုပ်ပိုင်းဆိုင်ရာအားတွေ စုထားခြင်းထက် ပိုအရေးမပါရင်တောင်မှ နည်းတူ အရေးပါတာကတော့ 'နောင်ရေးစိတ်ဓာတ်ရန်ပုံငွေ'လို့ ပြောချင်ပါကြောင်း၊ သမိုင်းမှာ ကျန်ရစ်ပြီး နောင်လာနောက်သားတွေအတွက် သုံးမကုန်နိုင်တဲ့ စိတ်ဓာတ်အမွေဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်၊ ဆန္ဒအောင်ပွဲဆင်နိုင်တဲ့ သမိုင်းဖြစ်စဉ်တွေဟာ ဒီလိုအမွေတွေအဖြစ် ကျန်ခဲ့မှာဖြစ်ပါကြောင်း၊ ဒီအမွေတွေ စုဖို့ ပြည်သူတွေပါမှ ဖြစ်မှာဖြစ်ပါကြောင်း။

ယခု ပထမ Covid လှိုင်းကို မိမိတို့ အောင်မြင်စွာကျော်ဖြတ်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဒုတိယက ပိုခက်ခဲမယ်လို့ ခန့်မှန်းတာတွေ ရှိပါကြောင်း၊ ဘယ်လိုပဲဖြစ်ဖြစ် အကောင်းဆုံးကို မျှော်လင့်ပြီး အဆိုးဆုံးအတွက် အသင့်ပြင်ဆင်ထားရမှာဖြစ်ပါကြောင်း။

ကျေးဇူးရှင် ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးက ဝီရိယနဲ့ပတ်သက်လို့ မမေ့မလျော့၊ မှတ်သားထားရမယ့် ဩဝါဒချီးမြှင့်တော်မူခဲ့ပါကြောင်း၊ လေးဆင့်သော ဝီရိယဖြစ်ပါကြောင်း၊ ပထမက လုပ်ငန်းတစ်ရပ် စရန် ဆုံးဖြတ်ခြင်း၊ ဒုတိယက ဆုံးဖြတ်ချက်အရ စလုပ်ခြင်း၊ တတိယက အခက်အခဲနဲ့ကြုံရလည်း ဆက်လုပ်ခြင်း၊ နောက်ဆုံးစတုတ္ထအဆင့်ကတော့ ရှုံးနိမ့်သကဲ့သို့ဖြစ်ရင်တောင် မလျှော့သောဇွဲဖြင့် ဆက်လုပ်ခြင်းဖြစ်ပါကြောင်း။

မိမိတို့တွေ ဒုတိယဝီရိယအဆင့်က တတိယအဆင့်အကူးလောက်ပဲ ရှိပါသေးကြောင်း၊ နောင်လာနောက်သားတွေအတွက် ဝီရိယအမွေကောင်းတွေ ထားခဲ့ဖို့ စုလုပ်ကြရအောင် ဟု ရေးသားထားသည်။

- **ယခု မိုးရာသီရောက်ပြီဆိုတော့ မိုးရေခံဖို့၊ လှောင်ဖို့ အကောင်းဆုံးအချိန်ဖြစ်၊ နွေအခါ ရေရှားပါးမှုအခက်အခဲ တားဆီးထားဖို့ ကြိုတင်ပြင်ဆင်**
- **Covid လို ကြိုတင်မှန်းဆလို့မရတဲ့ အရေးပေါ်အခြေအနေတွေကိုလည်း ကျော်လွှားနိုင်ဖို့ ရိက္ခာ၊ ဘဏ္ဍာငွေ စသည်တို့ လုံလောက်ရေးကို သတိပြုရတာက အစိုးရတစ်ရပ်ရဲ့ နိစ္စဓူဝ တာဝန်ဖြစ်**

# ရန်ကုန်မြို့၌ ဖျားနာကုအခမဲ့ဆေးခန်းများ ဆက်လက်ဖွင့်လှစ်သွားမည်

**ရန်ကုန် ဇွန် ၁၅**

လက်ရှိတွင် ပြင်ပဆေးခန်းများ ပြန်လည်ဖွင့်လှစ်လာသော်လည်း ဖျားနာပါက အခမဲ့လာရောက်ပြသနိုင်သည့် ဖျားနာကုဆေးခန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရွှေပြည်သာမြို့နယ် ဖျားနာကု ဆေးခန်းတာဝန်ခံ ဒေါက်တာသစ်လွင်ထံမှ သိရသည်။

**မိုးတွင်းကာလ ဆက်ဖွင့်သွားမှာပါ**

"ဖျားနာကုဆေးခန်းတွေကတော့ မိုးတွင်းအထိ ဆက်သွားမယ်။ ရာသီတုပ်ကွေးတွေကလည်းရှိနေ၊ ကိုဗစ်ကလည်း မပြတ်သေးတော့ မိုးတွင်းကာလ ဆက်ဖွင့်သွားမှာပါ။ တချို့ဆေးခန်းတွေကတော့ စာသင်ကျောင်းတွေမှာ ဖွင့်ထားတဲ့အတွက် ဇွန် ၁၅ ရက်မတိုင်ခင်ကတည်းက ပြောင်းရွှေ့ပေးပြီး အခြားနေရာတွေမှာ ဖွင့်လှစ်နေပါတယ်"ဟု ၎င်းက ပြောသည်။


စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂




### ကြေးမုံ ယနေ့ ဖတ်စရာ


COVID-19 ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး၊ တုံ့ပြန်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရသဖြင့် လုပ်ငန်းထိခိုက်မှုရှိခဲ့သော MSMEs လုပ်ငန်းများသို့ အသိပေးကြေညာချက် စာမျက်နှာ » ၆

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၁၅





ကြေးမုံ

# ဂုဏ်ယူလေးစားတန်ဖိုးထားရာတက္ကသိုလ်

ပညာရေးနယ်ပယ်၌ "ပညာပြည့်ဝ နှလုံးလှ၊ ပညာလည်းတတ် အကျင့်မြတ်" ဟူ၍ ပညာတတ်၊ ပညာသိ၊ ပညာမြတ်ဖြစ်အောင် ကျင့်ကြံအားထုတ်ကြရပါသည်။ ဘွဲ့ဒီဂရီရရှိခြင်းသည် ပညာအဆင့်သတ်မှတ်ခြင်းမျှသာဖြစ်ပြီး ဘာသာရပ်ဆိုင်ရာပညာကို သင်ကြားတတ်မြောက်ပြီး အရာရာတွင် နှံ့စပ်သိမြင် ပညာဖြင့်ဆင်ခြင်သုံးသပ်နိုင်သော အသိအမြင်များထုံမွမ်းမှသာ အတတ်ပညာရှင်၊ အသိပညာရှင် ဖြစ်နိုင်ပေသည်။

တက္ကသိုလ်ကျောင်းတော်ကြီးသည် အခြေခံပညာများ သင်ယူတတ်မြောက်ပြီး အဆင့်မြင့်ပညာများ ဆုံးခန်းတိုင်အောင် ပြီးမြောက်သွားသည့် ဘူမိနက်သန်နေရာမှန်ဖြစ်သည်။ တစ်ချိန်က တက္ကသိုလ်ကျောင်းတော်ကြီးသည် ဘာသာရပ်ဆိုင်ရာပညာများ သင်ကြားတတ်မြောက်ရေးအတွက်သာမက ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တ တည်းဟူသော ဗလငါးတန် ဖွံ့ဖြိုးရေးကို ရှေးရှုဖော်ဆောင်ပေးရာ နေရာမှန်ဖြစ်သည်။ ကိုယ်ခန္ဓာကြံ့ခိုင်ရေး၊ ဉာဏ်ပညာနှင့်တကွ အသိပညာမြင့်မားရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ကြီးပွားတိုးတက်ရေး၊ မိတ်ကောင်းဆွေကောင်း မိတ်သင်္ဂဟများရေးတို့ကို ဖြစ်ထွန်းစေခဲ့သည်။

မျက်မှောက်ကာလတွင် ဗလငါးတန်ဖွံ့ဖြိုးရေးကို အလေးထားသကဲ့သို့ အားပေးမြှင့်တင်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူများ စာတတ်ရုံ၊ စာတော်ရုံသာမပြီးသေးဘဲ ဘက်စုံထူးချွန်သောလူတော်လူကောင်းများ ဖြစ်ထွန်းရေးအတွက် အခြေခံပညာမှစ၍ အဆင့်မြင့်ပညာအထိ အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်က တက္ကသိုလ်ကျောင်းတော်ကြီးတွင် ပညာရည်နို့သောက်စို့ရာ၌ အချင်းချင်းပေါင်းသင်းဆက်ဆံရေး၊ ဆွေးနွေးတိုင်ပင်ရေး၊ နေထိုင်မှု၊ သင်ကြားမှုစည်းကမ်းလိုက်နာရေးမှအစ အားကစား၊ အနုပညာ လေ့လာလိုက်စားရေးတို့ပါမကျန် စနစ်တကျဖော်ဆောင်ပေးကာ ပညာရပ်ဆိုင်ရာတို့ကို စိတ်ဝင်တစား သင်ကြားခဲ့ကြသည်။

တက္ကသိုလ်ပညာကို ထိုသို့သင်ကြားလိုက်စားခဲ့သောကြောင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများမှာ အရေးပါအရာရောက် ခရီးပေါက်ခဲ့ကြပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ထူးချွန်ပြောင်မြောက်သော နိုင်ငံ့သားကောင်းများ အသီးသီးပေါ်ထွက်လာခဲ့သည်။ သို့သော် ပညာတတ်မြောက်ရုံ၊ ထူးချွန်ရုံမျှဖြင့် မပြီးသေးဘဲ အသိအမြင်ဉာဏ်ပညာနှင့် မှန်ကန်စွာ စဉ်းစားချင့်ချိန်ဆုံးဖြတ်နိုင်မှုအားလည်း လိုအပ်သည်ကိုတွေ့ရသည်။ ပညာအရာတွင် လေးစားလောက်ဖွယ် တတ်မြောက်ခဲ့သော်လည်း "သဒ္ဓါလွန်လျှင် ကွန့်၊ ပညာလွန်လျှင် ဆွံ့" ဆိုသကဲ့သို့ လမ်းကြောင်းမှား၊ လမ်းလွဲသွားသော ပညာတတ်များလည်း တွေ့ခဲ့ရသည်။

တက္ကသိုလ်ပညာသင်ကြားခြင်းသည် မြတ်စွာဘုရားရှင် ဟောကြားခဲ့သော မင်္ဂလသုတ်တော်နှင့်အညီ "ဗာဟုသစ္စဉ္စ၊ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော" ဟူသည့် အကြားအမြင် ဗဟုသုတရှိခြင်း၊ စက်မှုလက်မှု အတတ်ပညာတတ်မြောက်ခြင်းနှင့် ကိုယ်ကျင့်သိက္ခာ ကျင့်ဝတ်စည်းကမ်းများကို သင်ယူလိုက်နာခြင်းတို့ ပါဝင်ပါသည်။ ဗာဟုသစ္စဉ္စ အကြားအမြင်ဗဟုသုတရှိခြင်းကို ရှေးခေတ်ရန်ကုန်တက္ကသိုလ်၏ ပဲခူးဆောင်လှုပ်ရှားမှုများမှ သာဓက ထုတ်ယူနိုင်သည်။

ပဲခူးဆောင်သည် ထင်ရှားကျော်ကြားသော သမိုင်းဝင်ခေါင်းဆောင်များ ပေါ်ထွက်ရာနေရာဖြစ်သည်။ ပဲခူးဆောင် သဟာယနှင့်စာဖတ်အသင်းတွင် ကျောင်းသားများ ဗဟုသုတရရှိစေရန် ဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ပြုလုပ်ခဲ့သည်။ ကျောင်းသားများက ဦးဆောင်ဆွေးနွေးပြီး ဆရာများက ကြပ်မတ်ပေးသည်။ ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အဆို၊ အတင်၊ အချေ၊ အနိုင်၊ အရှုံး ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲများသည် တိုင်းပြည်အနာဂတ်အရေးအတွက် အထောက်အပံ့ကောင်းများဖြစ်စေခဲ့ပြီး ရန်ကုန်တက္ကသိုလ်သမိုင်းတွင် မကြုံတွေ့ဖူးသည့် လေးစားဂုဏ်ယူဖွယ် လှုပ်ရှားမှုများဖြစ်သည်။ ပဲခူးဆောင်၏ ထင်ရှားသော ကျောင်းသားခေါင်းဆောင်တစ်ဦးမှာ ကိုအောင်ဆန်းဟူသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာခဲ့သည်။

တက္ကသိုလ်ဟူသည် အဆင့်မြင့်ပညာ ဘာသာရပ်ဆိုင်ရာတို့ သင်ကြားရေးအတွက်သာမက တိုင်းပြည်နှင့်လူမျိုး၊ အများပြည်သူအကျိုးအတွက် အသိအမြင်ဗဟုသုတများ၊ ဆင်ခြင်ဉာဏ်အမြော်အမြင်များ မွေးဖွားပေးရာ ကျောင်းတော်ကြီးဖြစ်သည်ကို ရှေးအတိတ်တစ်ချိန်က ရန်ကုန်တက္ကသိုလ်ကြီးက သက်သေပြနေဆဲဖြစ်သည်။ ယနေ့အချိန်အခါသမယတွင် ရန်ကုန်တက္ကသိုလ်ကြီးသည် နှစ် ၁၀၀ ပြည့်ကာလသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကြီး၏ ကောင်းမြတ်သောဂုဏ်ပုဒ်များနှင့် စွမ်းဆောင်မှုများကို ပြန်လည်အမှတ်ရ၍ မျိုးဆက်သစ်များသို့ မျှဝေပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်၊ ရာပြည့်ကာလတွင် မျက်မှောက်ကာလ မျိုးဆက်သစ်များ ကျောင်းသား ကျောင်းသူများသည် အတိတ်အချိန်ကာလက ဂုဏ်ယူမြတ်နိုးဖွယ်ရာ၊ လေးစားတန်ဖိုးထားဖွယ်ရာ ကောင်းမြတ်သောအစဉ်အလာများကို လက်ဆင့်ကမ်းသယ်ဆောင်ပြီး အဆင့်မြင့်ပညာသင်ကြားရေးအတွက်သာမက မင်္ဂလာတရားတော်နှင့် ညီသည့် အသိအမြင်ဗဟုသုတများ၊ ကိုယ်ကျင့်သိက္ခာများ တိုးပွားအောင် ဆက်လက်ဆောင်ကြဉ်းသွားကြရမည် ဖြစ်ပါကြောင်း။ ။

## တောင်သူများအား မျိုးကောင်းမျိုးသန့်စပါးများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သမဝါယမအသင်းစု၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ရင်းတိုက်ကွင်းကျေးရွာရှိ ကောင်းသန့်အောင်မျိုးစေ့ထုတ်သမဝါယမအသင်း၏ အသင်းသားများက အသင်းပိုင်လယ်ဧက ၁၀၅ ဧကပေါ်တွင် ရတနာတိုးနှင့် ဆင်းသုခ မျိုးကောင်းမျိုးသန့်စပါးများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ မျိုးစပါး တင်းပေါင်း ၇၈၇၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများ စပါးအထွက်နှုန်း ကောင်းမွန်ရန်နှင့် ဈေးကွက်ဝယ်လိုအားအရ ပြန်လည်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် တိုက်ကြီးမြို့နယ်အတွင်းနှင့် ပြင်ပရှိတောင်သူများအား မျိုးကောင်းမျိုးသန့်စပါး တစ်တင်းလျှင် ငွေကျပ် ၉၀၀၀ နှုန်းနှင့် ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**



## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၈/၂၀၂၀
၁၃၈၂ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်)

**မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂၊ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်လှလှရီကို ယင်း၏ သဘောဆန္ဒအလျောက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မစ္စစ် အင်န် အဲလစ်ဇဘက် လုဝီမား အား မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန် သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နယ်သာလန်သံအမတ်ကြီး မစ္စတာ ဝေါ်တာရောဘတ်မာရီဂျာဂန်၏ နေရာတွင် မစ္စစ် အင်န် အဲလစ်ဇဘက် လုဝီမားအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စစ် အင်န် အဲလစ်ဇဘက် လုဝီမားအား ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် မွေးဖွားခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ၎င်းသည် University of Leiden (RUL) မှ တရုတ်ဘာသာစကားနှင့် ယဉ်ကျေးမှုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့ပြီး၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ရှန်ဟိုင်းမြို့ရှိ Fudan University ၌ စီးပွားရေးဘာသာရပ်ကိုလည်းကောင်း၊ ၁၉၈၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ Mandarin Training Institute Taipei ၌လည်းကောင်း ပညာဆည်းပူးခဲ့သည်။

၎င်းသည် ၂၀၀၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရှန်ဟိုင်းမြို့နှင့် ကွမ်ကျိုးမြို့များရှိ နယ်သာလန် ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ဆိုးလ်မြို့ရှိ နယ်သာလန်သံရုံးတွင် ရာထူးအဆင့်ဆင့်ဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၉ ခုနှစ်မှစတင်၍ နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ ရောင်းရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၀,၅၀၀ | ၇၁ | ၇၆၆,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၇၁၄ | ၂,၇၀၂,၂၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၃,၀၀၀ | ၂၃,၅၀၀ | ၅၂၄ | ၁၂,၀၅၃,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၉၀၀ | ၂,၁၇၃ | ၆,၁၉၃,၄၅၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၅,၃၁၆ | ၁၄,၃၅၃,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၅

ရန်ကုန်(ရွှေဈေး) ၁၂၁၆၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၆၅၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၀/၅၆၀ ကျပ် | ၅၆၀/၅၇၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၀/၅၅၀ ကျပ် | ၅၄၅/၅၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၈၀/၆၀၀ ကျပ် | ၆၃၅/၇၂၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၅၀/၄၉၀ ကျပ် | ၅၁၅/၅၃၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၆၀/၄၇၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၃၀/၄၄၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၁.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၈.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၅၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၅.၁၁၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၇.၅၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၄၁၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၅.၂၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၄.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၆.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၃၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**ခေတ္တ စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့်အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၁၅-၆-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၁-၆-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့် စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှု အန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသောကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဥရောပသမဂ္ဂ သံအမတ်ကြီးနှင့် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် ဇွန် ၁၅**
ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Kristian Schmidt ဦးဆောင်သောအဖွဲ့နှင့် ယနေ့နံနက်ပိုင်းတွင် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို Video Conferencing ဖြင့် ပြုလုပ်သည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

**ဖွင့်လှစ်ရန်လျာထား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အမျိုးသားပညာရေးကဏ္ဍဆိုင်ရာ ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံချက်ကို မေလတွင် ရေးဆွဲပြီးစီးခဲ့ပါကြောင်း၊အထက်တန်းကျောင်းများကို ဇူလိုင် ၂၁ ရက်တွင် ဖွင့်လှစ်ရန်လျာထားပြီး လိုအပ်ချက်များနှင့် အားနည်းချက်များအပေါ် မူတည်၍ ပြင်ဆင်ကာ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်ကျောင်းများကို တစ်ဆင့်ချင်း ဖွင့်လှစ်သွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးအသိပညာပေးသင်တန်းနှင့် Grade 4,7,10 သင်ရိုးသစ် သင်ကြားသင်ယူမှုနည်းစနစ်များအတွက် အွန်လိုင်းသင်တန်းနှင့် ငါးရက်ကြာ ကိုယ်တိုင်တက်ရောက် သင်ယူသောသင်တန်းများကို ပို့ချလျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းမှ ဆရာ ဆရာမ သုံးသောင်းငါးထောင်ကျော်အတွက် နည်းပြဆရာသင်တန်းများကို မြန်မာဒစ်ဂျစ်တယ် ပညာရေးပလက်ဖောင်း(MDEP) အစီအစဉ်ဖြင့် ပို့ချလျက်ရှိပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများကို လျော့နည်းသက်သာစေရန် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ ကြိုးပမ်းအားထုတ်မှုကို ပိုမိုသိရှိနားလည်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidt က အမှာစကား ပြောကြားသည်။

**ပညာရေးကဏ္ဍ တိုးတက်ရေး**

ဆက်လက်၍ ကိုဗစ်-၁၉ တုံ့ပြန်ရေးအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ထောက်ခံအကြံပြုချက်များအပေါ် ဆောင်ရွက်နေမှု၊ ဗဟိုချုပ်ကိုင်မှု လျှော့ချလျက် တိုင်းဒေသကြီး ပြည်နယ်များသို့ ဘတ်ဂျက်ခွဲဝေမှုများနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း-၂ (၂၀၂၁-၂၀၃၀) ရေးဆွဲမှုတို့ကို ဆွေးနွေးကြပြီး ဥရောပသမဂ္ဂ၏အကူအညီဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အစိုးရသက်တမ်း လေးနှစ်ကျော်ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံကျော် ရရှိထား

**နေပြည်တော် ဇွန် ၁၅**
အစိုးရသက်တမ်း လေးနှစ်ကျော်ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံကျော်ရရှိထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် (မေလကုန်အထိ) အစိုးရသက်တမ်း လေးနှစ်ကျော်ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၀၅ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၃၉၃ ဒသမ ၃၆၂ သန်းအထိ ရရှိထားသည်။

အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ သတ္တုတွင်းကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍ ၁၂ ခုတို့ ဖြစ်သည်။

အဆိုပါကဏ္ဍများအနက် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် အများဆုံးရင်းနှီးမြှုပ်နှံထားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံထားကာ စက်မှုကဏ္ဍတွင် တတိယအများဆုံး ရင်းနှီးမြှုပ်နှံထားသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံမှာလည်း ၅၁ နိုင်ငံရှိသည့်အနက် စင်ကာပူမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပြီး တရုတ်မှာ ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံးဖြစ်ကာ ထိုင်းမှာ ရင်းနှီးမြှုပ်နှံမှု တတိယအများဆုံးဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) အနေဖြင့်လည်း တင်ပြလာသည့် လုပ်ငန်းများအနက် လုပ်သားအခြေပြုလုပ်ငန်းများကို ဦးစားပေးခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ အစိုးရသစ်သက်တမ်း လေးနှစ်ကျော်ကာလအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုမှ ပြည်တွင်းလုပ်သား ငါးသိန်းကျော်ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

**အလုပ်အကိုင်ဖန်တီးနိုင်ခဲ့**

အဆိုပါ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်တွင်းလုပ်သားဦးရေ ၁၉၀၀၀ ကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်တွင်းလုပ်သားဦးရေ ၁၁၀၀၀၀ ကျော်၊ ၂၀၁၈ (ဧပြီမှ စက်တင်ဘာအထိ) ကြားကာလ မီနီဘတ်ဂျက်တွင် ပြည်တွင်းလုပ်သားဦးရေ ၅၃၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်တွင်းလုပ်သားဦးရေ ၁၈၀၀၀၀ ကျော်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာမှ မေအထိ)တွင် ပြည်တွင်းလုပ်သားဦးရေ ၁၆၀၀၀၀ ကျော်တို့ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

❖ ကျောဖုံးမှ

မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး ဟူသည့် ဌာန၏ရည်မှန်းချက်လေးရပ်၊ **"ပြည်သူကို ဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရားတည်ဆောက်ရေး"** ဟူသည့် ဌာန၏ မျှော်မှန်းချက်တို့နှင့်အညီ အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သော မြေယာစီမံခန့်ခွဲခြင်း၊ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်လေးမျိုး ကောက်ခံခြင်း၊ မြို့နှင့် ကျေးရွာမြေများ စနစ်တကျဖွဲ့စည်းခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ အသင်းအဖွဲ့များ ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့/တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာလုပ်ငန်းများအပြင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့ကပေးအပ်သော လုပ်ငန်းတာဝန်များ၊ အခြားဝန်ကြီးဌာနများက လွှဲပြောင်းပေးသော လုပ်ငန်းတာဝန်များကို ဦးစီးဌာန၏ ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ထုတ်ပေးနိုင်ခဲ့**

စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်သူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထားဖြစ်သည့် မြေငှားဂရန်များရရှိပြီး စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းများကို စိတ်အေးချမ်းသာစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေလွှဲကိစ္စရပ် ၁၇၅ မှုနှင့် မြေငှားဂရန် ၁၆၂၃၇ ခုတို့ကို ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် သာသနာရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးပြုနိုင်ရန် အတွက် အခွန်လွတ်သာသနာ့ဂရန် ၁၀၂ ခုနှင့် ဗဒ္ဓသိမ် ၅၂ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့် မြေခွန်၊ ယစ်မျိုးခွန်၊ တာတမံခွန်နှင့် ဓာတ်သတ္တုခွန် ဆိုသည့် အခွန်လေးမျိုးကောက်ခံရာတွင် လျာထားချက် ပြည့်မီကျော်လွန်အောင် ကောက်ခံရေးဟူသော ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ လျာထားချက်၏ ၇၁ ရာခိုင်နှုန်းကျော်ကို ကောက်ခံနိုင်ခဲ့ပါကြောင်း။

ပြည်သူကိုဗဟိုပြုပြီး ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်များတွင် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ထားရှိပြီး ဌာနပေါင်း ၂၇ ခုမှ ဝန်ဆောင်မှုအမျိုးအစားပေါင်း ၁၅၆ မျိုးကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်အတွင်း ဝန်ဆောင်မှုပေါင်း ၁၃၉၉၀၇၄ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့နယ်များနှင့် အလှမ်းကွာဝေးသည့် ကျေးရွာများသို့ ရွှေ့လျားဝန်ဆောင်မှု (Mobile Service Delivery) ဖြင့် ၁၈၆၅ ကြိမ် ကွင်းဆင်းဆောင်ရွက်ကာ ဝန်ဆောင်မှုပေါင်း ၁၉၆၁၁၅ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။


ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးတင်မြင့် ရှင်းလင်းပြောကြားစဉ်။

ထို့ပြင် နိုင်ငံအတွင်းရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် မြေသိမ်းဆည်းမှုပြဿနာများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်၍ ကော်မတီ၏ မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ချက်နှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ လက်ရှိအစိုးရကာလတွင် စိုက်ပျိုးမြေ ၃၂၉၉၅ ဒသမ ၁၄၉ ဧကနှင့် အခြားမြေ ၈၀၆၁၄ ဒသမ ၀၉၃ ဧက စုစုပေါင်း ၁၁၃၆၀၉ ဒသမ ၂၄၂ ဧကကို ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်/ မြို့ အဆင့်ဆင့်အထိ လက်လှမ်းမီသော အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူးများသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ အတွင်းရေးမှူးအဖြစ် တာဝန်ယူ၍ ပြည်သူ့အကျိုးပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပါအဝင် ကဏ္ဍစုံတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ကမ္ဘာအနှံ့ကူးစက်ပြန့်ပွားလျက်ရှိသည့် Coronavirus Disease 2019 (COVID-19) ရောဂါနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီတွင် အဖွဲ့ဝင်နှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတွင် အတွင်းရေးမှူးအဖြစ် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) လုပ်ငန်းများ၊ အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ခြင်းလုပ်ငန်းများ၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို စိစစ်လက်ခံခြင်းနှင့် သက်ဆိုင်ရာဒေသများသို့ ပို့ဆောင်ခြင်းလုပ်ငန်းများအပါအဝင် အခြားသောလုပ်ငန်းကဏ္ဍအသီးသီးတွင် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်ဆင့်ရှိအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ပြည်သူ့အကျိုး၊ နယ်မြေအကျိုးကို ရှေးရှုကာ ပေးအပ်သော လုပ်ငန်းတာဝန်များကို အခက်အခဲများကြားက ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသည် "ပြည်သူနှင့်အတူ" "Together with the people" ဟူသည့် နိုင်ငံတော်အစိုးရ၏ ဆောင်ပုဒ်နှင့်အညီ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထုကို ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်း**က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပုံမှန်လုပ်ငန်းတာဝန်များအနက် မြေယာစီမံခန့်ခွဲရေးနှင့် စပ်လျဉ်းပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးရှိမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်မှအပ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများကို **"မြေယာစီမံခန့်ခွဲမှု ဥပဒေနှင့်အညီဖြစ်စေရေး"** ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေသိမ်းခြင်း၊ မြေလွှဲပေးခြင်း၊ မြေငှားဂရန်ထုတ်ပေးခြင်း၊ သုသာန်မြေ/စားကျက်မြေ/ ကျေးရွာဘုံမြေ သတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊ မြေယာအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက အသုံးမပြုသော မြေများကို ပြန်လည်စွန့်လွှတ်အပ်နှံမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ နိုင်ငံခြားသားပိုင် မရွှေ့မပြောင်းနိုင်သော မြေယာကိစ္စရပ်များကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ယစ်မျိုးစီမံခန့်ခွဲခြင်းနှင့် ပတ်သက်ပြီး **"ယစ်မျိုးစီမံခန့်ခွဲမှု စနစ်တကျဖြစ်စေရေး"** ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယစ်မျိုးမူဝါဒများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိရာမှာ အစီရင်ခံသည့်ကာလအတွင်း တစ်နိုင်ငံလုံးတွင် ယစ်မျိုးလိုင်စင်အရေအတွက် ၄၁၁၃၁ ခုကို ခွင့်ပြုချထားပေးခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ အပြည့်အဝရရှိစေရန်၊ လိုင်စင်မဲ့ဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ စနစ်တကျအရေးယူနိုင်ရန်အတွက် ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့ (Task Force) များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဗဟိုအဆင့်များ ဖွဲ့စည်း၍ ပညာပေးဆွေးနွေးခြင်းနည်းလမ်း၊ စီမံခန့်ခွဲရေးနည်းလမ်း၊ အုပ်ချုပ်ရေးနည်းလမ်းများဖြင့် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အကောင်အထည်ဖော်လျက်ရှိ**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် **"ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်က"** ဆောင်ပုဒ်ကိုချမှတ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားအရာရှိကြီးများ၊ သက်ဆိုင်ရာ နယ်ပယ်များအလိုက် ကျွမ်းကျင်ပညာရှင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ကြိမ်ကျင်းပခဲ့ပါကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲများ၏ ဆွေးနွေးအကြံပြုချက်များ၊ ပြည်ထောင်စုဝန်ကြီး၏အကြံပေးအဖွဲ့၏ တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းလေ့လာမှုအစီရင်ခံစာပါ အကြံပြုချက်များ၊ ပြည်ပလေ့လာရေးခရီးစဉ်မှ သင်ခန်းစာများအပေါ်အခြေခံပြီး အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင်(၂၀၁၉)ကိုရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲရေး မူဘောင်သည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈ - ၂၀၃၀) ၏ မဟာဗျူဟာများနှင့် ချိတ်ဆက်ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ မဟာဗျူဟာ ရည်မှန်းချက်အနေဖြင့် **"အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူနှင့်အတူ"** ဟူသော ဆောင်ပုဒ်နှင့်အညီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စံနမူနာပြဆောင်ရွက်နိုင်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရေး၊ လုပ်ထုံးလုပ်နည်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လုပ်နည်းစနစ်ကောင်းများ တည်ဆောက်ရေးဆိုသည့် ဦးစားပေးလုပ်ငန်းစဉ်သုံးရပ်ကိုအခြေခံကာ နယ်ပယ်ခြောက်ခုနှင့် မျှော်မှန်းရလဒ် ၁၅ ခုတို့ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူနှင့်အတူ "Together with the People" ဟူသော နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ဌာနဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားအောင် ဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထုကို ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရေးဆွဲခဲ့**

ထို့နောက် သတင်းမီဒီယာများက အထွေအထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး မူဘောင်(၂၀၁၉)ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်မှု ရှိ၊ မရှိနှင့်စပ်လျဉ်း၍ မေးမြန်းရာ **ဒုတိယအမြဲတမ်းအတွင်းဝန် ဦးထက်အောင်**က အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုမူဘောင် (၂၀၁၉) ကို "ပြည်သူနှင့်အတူ"ဟူသည့် မူဝါဒနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အခြေခံထားပါကြောင်း၊ အဆိုပါမူဘောင်ကို ဗဟိုဦးစီးစနစ်နှင့် ရေးဆွဲခြင်းမဟုတ်ဘဲ ပြုပြင်ပြောင်းလဲမှုဘောင်နှင့် သက်ဆိုင်သည့် ပါဝင်ပတ်သက်သူအားလုံးပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်၍ အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ထွက်လာသည့် အကြံပြုချက်များနှင့်အညီ ရေးဆွဲခဲ့ပါကြောင်း၊ ထို့ပြင် မူဘောင်ကို MSDP နှင့် ချိတ်ဆက်ရေးဆွဲခဲ့ခြင်း ဖြစ်ကြောင်း။

မူဘောင်သည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်သုံးရပ်ကို အဓိကထားပြီး လုပ်ငန်းနယ်ပယ် ခြောက်ခုပါဝင်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခြင်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် နယ်ပယ်ကဏ္ဍ သတ်သတ်မှတ်မှတ်ရှိစေလိုသည့်အတွက် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်သဖြင့် အုပ်ချုပ်ရေးတွင် အခြေခံအဆင့်ဖြစ်သည့် ရပ်ကွက်၊ ကျေးရွာ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း အဆင့်မြှင့်တင်ရေးကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းတို့သည် ဌာနအနေဖြင့် ဆောင်ရွက်ရသည့် အပိုင်းများ ဖြစ်ပါကြောင်း။

"ပြည်သူနှင့်အတူ" ဆောင်ရွက်ရမည့် နယ်ပယ်များတွင် ပြည်သူများ၏ ပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ မြင့်တက်လာစေရန် မျှော်မှန်းရလဒ်များထားရှိ၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို အထောက်အကူဖြစ်စေရန်အတွက် ဆောင်ရွက်ခဲ့ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနရုံးများသည် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အတွင်းရေးမှူးရုံးများဖြစ်သည်နှင့်အညီ နိုင်ငံတော်၏မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခု သို့မဟုတ် မြို့နယ်တစ်ခုစီမံကိန်းကို ရှေ့ပြေးစီမံကိန်းတစ်ခုအနေဖြင့် ထည့်သွင်းရေးဆွဲခဲ့ပါကြောင်း၊ ထိုသို့ရေးဆွဲခဲ့ခြင်းမှာ ပြုပြင်ပြောင်းလဲရာတွင် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**ပြုစုဖြန့်ဝေရန်စီစဉ်**

ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလတွင် ဦးစီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် ကိစ္စရပ်များသည် ရပ်တန့်မနေပါကြောင်း၊ ဌာနမှ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပြီး ယခု ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများ လက်စွဲစာစောင်ကို ပြုစုဖြန့်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ပြည်သူ့အသံများ နားထောင်နိုင်မည့် လူထုတွေ့ဆုံပွဲများ စနစ်တကျကျင်းပနိုင်ရေးသည် အရေးကြီးသည့်အတွက် ဦးစီးဌာနအနေဖြင့် ပါဝင်သင့် ပါဝင်ထိုက်သူများ၊ CSO များ၊ မြို့နယ်လူမှုအဖွဲ့အစည်းများ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပကာ အစီအမံများကို ရေးဆွဲခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း ဝန်ထမ်းများအနေဖြင့် စစ်ဆေးကုသရေးလုပ်ငန်းများမှလွဲ၍ ကျန်ရှိသည့် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းစဉ်အားလုံးတွင် ပါဝင်ဆောင်ရွက်နေပါကြောင်း၊ ဌာန၏ လုပ်ငန်းများကို ကိုဗစ်-၁၉ နှင့်အတူ လုပ်ဆောင်၍ရသမျှ လုပ်ဆောင်သွားနိုင်ရန် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးကာ နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ကိုဗစ်-၁၉ ကာလအတွင်း ဝန်ထမ်းများကို ချေးငွေထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ရှယ်ယာများပိုင်ဆိုင်သည့် အစိုးရဝန်ထမ်းများ၊ အမှုထမ်းများအနေဖြင့် နိုင်ငံ့တာဝန်နှင့် ၎င်းတို့၏အကျိုးစီးပွား ရောထွေးမှုမရှိအောင် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ မလိုက်နာသည့်အတွက် အရေးယူခြင်းများ ရှိ၊ မရှိ၊ အခြေခံလူတန်းစားများကို ထောက်ပံ့ခဲ့မှုနှင့် ပတ်သက်သည့် စာရင်းဇယားများ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် စစ်ဆေးရန် အစီအစဉ် ရှိ၊ မရှိ၊ ရခိုင်ပြည်နယ်၌ အုပ်ချုပ်ရေးယန္တရားအပေါ် စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်နေမှု၊ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံအကြား နယ်နိမိတ်များ ပြန်လည်တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ သိမ်းဆည်းခံမြေယာများနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်နေမှုတို့ကို မေးမြန်းကြရာ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် တာဝန်ရှိသူများ**က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ **ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း**က ဝန်ကြီးဌာနရှိအဆောက်အဦဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ အရစ်ချိန်စံညွှန်းများ တစ်ပြေးညီဖြစ်ရန်၊

စာမျက်နှာ ၅ သို့ ■

■ စာမျက်နှာ ၄ မှ

လက်ရာလက်သားများ ကောင်းမွန်ရန်နှင့် အရည်အသွေးများ ကောင်းမွန်ရန်အတွက် အဆောက်အအုံဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ Building Construction Industry Development Law (BCID-Law) ကို ပြည်ထောင်စုလွှတ်တော်သို့ ရေးဆွဲတင်ပြထားပါကြောင်း၊ လွှတ်တော်က အတည်ပြုပြီးပါက BCID-Law သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံကာ စံချိန်စံညွှန်းများကို တစ်ပြေးညီ ထုတ်ပြန်သွားရန်ရှိပါကြောင်း။

**ဖြန့်ဝေသွားမည်**

အဆိုပါ BCID-Law အတည်ပြုပြီးပါက မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်းများ Myanmar National Building Code (MNBC) ကို UN-Habitat အကူအညီဖြင့် ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့က ပူးပေါင်းရေးဆွဲကာ အင်္ဂလိပ်ဘာသာနှင့် ပြုစုပြီး၍ မြန်မာဘာသာသာပြန်ဆိုနေမှုမှာ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည့်အတွက် မကြာမီ တစ်နိုင်ငံလုံးသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း။

အလားတူ BCID-Law နှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းများ လက်ကိုင်ထားရမည့် ဆောက်လုပ်ရေး၊ မီးသတ်၊ ဘေးကင်းလုံခြုံရေးများနှင့် ပတ်သက်သည့် Manual များကို ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် ရေးဆွဲထားပါကြောင်း၊ ၎င်းကိုလည်း BCID-Law ထုတ်ပြန်ပြီးပါက ညွှန်ကြားချက်အနေဖြင့် ထုတ်ပြန်ရန် အတွဲလိုက်ပြုစုထားပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ ရေရှည်တွင်အဆောက်အအုံများ အရည်အသွေး တစ်ပြေးညီဖြစ်ရန်၊ အရည်အသွေး ကောင်းမွန်ရန်နှင့် အချိန်မီပြီးစီးရန် လမ်းညွှန်ချက်များကို ဆက်လက်ထုတ်ပြန်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဆက်လက်ဆောင်ရွက်မည်**

လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့အနေဖြင့် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ထူးထူးခြားခြား တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန် - မန္တလေး အမြန်လမ်းမပေါ်တွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့သည့်အတွက် ပြီးခဲ့သည့်နှစ်များအတွင်း အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်သဖြင့် ၂၀၁၆ ခုနှစ်က တစ်နေ့လျှင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး သုံးစွဲသည့် ယာဉ်အစီးရေသည် ၃၀၀၀ ကျော်ရှိပြီး တစ်နှစ်ပတ်လုံးတွင် ယာဉ်မတော်တဆမှု ၇၀၀ ကျော်ခန့်၊ သေဆုံးမှု ၁၇၀ ကျော်ခန့် ရှိခဲ့ပါကြောင်း၊ လေးနှစ်တာကာလအတွင်း လမ်းလယ်ကျွန်းအမြင့်များကို အနိမ့်အဖြစ် ပြောင်းလဲခြင်းနှင့် လမ်းအားနည်းချက်များ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၉ ခုနှစ်တွင် တစ်နေ့လျှင် ယာဉ်အစီးရေသည် ၅၀၀၀ ကျော် တိုးတက်သုံးစွဲလာသော်လည်း တစ်နှစ်လုံးတွင် ယာဉ်မတော်တဆမှု ၅၀၀ ကျော်ခန့်နှင့် သေဆုံးမှု ၁၀၈ ဦးသာရှိပါကြောင်း၊ ယာဉ်အစီးရေ တိုးတက်သုံးစွဲခဲ့သော်လည်း ယာဉ်တိုက်မှုနှင့် သေဆုံးမှု ကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အမြန်လမ်း အဆင့်မြှင့်တင်သည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လမ်းဦးစီးဌာနအနေဖြင့် လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ပြည်သူလူထုကို တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိရေးဖြစ်စေရန်ရည်ရွယ်ကာ နိုင်ငံပိုင်တံတား ၆၂ စင်းနှင့် ဌာနမှ ကောက်ခံသော လမ်းဂိတ် ၂၄ ဂိတ် စုစုပေါင်း ၈၆ ခုတို့၏ လမ်း/တံတား အသုံးပြုခကောက်ခံနှုန်းထားများကို ၅၀ ရာခိုင်နှုန်းအထိ ဖြေလျှော့ကောက်ခံခြင်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ခြောက်လ ဖြေလျှော့ကောက်ခံသွားမည်ဖြစ်ပါကြောင်း။

**မြို့ပြဖွံ့ဖြိုးရေး**

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို အဓိကရေးဆွဲပါကြောင်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲသည့် နေရာတွင် ယခုနှစ်အတွင်း မြို့ပေါင်း ၂၁ မြို့၏ စီမံကိန်းများ ရေးဆွဲနိုင်ခဲ့သည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြို့ပြဖွံ့ဖြိုးရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်ရာများ ဖော်ဆောင်မှုအနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း အခန်းပေါင်း ၁၁၄၄ ခန်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အခန်းပေါင်း ၆၇၆ ခန်း အကောင်အထည်ဖော်တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ဝန်ထမ်းအိမ်ရာအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခန်းပေါင်း ၂၅၃၈ ခန်း တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ဝန်ထမ်းအငှားအိမ်ရာ အခန်းပေါင်း ၆၇၆ ခန်း တည်ဆောက်ပြီး ဝန်ထမ်းများကို နေရာချထားပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကိုရီးယားနိုင်ငံ Land and Housing Corporation(LH) နှင့် ပူးပေါင်းကာ Korea Myanmar Industrial Complex(KMIC) ကို ဆောင်ရွက်နေပါကြောင်း။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း မိုင်ပေါင်း ၅၅၀၀၀ ကျော်ရှိသည့်အနက် ၂၀၃၀ ပြည့်နှစ်တွင် ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းကို ရာသီမရွေးလမ်း၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ရန်အတွက် Class A-B-C ခွဲကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလ ၁၇ ရက်က နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ကျေးလက်လမ်းမိုင်ပေါင်း ၆၀၀၀ ခန့် ဖောက်လုပ်ပေးမည်ဟု ပြောကြားခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ပြောကြားမှုအပေါ် ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်လမ်း ၄၆၄ မိုင်နှင့် ဂဝံလမ်း ၁၀၆၈ မိုင် စုစုပေါင်း ၁၅၃၂ မိုင်၊ ထို့အတူ ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်း မိုင်ပေါင်း ၁၆၀၀ ဆောင်ရွက်ပေးရန် ညွှန်ကြားမှုအပေါ် လမ်းမိုင်ပေါင်း ၂၂၅၇ မိုင် ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် လျာထားချက်ထက် လမ်းမိုင် ၆၅၇ မိုင် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စတုတ္ထ (၁) နှစ်တာအတွင်း ကွန်ကရစ်တံတားအစင်း ၅၄၀၊ သစ်သားတံတား ၂၂ စင်း၊ ဘေလီကြိုးတံတား ၁၇ စင်း၊ ရေကျော်ကြိုးတံတားပေါင်း ၈၆ စင်းနှင့် Box Culvert စင်းရေ ၁၄၁၀ ကို တည်ဆောက်နိုင်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနရှိ ဦးစီးဌာန ငါးခုအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လမ်း၊ တံတားနှင့် မြို့ပြအိမ်ရာများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက နိုင်ငံတကာချေးငွေဖြင့် တည်ဆောက်မည့် ဂွ-ငါးသိုင်းချောင်း ပင်လယ်ကမ်းခြေပတ်လမ်းစီမံကိန်းနှင့်စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပုသိမ်ငရုတ်ကောင်းမှ ဂွအထိ မိုင် ၁၀၀ ရှည်သည့် ကမ်းခြေပတ်လမ်း ဆောင်ရွက်ရန်ရှိပါကြောင်း၊ အဆိုပါလမ်းပြီးစီးပါက ဟိုတယ်ဇုန်များ ထပ်မံပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ၎င်းလမ်း မိုင် ၁၀၀ ကို ၂၄ ပေ ကွန်ကရစ်လမ်း ဖောက်လုပ်မည်ဖြစ်ပြီး ယင်းလမ်းပေါ်ရှိ မြေကေ တစ်သောင်းကျော်အနက် ကမ်းခြေနှင့်နီးကပ်သောနေရာများ၌ ဟိုတယ်ဇုန်တည်ဆောက်ခွင့်ပြုမည်ဖြစ်ပြီး ကမ်းခြေနှင့် ဝေးသောနေရာများတွင် စိုက်ပျိုး မွေးမြူရေးနှင့် စက်မှုဇုန်ဧရိယာအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အပန်းဖြေမြို့များ**

ထို့ပြင် ၎င်းလမ်းမကြီးနှင့်ဆက်စပ်လျက်ရှိသည့် တောင်ကုန်းနေရာများတွင် ပင်လယ်ကို အပေါ်စီးမှ မြင်ရသည့် အပန်းဖြေမြို့များ တည်ဆောက်ရန် စီမံကိန်းရေးဆွဲထားပါကြောင်း၊ ယင်းစီမံကိန်းကို ဆောင်ရွက်ရန်အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းထားပါကြောင်း၊ လမ်းဖောက်လုပ်ပြီးစီးပါက ဇုန်အလိုက် ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက နေပြည်တော်တွင် အငြိမ်းစားဝန်ထမ်းများအတွက် အငှားအိမ်ရာများ ဆောင်ရွက်ပေးနေမှု၊ အခန်းများ ဆောက်လုပ်ပြီးစီးမှုနှင့် ငှားရမ်းမှုပုံစံ၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများကို လုဖိုးခေါင်စခန်းတွင် ယာယီနေရာချထားပေးရန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ မြစ်ကြီးနား - ဆွမ်ပရာဘွမ်လမ်း ဆောင်ရွက်နေမှုအခြေအနေ၊ ရခိုင်ပြည်နယ်တွင် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ ပုံမှန်လည်ပတ်မှုအခြေအနေ၊ ဖမ်းဆီးခံရသည့် ဆောက်လုပ်ရေးဝန်ထမ်းများ ပြန်လည်လွတ်မြောက်မှုအခြေအနေ၊ ပလက်ဝတံတားဖွင့်လှစ်မည့် အချိန်ကာလ၊ one belt, one road စီမံကိန်းတွင် ဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်နေမှု၊ တိုက်ပွဲများကြောင့် လမ်း၊ တံတားများနှင့် ဆောက်လုပ်ရေး စက်ယန္တရားများ ထိခိုက်ပျက်စီးခဲ့မှု ရှိ/မရှိ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအတွက် အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ငွေကြေးမူဝါဒ**

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးတည်ငြိမ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံ၏ စီးပွားရေးနှင့် လိုက်လျောညီထွေမှုရှိသည့် သီးသန့်ငွေကြေးပမာဏကို ရည်မှန်းသတ်မှတ်၍ ငွေကြေးမူဝါဒမူဘောင်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ငွေကြေးမူဝါဒ နည်းလမ်းများအနေဖြင့် ရည်မှန်းသတ်မှတ်ထားသည့် သီးသန့်ငွေကြေးပမာဏကို ရရှိရန် အတိုးနှုန်းမူဝါဒချမှတ်ခြင်း၊ ဘဏ်များအနေဖြင့် ဗဟိုဘဏ်တွင် ထားရှိရမည့် အနည်းဆုံး သီးသန့်ငွေ၏ လိုအပ်ချက် (Minimum Reserve Requirement) ကို သတ်မှတ်ခြင်းနှင့် ငွေရေးကြေးရေး ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်ခြင်း (Open Market Operations)စသည့် ငွေကြေးမူဝါဒနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း။

အတိုးနှုန်းမူဝါဒ (Interest Rate Policy) ချမှတ်ခြင်းကို စီးပွားရေးလုပ်ဆောင်နိုင်မှုကို မြှင့်တင်ပေးနိုင်ရန်နှင့် စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များအား လှုံ့ဆော်ပေးနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်အတွင်း ဗဟိုဘဏ်၏ အတိုးနှုန်းကို တစ်နှစ်လျှင် ၇ ဒသမ သုည ရာခိုင်နှုန်းမှ ၃ ဒသမ သုည ရာခိုင်နှုန်းအထိ လျှော့ချခဲ့ပါကြောင်း၊ အပ်ငွေများအပေါ်ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ၅ ဒသမ သုည ရာခိုင်နှုန်းအထိ လျှော့ချခဲ့ပြီး ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် အာမခံပစ္စည်းများရယူ၍ ထုတ်ချေးသည့် ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ၁၀ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ပါကြောင်း။

**ယာယီရပ်ဆိုင်း**

အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက် (Minimum Reserve Requirement) သတ်မှတ်ခြင်းအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကိုဗစ် - ၁၉ ရောဂါနှင့် ဆက်စပ်ဖြစ်ပေါ်လျက်ရှိသောလက်ရှိအခြေအနေအရ ပြည်တွင်းငွေရေးကြေးရေးကဏ္ဍတွင် လုံလောက်သည့် ငွေဖြစ်လွယ်မှုရှိနေစေရန်အတွက် မြန်မာကျပ်ငွေဖြင့် ဘဏ်များမှထားရှိရမည့် အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်ကို ၅ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ပါကြောင်း၊ ငွေရေးကြေးရေး ဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ အပ်ငွေလေလံ (Deposit Auction) နှင့် ချေးငွေလေလံ (Credit Auction) ခေါ်ယူခြင်း၊ အစိုးရငွေတိုက်လက်မှတ်များနှင့် အစိုးရငွေတိုက်စာချုပ်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်း (Treasury Bills and Treasury Bonds Auction)နှင့် ဘဏ်အချင်းချင်း ရောင်းဝယ်သည့် နိုင်ငံခြားငွေဈေးကွက် (Interbank FX Market) တွင် ဝင်ရောက် ရောင်း/ဝယ်ခြင်း (FX Intervention) တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၂ ခုနှစ် စက်တင်ဘာလမှစတင်၍ အပ်ငွေလေလံကို နှစ်ပတ်လျှင် တစ်ကြိမ် ခေါ်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ဘဏ်များ၏ ငွေကြေးလွယ်ကူမှုကို အထောက်အကူပြုစေရန် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၆ ရက်မှစတင်၍ အပ်ငွေလေလံခေါ်ယူခြင်းကို ယာယီရပ်ဆိုင်းထားပါကြောင်း။

**ပြည်ပငွေလွှဲလုပ်ငန်း**

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား တရားမဝင်ငွေလွှဲလုပ်ငန်းများ လျော့နည်းပြီး တရားဝင်ငွေလွှဲလုပ်ငန်းများ တိုးတက်လာစေရန် ရည်ရွယ်၍ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ပြည်တွင်း၌ နေထိုင်သူ နိုင်ငံခြားသားနှင့် ပြည်ပတွင်နေထိုင်သူ နိုင်ငံခြားသားများကို ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများအား ရောင်းဝယ်ခွင့်ပြုရန်ရည်ရွယ်၍ ဘဏ်များမှ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ဒစ်ဂျစ်တယ်ပုံစံတစ်မျိုးမျိုးဖြင့်ရှိနေသည့် ငွေကြေး (Digital Currency) များအား နိုင်ငံတော်အတွင်း၌ ပြည်သူများအနေဖြင့် သုံးစွဲခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းတို့ကြောင့် ပေါ်ပေါက်လာမည့် ငွေကြေးဆုံးရှုံးမှုအန္တရာယ်ကို ကာကွယ် တားဆီးနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် မေလ ၁၅ ရက်တွင် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပါကြောင်း။

ပုဂ္ဂလိကဘဏ်များနှင့် ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခြင်း အနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် အများပြည်သူများ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို လွယ်ကူစွာရရှိနိုင်စေရန် ပုဂ္ဂလိကဘဏ်များနှင့် ၎င်းတို့၏ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ ပုဂ္ဂလိကဘဏ် ၂၇ ခုနှင့် ဘဏ်ခွဲပေါင်း ၁၉၃၁ ခုအထိ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ပါကြောင်း။

**နိုင်ငံခြားဘဏ်ခွဲ**

နိုင်ငံခြားဘဏ် ဘဏ်ခွဲများ ဖွင့်လှစ်ခြင်းအနေဖြင့် မြန်မာနိုင်ငံသားများ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာသည်နှင့်အမျှ ဘဏ်လုပ်ငန်းများ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၅ ခုနှစ် ဧပြီလမှစတင်၍ နိုင်ငံခြားဘဏ် ဘဏ်ခွဲ စုစုပေါင်း ၁၃ ခုဖွင့်လှစ်၍ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်၍ ပြည်တွင်းဘဏ်များနှင့် ၃၅ ရာခိုင်နှုန်းထက်ကျော်လွန်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကို ကိစ္စရပ်တစ်ခုချင်းအလိုက် ခွင့်ပြုပေးရေးအတွက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ တတိယအကြိမ် နိုင်ငံခြားဘဏ် ရွေးချယ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလ ၉ ရက်တွင် နိုင်ငံခြားဘဏ်ခွဲ ခုနစ်ခုကို နိုင်ငံခြားဘဏ်ခွဲများ(Branches)အပြင် နိုင်ငံခြားဘဏ်များ၏ လက်အောက်ခံဘဏ်များ (Subsidiaries) အဖြစ် လုပ်ကိုင်ခွင့်ပြုခဲ့ပါကြောင်း။

ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ ဖွင့်လှစ်ခြင်းအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချေးငွေလိုအပ်နေသော လုပ်ငန်းရှင်များနှင့် အများပြည်သူသို့ တစ်ဖက်တစ်လမ်းမှ ချေးငွေပံ့ပိုးပေးနိုင်ပြီး ငွေရေးကြေးရေးတွင် အလုံးစုံပါဝင်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ (Non-Bank Financial Institutions - NBFIs) တည်ထောင်ခွင့်ပြုလျက်ရှိရာ ယခုအခါ NBFIs ၂၉ ခုကို တည်ထောင်ခွင့်ပြုခဲ့ပါကြောင်း။

**မိုဘိုင်းဘဏ်လုပ်ငန်း**

မိုဘိုင်းဘဏ်လုပ်ငန်းနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖွင့်လှစ်ခြင်းအနေဖြင့် ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းမရှိသည့် နေရာများတွင် ၎င်းကိုယ်စားလှယ် (agent) များမှတစ်ဆင့် ဘဏ်လုပ်ငန်းကို မိုဘိုင်းနည်းပညာ အသုံးပြု၍ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ ပုဂ္ဂလိကဘဏ် ၁၂ ဘဏ်ကို မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါကြောင်း၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကို ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအပြင် မိုဘိုင်းကွန်ရက်အော်ပရေတာများကပါ ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် မိုဘိုင်းကွန်ရက်အော်ပရေတာ လေးခုနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်း တစ်ခုတို့ကို ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း။

စာမျက်နှာ ၆ သို့ ■



မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စတုတ္ထ(၁)နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း ရှင်းလင်းပြောကြားစဉ်။

# COVID-19 ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး၊ တုံ့ပြန်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရသဖြင့် လုပ်ငန်းထိခိုက်မှုရှိခဲ့သော MSMEs လုပ်ငန်းများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဂျပန်နိုင်ငံမှရရှိသော ချေးငွေဖြင့် JICA SME Two Step Loan စီမံကိန်းကို ၂၀၁၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ချေးငွေစီမံကိန်းအဆင့်(၁)သည် ပြီးမြောက်ခဲ့ပြီဖြစ်ပြီး ချေးငွေစီမံကိန်းအဆင့်(၂)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ချေးငွေစီမံကိန်း အဆင့်(၂)တွင် ထုတ်ချေးရန်ကျန်သော ပမာဏမှာ ကျပ် (၆၄) ဘီလီယံခန့် ရှိပါသည်။

၂။ အဆိုပါ ကျပ် (၆၄) ဘီလီယံခန့်ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် JICA တို့ ညှိနှိုင်း၍ COVID-19 ကပ်ရောဂါကြောင့် လုပ်ငန်းထိခိုက်မှုရှိခဲ့သည့် MSMEs လုပ်ငန်းများအပေါ်တွင် အပေါင်ပစ္စည်း ပေးအပ်နိုင်မှုပေါ်မူတည်၍ တစ်နှစ်လျှင် အတိုးနှုန်း ၅.၅% မှ ၁၀% အတွင်းရှိသော ချေးငွေများကို ထုတ်ချေးမည်ဖြစ်ပါသည်။ ချေးငွေသက်တမ်းမှာ (၃)နှစ်မှ (၅)နှစ်အထိ ဖြစ်ပါသည်။ ချေးငွေသက်တမ်း (၃)နှစ်အောက်ချေးငွေတွင် ဆိုင်းငံ့ကာလ (၆)လ၊ ချေးငွေသက်တမ်း (၃)နှစ်မှ (၅)နှစ်အထိ ချေးငွေတွင် ဆိုင်းငံ့ကာလ (၁)နှစ် ရရှိနိုင်ပါသည်။ လုပ်ငန်းတစ်ခုလျှင် ချေးငွေအများဆုံး ကျပ်သန်း(၃၀၀)အထိ ရရှိနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါချေးငွေကို ရယူလိုသော MSMEs လုပ်ငန်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ သမဝါယမဘဏ်လီမိတက်၊ ရောဝတီဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

■ **စာမျက်နှာ ၅ မှ**

ဘဏ်များကြီးကြပ်စစ်ဆေးရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ ဘဏ်များသို့ သွားရောက်စစ်ဆေးခြင်း(On-site Examination and Inspection)နှင့် ဘဏ်များမှ ပေးပို့လာသော အစီရင်ခံစာ(Report)များကို စိစစ်သုံးသပ်ခြင်း (Off-site Monitoring)တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ်များကို ကြီးကြပ်စစ်ဆေးသည့်အခါ ယခင်က ဥပဒေ၊ အမိန့်၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များ လိုက်နာမှု ရှိ၊ မရှိ (Compliance-based)အခြေခံ၍ စစ်ဆေးခဲ့ပါကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍမှ ချေးငွေရယူနိုင်မည့် အခွင့်အလမ်း ပိုမိုမြင့်မားလာစေရန်၊ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ချေးငွေကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ချေးငွေရရှိနိုင်မှုအဆင့် ပို၍ကောင်းမွန်လာပြီး အဆင့်သတ်မှတ်ချက် မြင့်တက်လာစေရန် ချေးငွေသတင်း အချက်အလက်အစီရင်ခံခြင်းစနစ်ဆိုင်ရာ စည်းမျဉ်းကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ချေးငွေ သတင်းအချက်အလက်ဌာနအား တည်ထောင်ဆောင်ရွက်ခွင့်ပြုခဲ့ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများအကြား ချေးငွေရယူထားသူများ၏ ကြွေးမြီနှင့် ပေးရန် တာဝန်များကို ဖလှယ်ရယူနိုင်ပြီး Concentration Risk ကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအနေဖြင့် မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍတွင် ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို အသုံးပြု၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ မပြုလုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုဘဏ်၏ ကြပ်မတ်ကွပ်ကဲမှုအောက်ရှိ ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူများ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေးအတွက် ကြပ်မတ်ကွပ်ကဲခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ဘဏ်များအတွက် AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

**မူကြမ်းရေးဆွဲလျက်ရှိ**

ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေး တည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် လုံခြုံထိရောက်ပြီး အားလုံးပါဝင်နိုင်သည့် ငွေပေးချေမှုစနစ်တစ်ရပ် တည်ထောင်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်(World Bank-WB)၏ အကူအညီဖြင့် National Payment System Strategy(2020-2025) တစ်ရပ်ကိုချမှတ်ခဲ့ပြီး ငွေပေးချေမှုစနစ်တစ်ရပ်လုံး စနစ်တကျ တိုးတက်ဖွံ့ဖြိုးနိုင်စေရန်အတွက် လိုအပ်လျက်ရှိသည့် Legal Framework ဖြင့် နိုင်ငံတော်ငွေပေးချေမှုစနစ် ဥပဒေမူကြမ်းကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း။

**ထုတ်ဝေလျက်ရှိ**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ ထုတ်ပြန်ပေးခြင်းအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များအား အများပြည်သူသိရှိနိုင်ရေးအတွက် နှစ်စဉ် ဘဏ္ဍာရေးနှစ်ချုပ် အစီရင်ခံစာ (Annual Report)၊ သုံးလပတ် ငွေရေးကြေးရေး စာရင်းအင်း အချက်အလက်များ စာစောင်(Quarterly Financial Statistics Bulletin)နှင့် ငွေကြေးမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ချက် အစီရင်ခံစာ(Monetary Policy Report)များအား ထုတ်ဝေလျက်ရှိပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ website “www.cbm.gov.mm” တွင် ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်နှင့်အညီ ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေး၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှင်သန်သော စီးပွားရေးဖွံ့ဖြိုးမှု ရရှိစေရန် နိုင်ငံတော်အစိုးရ၏ အထွေထွေ စီးပွားရေးမူဝါဒများကို အထောက်အကူပြုရေး စသည့် ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စေရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ပြည်နယ်အချို့ရှိ လောင်းကစားရုံအချို့တွင် Digital Currency သုံးစွဲနေမှုများနှင့်စပ်လျဉ်း၍ မေးမြန်းရာ ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် အရေးယူဆောင်ရွက်နေမှုများနှင့် ကြီးကြပ်ဆောင်ရွက်နေမှုများ ရှိပါကြောင်း၊ Digital Online စနစ်ဖြင့် ငွေကြေးသုံးစွဲနေမှုများကို တွေ့ရှိပါက ယင်း Process များတွင် ပါဝင်သည့် အဖွဲ့အစည်းများနှင့် ပါဝင်သူများကို ခေါ်ယူတွေ့ဆုံမေးမြန်းခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်မှုများရှိပြီး ထောင်ဒဏ်ချမှတ်ခြင်းနှင့် ဒဏ်ကြေးငွေများ ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း ဖြေကြားသည်။

**အရေးယူ၍ရ**

အလားတူ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းက Cryptocurrency, Digital ပုံစံတစ်မျိုးမျိုးနှင့်ရှိနေသည့် Currency သည် တရားဝင်ငွေကြေးမဟုတ်ကြောင်း၊ ယင်းကို အွန်လိုင်းသို့မဟုတ် မိမိအတွက်ဖြစ်စေ၊ အများအတွက် ဝန်ဆောင်မှုပေးခြင်းဖြစ်စေ ဆောင်ရွက်ပါက ငွေကြေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့်အတွက် ဗဟိုဘဏ်အနေဖြင့် ၂၀၁၉ ခုနှစ် မေလတွင် ယင်းနှင့်သက်ဆိုင်သည့် ကြေညာချက်များကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ခဲ့ပါကြောင်း၊ ထို့ပြင် ယင်းနှင့်စပ်လျဉ်း၍ ပိုမိုစည်းနှောင်အား ရှိစေရန် အမိန့်ကြေညာစာ ထုတ်ပြန်ခဲ့ပါကြောင်း၊ အမိန့်ကြေညာစာတွင် Digital Currency နိုင်ငံခြားငွေကြေးဖြင့် အရောင်းအဝယ်လုပ်ပါက Foreign Exchange Management Law 38 နှင့် အရေးယူ၍ရသကဲ့သို့ Bitcoil သို့မဟုတ် Digital Currency များကို လုပ်ငန်းလိုင်စင်မရှိဘဲ နိုင်ငံခြားငွေ မဟုတ်ဘဲ ကျပ်ငွေဖြင့် အရောင်းအဝယ်လုပ်ပါက ငွေရေးကြေးရေးအဖွဲ့အစည်း ဥပဒေ ၁၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်သည့်အတွက် ဥပဒေပုဒ်မ ၁၇၁ နှင့် အရေးယူ၍ ရပါကြောင်း၊ ထို့ကြောင့် Digital Currency နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တိုက်ရိုက်တိုင်ကြားမှုနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ Report တို့အရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးယူဆောင်ရွက်ရာ၌ ဆက်စပ်မှုအပေါ်မူတည်ပြီး လောင်းကစား သို့မဟုတ် တခြားပုံစံတစ်မျိုးမျိုးဖြင့် ဆောင်ရွက်သည်ကို တွေ့ရှိရပါက အရေးယူ၍ ရပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ယခုအစိုးရသက်တမ်းအတွင်း ဗိုလ်ချုပ်ရုပ်ပုံပါ ငွေစက္ကူများ ထပ်မံထုတ်ဝေမည့်အစီအစဉ်၊ ဗိုလ်ချုပ်ရုပ်ပုံပါ တစ်ထောင်ကျပ်တန် ငွေစက္ကူများ ထုတ်ဝေနေသည့် အစီအစဉ်၊ ကိုဗစ်-၁၉ ကာလတွင် အမေရိကန်ဒေါ်လာဈေးနှုန်း တည်ရှိမှုအခြေအနေ၊ ကိုဗစ်-၁၉ ကြောင့် နိုင်ငံခြားဘဏ်ခွဲများ သတ်မှတ်ချိန်အတွင်း ဖွင့်လှစ်နိုင်မှု အခြေအနေ၊ ငွေကြေးခဝါချမှုကြောင့် ဗဟိုဘဏ်အနေဖြင့် အရေးယူမှုအခြေအနေ၊ Digital Currency များ တရားမဝင်သုံးစွဲမှုနှင့် ပတ်သက်၍ ကြီးကြပ်ဆောင်ရွက်မှု အခြေအနေ၊ ငွေပေးချေမှုကို QR စနစ်ဖြင့် ဖော်ဆောင်နေမှု အခြေအနေ၊ ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းဖြေလျှော့မှု အခြေအနေ၊ ပြည်တွင်း ဘဏ်အသစ်လျှောက်ထားမှုနှင့် နိုင်ငံခြားဘဏ်များ ခွင့်ပြုပေးနေမှု အခြေအနေ၊ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေဖြင့် ဖြည့်ဆည်းခြင်း ဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**ဆက်လက်ကျင်းပမည်**

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ဟန်မျိုးစိုး၊ ကေတာ**

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲနွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊
(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန် ဆောင်ရွက်ရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊
(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့် ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးမှုများ ရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူသူတောင်သူများအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ကျွဲ၊ နွားကာကွယ်ဆေးများ ထိုးနှံကြရန် တိုက်တွန်းပါသည်။**

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



# ကိုဗစ်-၁၉ နှင့် မသန်စွမ်းတို့အရေး

ဒေါက်တာခိုင်ခိုင်ဝင်း

မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်း ဆိုင်ရာတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ချို့ယွင်း အားနည်းချက်များကို ရေရှည်ခံစားနေရသည့် မသန်စွမ်းသူများသည် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး ထောက်ပံ့မှုများကို သန်စွမ်းသူများထက် ပိုမိုလိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် သတင်းအချက်အလက် ရယူသုံးစွဲခွင့်လည်း သန်စွမ်းသူများနည်းတူ ရရှိခံစားခွင့်ရှိရမည်ဖြစ်ပါသည်။ ဆိုရလျှင် သန်စွမ်းသူများ ရရှိခံစားခွင့်ရှိသည့် မွေးရာပါအခွင့်အရေးများအတိုင်း မသန်စွမ်းသူများလည်း ရရှိခံစားခွင့် ရှိရမည်ဖြစ်ပါသည်။ မသန်စွမ်းမှုသည် အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ လူမျိုး၊ ဘာသာမရွေး ဖြစ်နိုင်သည့်အတွက် နေရာတိုင်းတွင် မသန်စွမ်းသူများရှိနေပါသည်။

**တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ဖြစ်ပေါ်လျက်ရှိ**

၂၀၁၉ နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံမှ အစပျိုးဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါသည် ယနေ့အချိန်အခါတွင် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ဖြစ်ပေါ်လျက်ရှိပြီး ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများကြောင့် ကမ္ဘာ့နိုင်ငံများရှိ ပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး အထူးသဖြင့် ကုန်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းများတွင် ဆိုးရွားစွာ ထိခိုက်ခံစားနေကြရပါသည်။ နိုင်ငံအလိုက် စီးပွားပျက်ကပ်များ ဖြစ်ပေါ်လာနိုင်ပြီး အလုပ်အကိုင်ရှားပါးမှု၊ ဝင်ငွေကျဆင်းနည်းပါးလာနိုင်မှုနှင့် ဆင်းရဲမှုများ ပိုလာနိုင်သည်လည်း ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါသည် မသန်စွမ်းတို့အပေါ် မည်သို့ သက်ရောက်မှုများ ရှိလာနိုင်ပါသနည်း**

ကိုဗစ်-၁၉ သည် လူသားအားလုံးနှင့် ဆက်နွှယ်နေသည့် ကပ်ရောဂါကြီးတစ်ခု ဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် လူသားများအကြား မညီမျှမှုများ၊ ခွဲခြားမှုများ ရှိမနေစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မသန်စွမ်းသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ဖြစ်နိုင်ခြေများကြပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံ တစ်နည်းအားဖြင့် ဝင်ငွေနည်းပါးသည့်နိုင်ငံများရှိ မသန်စွမ်းသူများသည် ရောဂါကူးစက်ခံရမှု ပိုမိုဖြစ်လွယ်သည်ဟု ဆိုပါသည်။ သည့်အတွက် နိုင်ငံများအနေဖြင့် မသန်စွမ်းသူအား ပိုမိုကြည့်ရှုစောင့်ရှောက်ရန် လိုအပ်ပါသည်။ မသန်စွမ်းသူများအားလည်း လူသားများအဖြစ် ထည့်သွင်းမြင်ယောင်စဉ်းစားရင်း ၎င်းတို့အတွက် လိုအပ်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ နေထိုင်စားသောက်မှုများအတွက်၊ ထောက်ပံ့မှုများနှင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရရှိစေရေး တို့အတွက် ဆောင်ရွက်ပေးဖို့ရာ လိုအပ်ပါသည်။

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပြဋ္ဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ အခန်း (၆) အပိုဒ် ၂၆ တွင် "မသန်စွမ်းသူများသည် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်"ဟု ဖော်ပြထားသည်ဖြစ်ရာ နိုင်ငံတော်မှ ပြည်သူများ၏ ကျန်းမာရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်၊ စီမံချက်၊ လုပ်ငန်းစဉ်များတွင် မသန်စွမ်းများအား မဖြစ်မနေ ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

**လက်သင်္ကေတ ဘာသာပြန်ဆရာများထားရှိ**

ယခုကဲ့သို့ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလတွင် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိရေးသည် လွန်စွာမှပင် အရေးကြီးလှပါသည်။ သာမန်အချိန်မှာပင် မသန်စွမ်းသူများအတွက် သတင်းအချက်အလက်များရရှိရေးတွင် အတားအဆီး (Barrier) များရှိနေသည်ဖြစ်ရာ ယခု ကိုဗစ်-၁၉ နှင့်စပ်လျဉ်းပြီး သတင်းအချက်အလက်များကို လက်လှမ်းမီရရှိဖို့ရာအတွက် အထူးတလည် ဆောင်ရွက်ပေးဖို့ရာ လိုအပ်ပါသည်။ ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် သတင်းကြေညာချက်များ၊ ထုတ်ပြန်ချက်များ၊ ဆွေးနွေးမှုများအား အကြားအာရုံမသန်စွမ်းသူများ အချိန်နှင့်တစ်ပြေးညီ မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိနိုင်ဖို့ရာ Sign language Instructor လက်သင်္ကေတ ဘာသာပြန်ဆရာများထားရှိပြီး ဆောင်ရွက်ပေးဖို့ရာ လိုအပ်ပါသည်။

> **ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကာလအတွင်း စိတ်ကျန်းမာရေး နှင့် စိတ်ပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ မသန်စွမ်းသူ များအတွက် ထုတ်ပြန်ကြေညာချက်များ ထားရှိရန်လိုအပ်။ မသန်စွမ်းသူတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်း သို့မဟုတ် အသွားအလာ ကန့်သတ်စောင့်ကြည့်ခံရပါက အဆိုပါမသန်စွမ်းသူ အတွက် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာ ထောက်ပံ့ ပေးရန် အထူးတလည်လိုအပ်။**

ရပ်ကွက်အတွင်း လှည့်လည်၍ လက်ကိုင်အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေး ကြေညာမှုများသည် အကြားအာရုံမသန်စွမ်းသူများအတွက် ထိရောက်မှုမရှိသည့်အတွက် ၎င်းတို့နေထိုင်ရာအိမ်များသို့ သွားရောက်၍ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းက ပိုမိုထိရောက်သည်လည်း ဖြစ်ပါသည်။ အကြားအာရုံသန်စွမ်းသော်လည်း အမြင်အာရုံအားနည်းပြီး မသန်စွမ်းဖြစ်နေသူများအတွက်မူ အထူးပြုလုပ်ထားသည့် Braille paper (ဘရေးလ်စက္ကူ)များဖြင့် သတင်းအချက်အလက်ဖြန့်ဝေဖို့ရာ လိုအပ်ပါသည်။ ကိုဗစ်-၁၉ ကာလအတွင်း သတင်းအချက်အလက် မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ရရှိရေးသည် မသန်စွမ်းသူများအတွက် အထူးတလည် အရေးကြီးသည်လည်း ဖြစ်ပါသည်။

ကိုဗစ်-၁၉ နှင့်စပ်လျဉ်းပြီး နိုင်ငံများမှ ၎င်းတို့နိုင်ငံအတွင်းရှိ ပြည်သူများအတွက် ကူညီထောက်ပံ့ရန် စီစဉ်ထားသည့် စီမံချက်များ၊ ကျန်းမာရေးစီမံချက်များ၊ လုပ်ငန်းစဉ်များအားလုံးတွင် သန်စွမ်းသူ၊ မသန်စွမ်းသူ အားလုံး အကျုံးဝင်ပါဝင်နိုင်ရေး ထည့်သွင်းစဉ်းစားဖို့ရာ လိုအပ်ပါသည်။ ထောက်ပံ့မှုများ မှန်မှန်ကန်ကန် ထိထိရောက်ရောက်နှင့် မသန်စွမ်းသူတို့လက်ဝယ် ရောက်ရှိရေးမှာလည်း အရေးကြီးလှပါသည်။ ရုပ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများသည်လည်း အရေးကြီးသလို မသန်စွမ်းသူတစ်ဦးအတွက် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုသည်လည်း အရေးကြီးလှပါသည်။ ကိုဗစ်ကာလတွင်သာမဟုတ် ကိုဗစ်အလွန် ကာလများအတွက်လည်း ကြိုတင်စဉ်းစား အဖြေရှာထားရမည်ဖြစ်ပါသည်။

**တိုင်ပင် ဆွေးနွေးအဖြေရှာ**

ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ကာလအတွင်း စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ မသန်စွမ်းသူများအတွက် ထုတ်ပြန်ကြေညာချက်များ ထားရှိရန်လိုအပ်ပါသည်။ မသန်စွမ်းသူတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်း သို့မဟုတ် အသွားအလာ ကန့်သတ်စောင့်ကြည့်ခံရပါက အဆိုပါမသန်စွမ်းသူအတွက် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာထောက်ပံ့ပေးရန် အထူးတလည်လိုအပ်ပါသည်။ ခွဲခြားဆက်ဆံမှု မပြုမိစေရေး လွန်စွာမှ အရေးကြီးလှပါသည်။ Social Distancing အတွက် အနည်းဆုံး ခြောက်ပေအကွာမှ နေထိုင်ပြောဆိုသင့်သော်လည်း အချို့သော မသန်စွမ်းများအတွက် တစ်ဦးတည်းနေထိုင်နိုင်ရေးမှာ အခက်အခဲရှိနိုင်သည့်အတွက် အကူလူတစ်ဦးပါရှိမှသာ အဆင်ပြေနိုင်သည်ဖြစ်ရာ ၎င်းတို့အတွက် ကြိုတင်စဉ်းစားစီစဉ်ပေးဖို့ရာ လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများသည် မသန်စွမ်းသူများအရေးနှင့်စပ်လျဉ်းပြီး နိုင်ငံအတွင်းရှိ မသန်စွမ်းအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် တိုင်ပင်ဆွေးနွေးအဖြေရှာရမည်လည်း ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကာလအတွင်း ကမ္ဘာ့နိုင်ငံများရှိ မသန်စွမ်းများအတွက် ဖြည့်ဆည်းဆောင်ရွက်မှုများ ရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီကြပါ။ ဥပမာ ကိုလံဘီယာနိုင်ငံ မသန်စွမ်းကျောင်းများတွင် နေထိုင်သူ မသန်စွမ်းများအတွက်နှင့် သက်ကြီးရွယ်အိုများအတွက် စေတနာ့ဝန်ထမ်းများဖိတ်ခေါ်၍ မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းမျိုး ဆောင်ရွက်လျက်ရှိသည်ဟု သိရပါသည်။ အဓိကအားဖြင့် ၎င်းတို့အား ပစ်ပယ်မထားဘဲ သန်စွမ်းသူများနည်းတူ တစ်ပြေးညီ သဘောထား ဆက်ဆံကူညီပေးရမည်ဖြစ်ပါသည်။

**စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ မရရှိစေရေး**

မြန်မာနိုင်ငံအနေဖြင့်လည်း မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးအတွက် မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းပြီး မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ကာလအတွင်း ထိခိုက်လွယ် အုပ်စုတွင် ပါဝင်သည့် မသန်စွမ်းသူများအတွက် ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။ ကောင်းမွန်လှသည့် အစီအစဉ်၊ စီမံချက်များ ဖြစ်ပါသည်။ မသန်စွမ်းဦးရေ အချက်အလက် မှန်မှန်ကန်ကန်၊ နေထိုင်ရာနေရာများ တိတိကျကျနှင့် သတင်းအချက်အလက်များ ရရှိထားရန်လိုအပ်ပြီး အကူအညီ အထောက်အပံ့များအား မြန်ဆန်စွာရရှိရေးနှင့် မသန်စွမ်းအားလုံး အကျုံးဝင်ပါဝင်နိုင်ရေး တာဝန်ရှိသူများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ဖို့ရာလည်း အရေးကြီးပါသည်။ မသန်စွမ်းသူတစ်ဦး စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ခံရခြင်းမျိုးရှိပါက ၎င်းအတွက် သို့မဟုတ် ၎င်းတို့အတွက် (အကူတစ်ဦးပါမှ လှုပ်ရှားသွားနိုင်သူ)တို့အား ထားရှိမည့် နေရာသတ်မှတ်ခြင်း၊ ၎င်းတို့အတွက် အတားအဆီးများသော လှုပ်ရှားသွားလာရန် ခက်ခဲသည့်နေရာမဖြစ်စေရေး၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ မရရှိစေရေး စဉ်းစားစီစဉ် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့နိုင်ငံအများအပြားတွင် ဖြစ်ပေါ်လျက်ရှိပြီး လူပေါင်းများစွာ ထိခိုက်ပျက်စီးဆုံးရှုံးနေရသည့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်နိုင်ရေးအတွက် နိုင်ငံများသည် အမျိုးသားအဆင့် စီမံချက်၊ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ထိခိုက်လွယ်အုပ်စုတွင် ပါဝင်သည့် မသန်စွမ်းသူများအား ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါကြောင်းနှင့် မသန်စွမ်းသူများ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းပြီး သတင်းအချက်အလက် မြန်မြန်ဆန်ဆန်ရရှိရေး၊ အကူအညီအထောက်အပံ့များ ရရှိရေး၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများရရှိရေး၊ မသန်စွမ်းသူကိုယ်တိုင်နှင့် အတူနေမိသားစုဝင်များအား ကိုဗစ်-၁၉နှင့် စပ်လျဉ်းသည့် ကျန်းမာရေးအသိပညာများ၊ ဆောင်ရန်ရှောင်ရန်များ၊ အသိပညာပေး ဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရေးနှင့် ကိုဗစ်-၁၉ ရောဂါ မေးမှိန်ပျောက်ကွယ်သွားမည့် ကိုဗစ်အလွန်ကာလများအတွက်လည်း မသန်စွမ်းတို့အရေး ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးဖို့ရာ အရေးကြီးပါကြောင်း ရေးသားလိုက်ရပါသည်။

## မန္တလေးတိုင်းဒေသကြီး၌ သီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူများ ဝင်ငွေရရှိရေး ကူညီဆောင်ရွက်ပေး

**ရန်ကုန် ဇွန် ၁၅**

သမဝါယမကဏ္ဍအနေဖြင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ကိုဗစ်-၁၉ ကာလအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်သော အသင်းသားတောင်သူများ ဝင်ငွေရရှိရေးနှင့် ဝန်ထမ်းများ၊ အသင်းအမှုဆောင်များ၊ အသင်းဝန်ထမ်းများ၊ အသင်းသားများ သက်သာချောင်ချိရေးကို ရည်ရွယ်ပြီး ရှမ်းပြည်နယ်တောင်ကြီးနှင့် ပင်းတယမြို့နယ်တို့၏ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်များမှ မုန်လာထုပ် ၆၅၀၀ ကို တစ်ထုပ်လျှင် ငွေကျပ် ၁၁၁ ဒသမ ၅၀ နှုန်းဖြင့် ဝယ်ယူပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သာစည်၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ ကျောက်ပန်းတောင်း၊ ညောင်ဦးမြို့နယ်များရှိ အသင်းသားပြည်သူများထံသို့ လက်ဝယ်အရောက် တစ်ထုပ်လျှင် ငွေကျပ် ၁၂၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။ **ကြေးမုံ**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁၅**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၃ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၃ ရက်နေ့အထိ ပေးပို့ တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ သီလကျေးရွာနေ မြင့်ငွေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၆-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ သီလကျေးရွာနေ မြင့်ငွေ(၃၉)နှစ်၊ (ဘ)ဦးထွန်းတင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းတော်)မယ(ပ)၉၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ချိတ်သင်ကျေးရွာနေ နေမင်းစိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၆-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ချိတ်သင်ကျေးရွာနေ နေမင်းစိုး (ခ)စိုးကိုဦး(၂၅)နှစ်၊(ဘ)ဦးသန်းထွန်းအား တုံလုံကျေးရွာလမ်းခွဲ၌ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၆၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၀)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂၀)ဦး၊ မ(၄)ဦး၊ ပေါင်း(၂၄)ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ဘိန်းစာမှုန့်များနှင့်အတူဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၁-၆-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမပေါ်၌ ၎င်းရပ်ကွက်နေ ဗန်ဒိန်း(ခ) မျိုးသက်ထွန်း(၃၅)နှစ်၊ (ဘ)ဦးရဲမြင့်အားရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း)မယ(ပ)၁၁၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အလားတူ အဆိုပါနေရာ၌ပင် ပိတောက်ရွှေဝါရပ်ကွက်နေ သီဟနိုင်(ခ) နားထူး(၁၉)နှစ်၊ (ဘ) ဦးအောင်နိုင်အားရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ(ပ)၁၁၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူပေါများ လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၀)ဦးအား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၂-၆-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွားကားလမ်းပေါ်၌ သံဖြူဇရပ်မြို့နယ်၊ ကြံခိုင်ရေးရပ်ကွက်နေ ဝင်းထွန်းလှိုင်(၂၂)နှစ်၊ (ဘ) ဦးအောင်နိုင်မြင့် မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့် စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်)မယ(ပ) ၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်နေ ချမ်းမြေ့သူသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၆-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော (တောင်) ရပ်ကွက်၊ သရက်တော(၅)လမ်းနှင့် ကျွန်းရွှေဝါလမ်းထောင့်၌ ၎င်းရပ်ကွက်နေ ချမ်းမြေ့သူ(၃၅)နှစ်၊ (ဘ) ဦးမြင့်သိန်းအားရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကြည့်မြင်တိုင်) မယ(ပ) ၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်နေ ငြိမ်းချမ်းဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၆-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်နေ ငြိမ်းချမ်းဦး (ခ)ငြိမ်းချမ်း(ခ)ဖားကြီး(၃၂)နှစ်၊ (ဘ)ဦးလှဖော် ၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ)၁၀၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၁)ရပ်ကွက်နေ သူရဇော်(ခ) ဘေကုန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၆-၂၀၂၀ ရက်နေ့တွင် ခရမ်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းထိပ်၌ (၁)ရပ်ကွက်နေ သူရဇော်(ခ) ဘေကုန်း(၄၄)နှစ်၊ (ဘ)ဦးအုန်းမြင့် မောင်းနှင်လာသည့် ဆိုင်ကယ်အား စိစစ်ရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ၎င်းရပ်ကွက်၊ မင်းလမ်းရှိ ၎င်း၏ နေအိမ်ခြံပေါက်ဝ၌ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခရမ်း)မယ(ပ) ၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၂)ရပ်ကွက်နေ ဒေါ်ချိုချိုသက်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၆-၂၀၂၀ ရက်နေ့တွင် သာကေတမြို့နယ်၊ ၁၀/တောင် (၁၂) ရပ်ကွက်နေ ဒေါ်ချိုချိုသက်(၅၈)နှစ်၊ (ဘ) ဦးညို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (သာကေတ) မယ(ပ)၂၇/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၂ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်နေ အောင်ပြည့်ဖြိုးပိုင် (ခ) အာဆက်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၆-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်နေ အောင်ပြည့်ဖြိုးပိုင်(ခ) အာဆက် (၂၈)နှစ်၊ (ဘ) ဦးအောင်ဆန်းကြည်၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြောက်ဥက္ကလာပ) မယ(ပ)၃၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၃-၆-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၁၇၉) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၅၂၅)ဦး၊ မ(၂၉၆) ဦး၊ ပေါင်း(၁၈၂၁)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၉၅၃၃.၅၃၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၃၅၆၃.၉၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၃၁၈၆၈) ပြား၊ ဆေးခြောက်(၁၀၇၆၇.၉၀)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၂၉.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၆.၉၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၂၆)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

✪ ရှေ့ဖုံးမှ

ဖျားနာကုအခမဲ့ဆေးခန်းများသို့ ယခင်က တစ်နေ့လျှင် လာရောက်ပြသသူ ၃၀ နှင့် ၅၀ ကြား ရှိသော်လည်း ယခုတွင် တစ်နေ့လျှင် ၁၀ ဦးခန့်သာ လာရောက်ပြသကြောင်း သိရသည်။

"အခုနောက်ပိုင်း ကျွန်တော်တို့ဆေးခန်းမှာ လာပြတာ သွေးလွန်တုပ်ကွေးနဲ့ပတ်သက်ပြီး ကလေးနှစ်ယောက်ကို ဆေးရုံလွှဲပေးလိုက်ရတယ်။ လက်ရှိမှာ ဆေးခန်းလာပြတဲ့ ဦးရေက နည်းသွားတယ်။ အဲဒီအတွက် အချို့ဆေးခန်းတွေက ရက်လျှော့တာတွေလည်းရှိတယ်။ ရွှေပြည်သာကတော့ တစ်ပတ်လုံးဖွင့်ပေးနေပါတယ်"ဟု ဒေါက်တာသစ်လွင်က ပြောသည်။

လက်ရှိတွင် ဖြေလျှော့မှုများနှင့်အတူ လုပ်ငန်းများ ပြန်လည်လည်ပတ်မှုများရှိရာ ဖျားနာကုအခမဲ့ဆေးခန်းများတွင် လာရောက်လုပ်အားပေးကြသည့် စေတနာ့ဝန်ထမ်းအချို့အနေဖြင့် ၎င်းတို့၏လုပ်ငန်းနှင့် ပရဟိတအလုပ်ကို တွဲဖက်လုပ်ကိုင်ရသည့်အတွက် လုပ်အားပေးအင်အား နည်းသွားနိုင်သဖြင့် ရေရှည်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းမှုများရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

မရမ်းကုန်းမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်း တာဝန်ခံ ဒေါက်တာရဲလင်းစိုးက "ကျွန်တော့်ဆေးခန်းလည်း ပြန်ဖွင့်နေပါပြီ။ ဆေးခန်းပြန်ဖွင့်လိုက်လို့ ဖျားနာကုသဆေးခန်းအတွက် သီးသန့်အချိန်ပေးရတာတော့ မရှိပါဘူး။ ဖျားနာကုသဆေးခန်းက မနက်ပိုင်း၊ ကျွန်တော့်ဆေးခန်းက ညနေပိုင်းဆိုတော့ အဆင်ပြေပါတယ်။ ဒီမှာလုပ်အားပေးကြတဲ့ ဆရာဝန်တွေကလည်း ရေရှည်ထိုင်နိုင်သူတွေဖြစ်တဲ့အခါကျတော့ အခက်အခဲမရှိပါဘူး။ အားလုံးကလည်း ဝိုင်းဝန်းကူညီကြပါတယ်"ဟု ပြောသည်။

မရမ်းကုန်းမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်းကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူနာဒါန်းမှုအပိုင်းတွင်လည်း ကျန်းမာရေးသုံး ပစ္စည်းများနှင့် ဆေးဝါးများ သုံးလစာ လုံလောက်မှုရှိကြောင်း သိရသည်။

ဖျားနာကုအခမဲ့ဆေးခန်းများကို ရန်ကုန်တိုင်းဒေသကြီး တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ လှိုင်သာယာ၊ အင်းစိန်၊ အရှေ့ဒဂုံ၊ ရွှေပြည်သာ၊ တောင်ဒဂုံ၊ တောင်ဥက္ကလာ၊ ကြည့်မြင်တိုင်၊ မှော်ဘီ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကင်း၊ လှိုင်၊ သာကေတ၊ မြောက်ဥက္ကလာ၊ မရမ်းကုန်း၊ တွံတေး၊ ခရမ်း၊သန်လျင်စသည့်မြို့နယ် ၂၀ ၌ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-CFC-YN**

## ဂုတ်တွင်းလမ်း၌ တောင်ကျရေကျဆင်းမှုကြောင့် မော်တော်ယာဉ်များ ခေတ္တရပ်နားခဲ့ရ

**သီပေါ ဇွန် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ်ကြားရှိ ဂုတ်တွင်းကားလမ်း၌ ယနေ့မွန်းလွဲ ၂ နာရီခန့်က မိုးရွာသွန်းပြီး တောင်ကျရေကျဆင်းမှုကြောင့် မော်တော်ယာဉ်များ ခေတ္တရပ်နားခဲ့ရကြောင်း သိရသည်။

**ကူညီပေးလျက်ရှိ**

တောင်ကျရေများ ကျဆင်းမှုကြောင့် လမ်းချော်ခြင်း၊ လမ်းပိတ်ဆို့ခြင်းများ မဖြစ်ပေါ်ရေးအတွက် ကျောက်မဲမြို့ အမှတ် (၁၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များက ဂုတ်တွင်းကားလမ်းအတက်၊ အဆင်းမော်တော်ယာဉ်များနှင့် စက်တပ်ယာဉ်များ သတိပြုမောင်းနှင်ကြရန် နှိုးဆော်လျက်ရှိပြီး လိုအပ်သည်များ ကူညီပေးလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယခုနှစ်တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၅**

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် နှစ်စဉ် ကျင်းပလျက်ရှိသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယခုနှစ်တွင် အွန်လိုင်းစနစ်ဖြင့် အခမ်းအနား စီစဉ်ကျင်းပနိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင် အမျိုးသမီးအဖွဲ့အစည်း ၁၁ ဖွဲ့၊ UN Women ၊ UNFPA Myanmar မှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းက Video Conference ဖြင့် အကြိုညှိနှိုင်းဆွေးနွေးသည်။



**အကြိုလှုပ်ရှားမှု**

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလေ့ရှိရာ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေခြင်းကြောင့် ရောဂါပြန့်ပွားမှုကို ကြိုတင်ကာကွယ်ရန် လူစုလူဝေးဖြင့် အခမ်းအနားကျင်းပ၍ မရပါကြောင်း၊ ထို့ကြောင့် Online စနစ်ဖြင့် အခမ်းအနားကျင်းပရန် ရည်ရွယ်ထားရှိပါကြောင်း၊ ယခင်နှစ်များတွင် မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုအဖြစ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် လူစုလူဝေးပုံစံဖြင့် မဟုတ်ဘဲ သစ်ပင်စိုက်ပျိုးမှုနှင့် ကမ်ပိန်းများကို အကြိုလှုပ်ရှားမှုများအဖြစ် ဆောင်ရွက်နိုင်ရေးဆွေးနွေးပေးကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အမြဲအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(COVID-19 Economic Relief Plan –CERP)တွင် ထိခိုက်လွယ်အုပ်စုများထဲမှ ပြည်ပမှပြန်လည်ရောက်ရှိလာသော ကိုယ်ဝန်ဆောင်အမျိုးသမီးများအပါအဝင် လက်ရှိ MCCT အစီအစဉ်ဆောင်ရွက်နေသောဒေသများမှအပ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ငွေကြေးထောက်ပံ့ခြင်း၊ အမျိုးသမီးများပါဝင်သော သက်ကြီးရွယ်အိုများ၊ ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ မသန်စွမ်းသူများ၊ IDP စခန်းများနှင့် နေရပ်စွန့်ခွာသူများအား ငွေကြေးပံ့ပိုးမှုအစီအစဉ်များ ပါဝင်ကြောင်း။

အမျိုးသမီးအဖွဲ့အစည်းများအနေဖြင့် ထိုလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို Online စနစ်ဖြင့် ဆောင်ရွက်ခြင်းသည် ပုံစံသစ်ဖြစ်ပါကြောင်း၊ အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲတစ်ဦးက အမှာစကားပြောကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလကို မြန်မာအမျိုးသမီးများ ရင်ဆိုင်ကျော်လွှားနိုင်ရေး၊ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံစံသစ်ဖြင့် ဆောင်ရွက်နိုင်ရန် အတွေးသစ်၊ အမြင်သစ်များဖြင့် ပံ့ပိုးကူညီနိုင်ရေးကိစ္စများနှင့်ပတ်သက်၍ အမျိုးသမီးအဖွဲ့ အားလုံးက Online အခမ်းအနားတွင် ပါဝင်မည့် အစီအစဉ်များကို အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**အွန်လိုင်းပလက်ဖောင်း**

ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကော်မတီဝင်အမျိုးသမီးအဖွဲ့ ၁၁ ဖွဲ့၊ UN Women ၊ UNFPA Myanmar တို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် အသီးသီးဆွေးနွေးကြရာတွင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို Online အခမ်းအနားဖြင့် ကျင်းပနိုင်ရေး၊ အမျိုးသမီးများအတွက် COVID-19 ကာလနှင့် ယှဉ်တွဲ၍ အကျိုးရှိမည့် ဦးစားပေးကဏ္ဍများ ရွေးချယ်နိုင်ရေးအတွက် အကြံပြုချက်များပေးပို့နိုင်ရေး၊ အမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရေး၊ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဆောင်းပါးပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲ၊ ပဟေဠိအဖြေညှိခြင်း၊ စကားဝိုင်းဆွေးနွေးပွဲ၊ ကမ်ပိန်းပြုလုပ်ခြင်း စသည့် အစီအစဉ်များတွင် အားလုံးစုပေါင်းပါဝင်နိုင်သော အွန်လိုင်းပလက်ဖောင်းတစ်ခုကို တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရန် လိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**မကွေး ဇွန် ၁၅**

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

လွှတ်တော်အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသက်နိုင်နှင့် ဗိုလ်ကြီးဇင်မင်းထွန်းတို့က ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ကမ္ဘာ့ဘဏ်မှ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကူညီထောက်ပံ့ပေးမည့်ငွေများဖြင့် ထပ်မံဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်သွင်းခဲ့ရာ ကန့်ကွက်သူမရှိ သဘောတူသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

လွှတ်တော် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ကိုးခုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့က မေးမြန်းခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီး လေးဦးတို့က ပြန်လည် ဖြေကြားခဲ့သည်။

**ဆွေးနွေးမည်**

ဆက်လက်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာ ရန်ပုံငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့(ကိုယ်စား) စီမံကိန်း၊ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဇွန် ၁၇ ရက် လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခြင်းကိစ္စအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့(ကိုယ်စား)စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ကြောင်းနှင့် ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၁၅**

၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်တားဆီး ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီ၊ လွှမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနားစီစဉ်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီနှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး) အလံတင် အခမ်းအနားကျင်းပရေးဆပ်ကော်မတီတို့က ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

**ထုတ်ပြန်ချက်များနှင့်အညီ**

ယခုနှစ် ကျင်းပမည့် အာဇာနည်နေ့အခမ်းအနားကို ယခင်နှစ်များကဲ့သို့ဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်၊ ထုတ်ပြန်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်၊ ဓာတ်ပုံ-ဆန်းကျော်ဦး(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ဒုတိယလှိုင်း၏ အန္တရာယ်ကြီးမားမှုအပေါ် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး သတိပေးပြောကြား

**တိုကျို ဇွန် ၁၅**
ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ဒုတိယလှိုင်း၏ အန္တရာယ်ကြီးမားမှုအပေါ် သတိပေးပြောကြားခဲ့ပြီး လာမည့်ပူပြင်းသော နွေရာသီလများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု လျော့နည်းသွားမည်ဟု မျှော်လင့်မထားရန် ရှင်ဇိုအာဘေးက ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ယမန်နေ့ ညပိုင်းတွင် တိုက်ရိုက်ထုတ်လွှင့်သည့် အစီအစဉ်တစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသရှိ အလွန်ပူပြင်းသော နိုင်ငံများ၌ပင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု မြင့်တက်နေသည့်အတွက် ဂျပန်နိုင်ငံပြည်သူများအနေဖြင့် ယခုနှစ်နွေရာသီကာလတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုလျော့နည်းသွားမည်ဟု မိမိဘာသာ အားရကျေနပ်မှုမဖြစ်သင့်ကြောင်း ရှင်ဇို အာဘေးက ပြောကြားခဲ့သည်။


ဂျပန်နိုင်ငံ၏ ကျန်းမာရေးစနစ်ကို တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စမ်းသပ်မှုများကို တိုးမြှင့်လုပ်ဆောင်ခြင်း တို့ဖြင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုဆိုင်ရာ ဒုတိယလှိုင်းကို ထိန်းချုပ်ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်ချက်များကိုလည်း ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အလေးထား ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဆန့်ကျင်တိုက်ဖျက်ရေး ဆိုင်ရာဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတကာခရီးသွားလာမှု ကန့်သတ်ချက်များကိုလည်း တဖြည်းဖြည်းဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့တွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်မှုဆိုင်ရာကြိုးပမ်းမှုများကို လုပ်ဆောင်နေစဉ် ဂျပန်နိုင်ငံ၌လည်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးသုတေသနလုပ်ငန်းကို လုပ်ဆောင်နေကြောင်း ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးသုတေသနလုပ်ငန်းအောင်မြင်မှုရရှိရေးအတွက် ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ထားပြီးဖြစ်ကြောင်းလည်း ရှင်ဇိုအာဘေးက ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်





# တရုတ်နိုင်ငံ၏ မိုဘိုင်းဖုန်းတင်ပို့ရောင်းချမှုအရေအတွက် မေလအတွင်း ၃၃ ဒသမ ၇၆ သန်းရှိခဲ့

**ပေကျင်း ဇွန် ၁၅**
တရုတ်နိုင်ငံ၏ မိုဘိုင်းဖုန်းတင်ပို့ရောင်းချမှုအရေအတွက်သည် မေလအတွင်း ၃၃ ဒသမ ၇၆ သန်းရှိခဲ့ပြီး နှစ်စဉ် မိုဘိုင်းဖုန်းတင်ပို့ရောင်းချမှုအရေအတွက် ၁၁ ဒသမ ၈ သန်း ကျဆင်းလျက်ရှိကြောင်း တရုတ်နိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအကယ်ဒမီမှ အချက်အလက်များအရ သိရသည်။

5G ကွန်ရက်အသုံးပြု မိုဘိုင်းဖုန်းတင်ပို့ရောင်းချမှု အရေအတွက်သည် ပြီးခဲ့သည့်လက ၁၅ ဒသမ ၆၄ သန်း ရှိခဲ့ပြီး မိုဘိုင်းဖုန်းတင်ပို့ရောင်းချမှုစုစုပေါင်း၏ ၄၆ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်းနှင့် ဧပြီလအတွင်းက တင်ပို့ရောင်းချနိုင်ခဲ့သည့် ၃၉ ဒသမ ၃ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ကြီးမားသည့် ဈေးကွက်တစ်ခုကို ခွဲဝေယူနိုင်ခဲ့ပါကြောင်း စက်မှုနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအောက်ရှိ သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်သည့် တရုတ်နိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအကယ်ဒမီက ပြောကြားခဲ့သည်။

ဧပြီလအတွင်းက မိုဘိုင်းဖုန်းအမျိုးအစားအသစ် ၃၂ မျိုးကို ဈေးကွက်အတွင်း စတင်မိတ်ဆက်နိုင်ခဲ့ပြီး ယင်းမိုဘိုင်းဖုန်းအမျိုးအစားအသစ်များအနက် ၁၆ မျိုးမှာ 5G ကွန်ရက်အသုံးပြု မိုဘိုင်းဖုန်းအမျိုးအစားများဖြစ်ကြောင်း တရုတ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအကယ်ဒမီမှ အချက်အလက်များအရ သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



# ဝန်ထမ်းတစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် အစ္စရေး သမ္မတအိမ်တော်ကို ခေတ္တပိတ်ထားရ

**တဲလ်အဗစ် ဇွန် ၁၅**
ဝန်ထမ်းတစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရပြီးနောက် အစ္စရေးသမ္မတ ရီဗန်ရိဗ်လင်၏အိမ်တော်ကို ခေတ္တပိတ်ထားလိုက်ကြောင်း ဒေသန္တရမီဒီယာများက ဖော်ပြကြသည်။

ဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် သမ္မတအိမ်တော်ရှိ ရုံးခန်းအားလုံးကို ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သမ္မတ ရိဗ်လင်က တွစ်တာပို့စ်မှတစ်ဆင့် အတည်ပြုခဲ့သည်။ "သမ္မတရဲ့ရုံးခန်းကို သန့်ရှင်းရေးပြုလုပ်ခဲ့ပြီး သမ္မတအနေနဲ့ မနက်ဖြန်မှာ အဲဒီရုံးခန်းကနေ အလုပ်ပြန်စတင်မှာဖြစ်ပါတယ်" ဟု တွစ်တာတွင် ဖော်ပြထားသည်။ သမ္မတ ရိဗ်လင်ကို သီးသန့်ခွဲနေရန် တောင်းဆိုခဲ့ခြင်းမရှိကြောင်း အစ္စရေးတူဒေးသတင်းစာ၏ ဖော်ပြချက်အရ သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသည့် ဝန်ထမ်းမှာ အစ္စရေးသမ္မတနှင့် အနီးကပ်ဆောင်ရွက်ရသည့်ဌာနမှ မဟုတ်ကြောင်း သမ္မတအိမ်တော် ပြောရေးဆိုခွင့်ရှိသူတစ်ဦးကို ကိုးကား၍ ဒေသန္တရမီဒီယာများက ဖော်ပြခဲ့သည်။

အစ္စရေးဝန်ကြီးချုပ်ရုံး၏ ပြင်ပအစောင့်သုံးဦးတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရကြောင်း ဇွန် ၁၃ ရက်တွင် ကြေညာခဲ့သည်။ အစ္စရေးနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂၂ ဦး တွေ့ရှိခဲ့ရာ ပိုးတွေ့လူနာစုစုပေါင်း ၁၉၀၀၈ ဦးနှင့် သေဆုံးသူ ၃၀၀ အထိ ရှိလာခဲ့ပြီဖြစ်သည်။

ကိုးကား-ယာနီ ဆာဖတ်ခ်
ဘာသာပြန်-ကျော်ထိုက်စိုး

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၀၂ ဦး စမ်းသပ်တွေ့ရှိပြီး ၃၂၅ ဦးသေဆုံး




**နယူးဒေလီ ဇွန် ၁၅**
အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၀၂ ဦး တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူ ၃၃၃၀၇၅ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၃၂၅ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် သေဆုံးသူ စုစုပေါင်း ၉၅၂၀ ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာမှုနှုန်းမှာ ၅၁ ဒသမ ၀၇ ရာခိုင်နှုန်းရှိလာကြောင်း၊ လက်ရှိအချိန်၌ အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၆၉၇၉၈ ဦးသည် ရောဂါ ကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကာ ကျန် ၁၅၃၁၀၆ ဦးသည် ဆေးဘက်ဆိုင်ရာစောင့်ကြည့်မှုကို ခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်မှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ တစ်ရက်အတွင်း ၁၁၅၅၁၉ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးခဲ့ပြီး နိုင်ငံအတွင်း ရောဂါကူးစက်မှုဖြစ်ပွားချိန်ကတည်းက ပြည်သူ ၅ ဒသမ ၇ သန်းတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယတစ်နိုင်ငံလုံးရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၀၇၉၅၈ ဦးသည် မဟာရာ့ရှ်ထရာပြည်နယ်မှဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းအများဆုံးဖြစ်ကာ တမီးလ်နာဒူး၊ ဒေလီဒေသနှင့် ဂူဂျာရတ်ပြည်နယ်တို့သည်လည်း ကူးစက်မှုအများအပြားရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးနှင့် ရုရှားနိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု စတုတ္ထအများဆုံးနိုင်ငံဖြစ်လာခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်- ဂျေတီ

# လာအိုနိုင်ငံတစ်ဝန်းတွင် သံသယလူနာများအား ကိုရိုနာဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ သီးခြားစောင့်ကြည့်

**ဗီယန်ကျင်း ဇွန် ၁၅**
လာအိုနိုင်ငံတစ်ဝန်းတွင် လူပေါင်း ၃၄၄၉ဦးအား ကိုရိုနာဗိုင်းရပ်စ်ပိုးရှိ၊ မရှိ သီးခြားစောင့်ကြည့်နေကြောင်း လာအိုနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမျိုးသားလုပ်ငန်းကော်မတီက ယနေ့ ကြေညာခဲ့သည်။

**ပြောကြား**

နိုင်ငံတစ်ဝန်းရှိ သီးခြားစောင့်ကြည့်ရေးစင်တာ ၉၄ ခုတွင် လူပေါင်း ၃၄၄၉ ဦးအား သီးခြားစောင့်ကြည့်နေကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါထိန်းချုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် လက်ဆမီ ဗွန်ခန်ဆိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှု ထိန်းချုပ်ရေးအတွက် နိုင်ငံတွင်းသို့ဝင်ရောက်လာသူများအား စောင့်ကြည့်ခြင်းနှင့် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာန သတင်းအချက်အလက်နှင့် ကျန်းမာရေးပညာဆိုင်ရာစင်တာမှ ပြောကြားခဲ့သည်။

ယမန်နေ့တွင် နိုင်ငံတွင်းသို့ အပြည်ပြည်ဆိုင်ရာ နယ်စပ်စစ်ဆေးရေးစခန်းမျာမှတစ်ဆင့် ခရီးသည်ပေါင်း ၁၂၈၄ ဦးဝင်ရောက်လာခဲ့ရာ၌ ထိုခရီးသည်များတွင် ဖျားနာသည့် လက္ခဏာမရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံအတွင်း ပထမဆုံး ကိုရိုနာဗိုင်းရစ်ပ်လူနာအား မတ် ၂၄ ရက်တွင် တွေ့ရှိခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ





# ကွယ်လွန်သူ ဘင်္ဂလားဒေ့ရှ်ဝန်ကြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရဟုဆို

**ဒါကာ ဇွန် ၁၅**
ပြီးခဲ့သည့် ဇွန် ၁၃ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စစ်ဆေးရုံတစ်ခုတွင် ကွယ်လွန်ခဲ့သည့် ဝန်ကြီးတစ်ဦးမှာ ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက အတည်ပြုခဲ့သည်။

အသက် ၇၄ နှစ်အရွယ် ဘင်္ဂလားဒေ့ရှ် သာသနာရေးဝန်ကြီး ရှိတ်ခ်မိုဟာမက်အဗ္ဗဒူလာတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ကြောင်း ဝန်ကြီးဌာနမှ အတွင်းဝန် နူရူအစ္စလာမ်က ပြော ကြားသည်။ တရားဝင်လုပ်ရိုးလုပ်စဉ်များ ဆောင်ရွက်ပြီးနောက် ရှိတ်ခ်မိုဟာမက်၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ရန် ဂိုပါဂါနီခရိုင်ရှိ သူ၏ဇာတိကျေးရွာသို့ ပို့ဆောင်ခဲ့ကြောင်း ၎င်းက ပြောသည်။ "ဝန်ကြီး ရှိတ်ခ်မိုဟာမက်ဟာ ဒါကာဗဟိုစစ်ဆေးရုံမှာ စနေနေ့ည ၁၁ နာရီ ၄၅ မိနစ်ဝန်းကျင်မှာ ကွယ်လွန်ခဲ့တာပါ" ဟု ၎င်းက ဆိုသည်။ ရှိတ်ခ်မိုဟာမက် သေဆုံးမှုမှာ နှလုံးရောဂါကြောင့် ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်သမ္မတ အဗ္ဗဒူဟာမက်၊ ဝန်ကြီးချုပ် ရှိတ်ခ်ဟာစီနာနှင့် နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူမိုမန်တို့က ရှိတ်ခ်အဗ္ဗဒူလာသေဆုံးမှုအတွက် တုန်လှုပ်မိသည်ဟုဆိုပြီး ကျန်ရစ်သူမိသားစုဝင်များထံ ဝမ်းနည်းစကား ပြောကြားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယမန်နေ့က ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဆရာဝန်တစ်ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူဆရာဝန် ၃၄ ဦးအထိ ရှိလာခဲ့ကြောင်း ဒေသခံဆရာဝန်များအဖွဲ့က ပြောကြားသည်။ "လက်ရှိအချိန်ထိ ဆရာဝန် ၁၁၈၀ ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံခဲ့ရပြီး နောက်ထပ်ငါးဦး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ပါတယ်။" ဟု ဘင်္ဂလားဒေ့ရှ်ဆရာဝန်များ ဖောင်ဒေးရှင်းအကြီးအကဲ ဒေါက်တာ ရှာဟက်ပါဗယ်က ပြောသည်။

အစိုးရက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ဆရာဝန်များကိုသာ ကုသပေးမည့် အထူးကုဆေးရုံတစ်ခု ချက်ချင်းတည်ဆောက်ရန် ၎င်းက တိုက်တွန်းခဲ့သည်။ မတ် ၈ ရက်တွင် ကိုရိုနာဗိုင်းရပ်စ် စတင်တွေ့ရှိပြီးနောက်ပိုင်း လူဦးရေ ၁၆၅ သန်းရှိရာ လူနေထူထပ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စုစုပေါင်းကူးစက်မှု ၈၇၅၂၀ နှင့် သေဆုံးသူ ၁၁၇၁ ဦးရှိကြောင်း သိရသည်။

ကိုးကား-အနာဒိုလူ၊ ဘာသာပြန်-ကျော်ထိုက်စိုး

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ |
| --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၈၀၂၈၂၅၃ ဦး |
| သေဆုံးသူ ၄၃၆၂၇၆ ဦး |
| ပြန်လည်ကျန်းမာလာသူ ၄၁၄၈၁၂၈ ဦး |

# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၄၉ ဦး ထပ်မံတွေ့ရှိပြီး ၁၁၃ ဦးသေဆုံး

**တီဟီရန် ဇွန် ၁၅**
အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၄၉ ဦးထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၁၈၉၈၇၆ ဦးရှိလာကြောင်း အီရန်အစိုးရက ယနေ့အတည်ပြုပြောကြားသည်။

ထို့အတူ အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၁၁၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် ယနေ့အထိ သေဆုံးသူပေါင်း ၈၉၅၀ ရှိလာကြောင်း၊ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူများအနက် ၈၄၂ ဦးသည် ဆေးရုံတင်ခြင်းခံရကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး စီမာဆာဒတ်လာရီက နေ့စဉ်သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အတည်ပြုပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၅၀၅၉၀ သည် ၎င်းတို့၏ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့ပြီး ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၆၅ ဦးသည် အရေးပေါ်အခြေအနေတွင် ရှိနေကြကြောင်း ၎င်းက ထပ်မံပြောကြားသည်။



ခူဇက်စတန်၊ အနောက်အဇာဘိုင်ဂျန်၊ ဟော်ဇ်ဂန်၊ ကော်ဒက်စတန်နှင့် ဆစ္စတန်နှင့် ဘာလူချက်စတန်ပြည်နယ်များသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်မားဆုံးပြည်နယ်များဖြစ်ပြီး တီဟီရန်၊ ခိုရန်ဆန်ရာဇီနှင့် ဘူဆီဟာပြည်နယ်များသည် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတင်ခြင်းခံရသော လူနာအများဆုံး ပြည်နယ်များဖြစ်ကြောင်း သိရသည်။

အီရန်ကျန်းမာရေးတာဝန်ရှိသူက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် အစိုးရကချမှတ်ထားသော ခပ်ခွာခွာနေရေးအစီအမံများကို လိုက်နာပြီး လူစုလူဝေးကြားတွင် နှာခေါင်းစည်းများ သေသေချာချာဝတ်ဆင်ကြရန် ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။ အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတင်တွေ့ရှိခဲ့သည်။

ယခုအခါ အီရန်နိုင်ငံသည် ကမ္ဘာပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့် နိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်လာကြောင်း သိရသည်။ အီရန်နှင့် တရုတ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ အပြန်အလှန်အကူအညီပေးကြရန် အချင်းချင်း ကမ်းလှမ်းခဲ့ကြကြောင်းသိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# တောင်ကိုရီးယားတပ်မတော်က မြောက်ကိုရီးယားနိုင်ငံ၏ လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်

**ဆိုးလ် ဇွန် ၁၅**
မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံကို စစ်ရေးနည်းလမ်းဖြင့် အရေးယူမည်ဟု ခြိမ်းခြောက်ပြီးနောက် တောင်ကိုရီးယားတပ်မတော်က မြောက်ကိုရီးယားနိုင်ငံအပေါ် စောင့်ကြည့်လေ့လာမှု တိုးမြှင့်ခဲ့သော်လည်း လက်ရှိအချိန်ထိ သံသယဖြစ်စရာ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရှိခဲ့ကြောင်း သတင်းရင်းမြစ်တစ်ခုက ယနေ့ ပြောကြား လိုက်သည်။

တက်ကြွလှုပ်ရှားသူများက နယ်စပ်တစ်လျှောက် မြောက်ကိုရီးယားဆန့်ကျင်ရေး လက်ကမ်းစာစောင်များပေးပို့မှုက မြောက်ကိုရီးယားနိုင်ငံကို အမျက်ထွက်စေခဲ့ရာ စစ်ရေးနည်းလမ်းဖြင့် အရေးယူမည်ဟု ခေါင်းဆောင်ကြီး ကင်ဂျုံအန်၏ သြဇာကြီးမားသော ညီမဖြစ်သူ ကင်ယိုဂျောင်က ဇွန် ၁၃ ရက်တွင် ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ကိုရီးယားနှစ်နိုင်ငံ ရေကြောင်းနယ်စပ် သို့မဟုတ် ကိုရီးယားနှစ်နိုင်ငံကို ပိုင်းခြားထားသော စစ်မဲ့ဇုန်အနီး မြောက်ကိုရီးယားနိုင်ငံ၏ ရန်စမှုများနှင့်ပတ်သက်၍ စိုးရိမ်မှုများဖြစ်ပေါ်နေစဉ် မြောက်ကိုရီးယားနိုင်ငံ၏ မူမမှန်သောလှုပ်ရှားမှုများ မတွေ့ရှိရကြောင်း ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့က ပြောကြားသည်။

"ကျွန်တော်တို့ မြောက်ကိုရီးယားတပ်မတော်ရဲ့ လှုပ်ရှားမှုတွေကို အနီးကပ်စောင့်ကြည့်နေပြီး အသင့်ပြင်ထားပါတယ်။ ဒီနေ့အထိ မူမမှန်တဲ့ လှုပ်ရှားမှုမျိုး မတွေ့ရှိရပါဘူး" ဟု ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးကင်ဂျန်ရတ်ခ်က ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားသည်။ ရှေ့တန်းရှိ စောင့်ကြည့်ရေးစခန်းများအပြင် လေတပ်နှင့်ရေပြင်များမှ မြောက်ကိုရီးယားနိုင်ငံ၏ လှုပ်ရှားမှုများကို တောင်ကိုရီးယားတပ်မတော်က အနီးကပ်စောင့်ကြည့်နေကြောင်း သတင်းရပ်ကွက်တစ်ခုက ပြောသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုဖြစ်ပွားပြီးနောက် မြောက်ကိုရီးယားနိုင်ငံပါဝင်သော အခြေအနေအားလုံးကို တုံ့ပြန်နိုင်ရန် အသင့်အနေအထားရှိနေကြောင်း၊ အချင်းချင်း ရန်လိုသော အပြုအမူများရပ်တန့်ရန် ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံတပ်မတော်ကြား သဘောတူညီချက်ကိုလိုက်နာရန် မြောက်ကို ရီးယားနိုင်ငံကို ပန်ကြားလိုကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

ကိုးကား-ယွန်ဟပ်
ဘာသာပြန်-ကျော်ထိုက်စိုး



# ကိုရိုနာဗိုင်းရပ်စ်အပေါ် ပထမအဆင့် အောင်ပွဲတစ်ရပ်ရရှိခဲ့ကြောင်း မက်ခရွန် ပြောကြား

**ပဲရစ် ဇွန် ၁၅**
ပြင်သစ်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်အပေါ် ပထမအဆင့်အောင်ပွဲတစ်ရပ် ရရှိခဲ့ကြောင်းနှင့် နိုင်ငံ၏စီးပွားရေးကို ပြန်လည်တည်ဆောက်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က နိုင်ငံသားများအား မိန့်ခွန်း ပြောကြားခဲ့သည်။

"နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်နေတာကို အများအပြား ထိန်းချုပ်နိုင်ခဲ့ပေမယ့် ဒီကပ်ရောဂါကို တိုက်ဖျက်ရေးဆောင်ရွက်တဲ့လုပ်ငန်းဟာ မပြီးဆုံးသေးပါဘူး"ဟု မက်ခရွန်က ပြောကြားသည်။ ပဲရစ်မြို့ရှိ စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များအား ကန့်သတ်မှုများဖြေလျှော့ပြီး ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် အလုပ်အကိုင်နှင့် စက်မှုလုပ်ငန်းများဆိုင်ရာ ထိခိုက်မှုများကို ပြန်လည်ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်ခဲ့ပြီး ယင်းလုပ်ငန်းအတွက် ယူရိုငွေဘီလီယံ ၅၀၀ ကို သုံးစွဲခဲ့ကြောင်း မက်ခရွန်က ပြောကြားသည်။ အစိုးရ၏ ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်ရန်အတွက် နိုင်ငံ၏စီးပွားရေးကို ပြန်လည်ခိုင်မာအောင် တည်ဆောက်သွားမည်ဟု မက်ခရွန်ကပြောကြားသည်။ စီးပွားရေးပြန်လည်တည်ဆောက်ရေး အစီအစဉ်ကို ဇူလိုင်လတွင် ပြန်လည်စတင်မည်ဟု မက်ခရွန်ကပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း တူနီးရှားဝန်ကြီးချုပ် ကြေညာ

**တူနီးစ် ဇွန် ၁၅**
တူနီးရှားနိုင်ငံသည် နိုင်ငံသူနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ နှိမ်နင်းရေးတိုက်ပွဲကို အောင်မြင်သွားပြီဖြစ်ကြောင်း တူနီးရှားဝန်ကြီးချုပ် အယ်လီးစ်ဖဲ့ခ်ဖဲ့ခ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဒေသဆိုင်ရာရုပ်သံလိုင်းတစ်ခုမှ ထုတ်လွှင့်ထားသည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အယ်လီးစ်ဖဲ့ခ်ဖဲ့ခ်က ကိုဗစ်-၁၉ ရောဂါ နှိမ်နင်းရေးဆိုင်ရာ ရလဒ်အပေါ် ဂုဏ်ယူကြရန် တူနီးရှားပြည်သူများအား တိုက်တွန်းလိုက်ကြောင်း သိရသည်။

"ကိုဗစ်-၁၉ ရောဂါ နှိမ်နင်းရေးအတွက် ကြိုးပမ်းအားထုတ်မှုတွေ လုပ်ဆောင်ခဲ့ပြီးမှ အောင်မြင်မှုကို ရရှိနိုင်တာပါ"ဟု တူနီးရှားဝန်ကြီးချုပ်က တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားသည်။ "တူနီးရှားနိုင်ငံဟာ နိုင်ငံအတွင်း ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို အခုထိန်းချုပ်ထားပါတယ်၊ ဒါပေမယ့် အဆိုပါရောဂါကို လုံးဝအမြစ်ဖြတ် နှိမ်နင်းနိုင်ဖို့ ပြည်သူများအနေနဲ့ သတိထားဖို့ လိုအပ်ပါတယ်"ဟု ၎င်းက ထပ်မံပြောကြားသည်။

တစ်ချိန်တည်းမှာပင် ဝန်ကြီးချုပ် အယ်လီးစ်ဖဲ့ခ်ဖဲ့ခ်က တူနီးရှားအစိုးရသည် ကုန်း၊ ရေနှင့် လေ နယ်စပ်ဝင်ပေါက်များကို ဇွန် ၂၇ ရက်မှစ၍ ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ သို့သော် တူနီးရှားနိုင်ငံသို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် အစိုးရက ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းချက်များအရ ဟိုတယ်များ၌ ထိန်းသိမ်းထားမှုကို လေးစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

တူနီးရှားနိုင်ငံတွင် ဇွန် ၁၄ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ နှစ်ဦးထပ်မံ စမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၁၀၉၆ ဦး ရှိလာ ကြောင်း တူနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူနီးရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်ရောဂါ ကူးစက်မှုကို ယခုနှစ် မတ် ၂ ရက်က စတင်တွေ့ရှိခဲ့ပြီး ထိုအချိန်ကတည်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် တင်းကျပ်သော အသွားအလာကန့်သတ်မှု အစီအမံများကို ပြဋ္ဌာန်းထားသည်။

တူနီးရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု တိုက်ဖျက်ရေးအတွက် တရုတ်အစိုးရ၊ တရုတ် ဖောင်ဒေးရှင်းများနှင့် တရုတ်ကုမ္ပဏီများမှ ဆေးဘက်ဆိုင်ရာ အကူအညီများကို ခုနစ်ကြိမ် တိုင်တိုင် လက်ခံရရှိခဲ့ကြောင်း သိရသည်။



**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



# ပါကစ္စတန်၌ သဲကန္တာရကျိုင်းကောင်များ ကျရောက် ကောက်ပဲသီးနှံစိုက်ခင်းများအား စားသောက်ဖျက်ဆီး

**အစ္စလာမ္မာဘတ် ဇွန် ၁၅**
ပါကစ္စတန်နိုင်ငံတွင် သဲကန္တာရ ကျိုင်းကောင်အုပ်စုများ ကျရောက်ခဲ့ပြီး ကောက်ပဲသီးနှံများ အကြီးအကျယ် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်နေခြင်းကြောင့် ယင်းကျိုင်းကောင်များအား နှိမ်နင်းရေးအတွက် ပါကစ္စတန်အစိုးရက စစ်ဘက်မှ တပ်ဖွဲ့များကို စေလွှတ်ခဲ့ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

သဲကန္တာရကျိုင်းကောင်များသည် လွန်ခဲ့သည့်လအတွင်း စတင်၍ အဓိကအားဖြင့် ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဘာလူချီစတန် ပြည်နယ်မှ ဂျုံ၊ ဝါဂွမ်းနှင့် အခြားကောက်ပဲသီးနှံ စိုက်ကွင်းများသို့ ကျရောက်ခဲ့ကာ ကောက်ပဲသီးနှံများကို စားသောက်ဖျက်ဆီးနေခြင်းဖြစ်သည်။

ကျိုင်းကောင်များ အစုလိုက်အပြုံလိုက် ကျရောက်ခဲ့သည့် ဒေသများတွင် ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၌ မြင်ကွင်းတစ်ခုလုံးတွင် အလွန်များပြားသည့် ကျိုင်းကောင်အုပ်ကြီး ဖုံးလွှမ်းနေပြီး သီးနှံများ ရိတ်သိမ်းမှုအား အဟန့်အတားဖြစ်နေကြောင်း တွေ့ရှိရသည်။

ယခုကဲ့သို့ ကျိုင်းကောင်အုပ်စုကြီး ကျရောက်ဖျက်ဆီးမှုသည် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ပထမဦးဆုံးအကြိမ်ဖြစ်သည်။ ကျိုင်းကောင်အုပ်စုကြီး ကျရောက်ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးရမှု တန်ဖိုးသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံခန့်ရှိမည်ဟု ပါကစ္စတန်အစိုးရက ခန့်မှန်းထားသည်။

ပါကစ္စတန်နိုင်ငံတွင် သဲကန္တာရ ကျိုင်းကောင်အုပ်ကြီး ကျရောက်မှုကြောင့် ကောက်ပဲသီးနှံများ ပျက်စီးရမှုသည် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအပေါ် စိုးရိမ်ရသည့် သက်ရောက်မှုများဖြစ်ပေါ်မည်ကို အာဏာပိုင်များက စိုးရိမ်လျက်ရှိသည်။

ကျိုင်းကောင်များကျရောက်သည့်ဒေသများ၌ ပိုးသတ်ဆေးဖျန်းမှုများကို မြေပြင်နှင့် ဝေဟင်ကပါ ပြုလုပ်ခဲ့သော်လည်း ကျယ်ပြန့်လှသောဒေသများအတွင်း ကျိုင်းကောင်များ အုံနှင့် ကျင်းနှင့် ရွေ့လျားသွားလာနေခြင်းကြောင့် နှိမ်နင်းမှုများ လုပ်ဆောင်ရာတွင် အခက်အခဲများ တွေ့ကြုံနေရသည်။

ပါကစ္စတန် တောင်သူလယ်သမားများက ကျိုင်းကောင်များနှိမ်နင်းရေးကို ပိုမိုထိရောက်စွာ လုပ်ဆောင်ပေးရန် အစိုးရအား တောင်းဆိုနေကြသည်။

သဲကန္တာရ ကျိုင်းကောင်များသည် အာဖရိကတိုက် အရှေ့ပိုင်းရှိကမ်းမြောင်ဒေသအတော်များများကို ဖျက်ဆီးပစ်ခဲ့ပြီးနောက် အာရှတိုက် တောင်ပိုင်းဒေသများကို ခြိမ်းခြောက်လာခြင်း ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ဇော်ဝင်း**

# ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ပြည်ဝင်ခွင့်ပေးရေးကိစ္စ ဂျပန်နှင့် ဗီယက်နမ် ဆွေးနွေး

**တိုကျို ဇွန် ၁၅**
ဂျပန်နှင့် ဗီယက်နမ်တို့သည် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ပြည်ဝင်ခွင့်ဖြေလျှော့ရေးအတွက် နှစ်နိုင်ငံ ညှိနှိုင်းမှု၏ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း သိရသည်။

ညှိနှိုင်းမှုများပြီးဆုံးပါက ဂျပန်အနေဖြင့် ဗီယက်နမ်မှ စီးပွားရေးလုပ်ကိုင်သူများနှင့် အတတ်ပညာရှင်များအား ပြည်ဝင်ခွင့်ပြုသွားမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင်ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါမှာ ထိန်းချုပ်နိုင်သော အခြေအနေသို့ ရောက်ရှိနေသောကြောင့် ဂျပန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိနေကြကြောင်း ဂျပန်အစိုးရ၏ သတင်းအရင်းအမြစ်များမှ သိရသည်။

သတ်မှတ်ချက်အရ ဂျပန်နိုင်ငံသို့ လာရောက်မည့်သူများအနေဖြင့် နိုင်ငံမှမထွက်ခွာမီ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာစစ်ဆေးမှုကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဂျပန်နိုင်ငံသို့ ရောက်ရှိသည့်အချိန်တွင်လည်း စစ်ဆေးမှုကို ထပ်မံဆောင်ရွက်ရမည်ဖြစ်သည်။

ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဗီယက်နမ်နိုင်ငံသို့ ဇွန်လနှောင်းပိုင်းတွင် လာရောက်ခွင့်ရမည်ဖြစ်ပြီး ဗီယက်နမ်မှ စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်သူများအား ဂျပန်သို့ ပြည်ဝင်ခွင့်ပြုရေးမှာ ဆွေးနွေးဆဲပင်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**



# တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်းပေါင်း ၉၇၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ



**တာချီလိတ် ဇွန် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်းပေါင်း ၉၇၀၀၀ ကျော် တန်ဖိုးရှိစိတ်ကြွဆေးပြားများကို ယမန်နေ့ မွန်းလွဲပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု စန်းလု-ဂျောပကျေးရွာ တောလမ်းတွင် လီကျာ မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေစဉ် ၎င်းနောက်မှ မောင်းနှင်လာသော ယာဉ်မှ ယာဉ်မောင်း ကျဖူမှာ ယာဉ်အားရပ်တန့်ထားရှိပြီး ထွက်ပြေးသွားသည်။

အဆိုပါ ယာဉ်ပေါ်တွင် မနာဖူအား တွေ့ရှိပြီး ယာဉ်နောက်ခန်းမှ ငွေကျပ်သိန်းပေါင်း ၉၇၀၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွဆေးပြား ၆၅၀၂၀၀၀၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် လီကျာ၊ မနာဖူတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

လီကျာ၊ မနာဖူတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။



ဇွန် ၉ ရက်က မန္တလေးတိုင်းဒေသကြီး တောင်သာမြို့မဈေးရှေ့၌ တောင်သာမြို့မရဲစခန်းမှူး ဒုတိယရဲမှူးရန်အေးနှင့် ရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးစဉ်။

ရဲပြန်ကြား

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၅**

သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက်မှ ၁၁ ရက်အတွင်း လယ်ဝေးမြို့နယ် ပလွေးကြိုးဝိုင်း အကွက်အမှတ် (၉၇)အတွင်း တရားမဝင် သံသော၊ တောင်ပိန္နဲ၊ လယ်ဇ၊ ရုံး/ကြို့၊ ချဉ်ယုတ်၊ နဘဲခွဲသား ငါးတန်၊ ဗန်းမော်-မန္တလေး ကားလမ်းဘေးမှ ခြောက်ဘီးယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းခွဲသား ကိုးတန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် မိုးမောက်-လွယ်ဂျယ် ကားလမ်း မိုင်တိုင်အမှတ် 12KM နှင့် 13 KM ကြား၌ ယာဉ်နှစ်စီးပေါ်မှ တရားမဝင်ကျွန်း၊ ပိတောက်၊ တမလန်းခွဲသား တစ်တန်၊ ပြစ်မှုကျူးလွန်သူနှင့် ပါဂျဲရိုးယာဉ်ပေါ်မှ တရားမဝင်ပိတောက်၊တမလန်းခွဲသား သုညဒသမ ၃ တန်၊ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် (၁၆၈/၃)နှင့် (၁၆၈/၄)ကြား တန့်ယန်းလမ်းခွဲအနီး ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား နှစ်တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦး၊ လှည်းကူးမြို့နယ် စာဘူးတောင်းကျေးရွာမှ ပျဉ်းကတိုးခွဲသား ငါးတန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦး၊ ရမည်းသင်းမြို့နယ် တူးကုန်းကျေးရွာအနီး ယာဉ်ပေါ်မှ တရားမဝင် စံကားဝါခွဲသား သုံးတန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦးတို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း (နေပြည်တော်)**

# ဝမ်းတွင်းမြို့နယ်၌ မှုခင်းကာကွယ်ရေး ဆောင်ရွက်

**ဝမ်းတွင်း ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ ဝမ်းတွင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူးတင်ဝင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့က ယမန်နေ့ ည ၇ နာရီမှစ၍ မြို့ပေါ်ရပ်ကွက်များအတွင်း ခိုးမှု၊ လုယက်မှုများမဖြစ်ပေါ်စေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေးအတွက် လှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား



# ပုသိမ်ကြီးမြို့နယ်ရှိ ၁၆ မိုင်စစ်ဆေးရေးဂိတ်၌ ဒီတိုနေတာများနှင့် မူးယစ်ဆေးဝါး သယ်ဆောင်လာသူများအား ဖမ်းဆီးရမိ

**ပုသိမ်ကြီး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ၁၆ မိုင်စစ်ဆေးရေးဂိတ်၌ ဒီတိုနေတာများနှင့် မူးယစ်ဆေးဝါး သယ်ဆောင်လာသူများအား ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ပုသိမ်ကြီးမြို့နယ်ရှိ ၁၆ မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်လျက်ရှိသော ပူးပေါင်းအဖွဲ့က ယာဉ် ဝင်/ထွက်မှုများအား စစ်ဆေးဆောင်ရွက်စဉ် ဇွန် ၁၃ ရက် နံနက် ၅ နာရီခွဲခန့်တွင် ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ ထက်နိုင်ဦး မောင်းနှင်ပြီး ယာဉ်ပိုင်ရှင် ကျော်ကျော်ဌေး၊ ၎င်း၏ဇနီး အေးအေးနွယ်၊ ယာဉ်နောက်လိုက် ဇင်မင်းဦးတို့လိုက်ပါလာသည့် 'ထက်ဦး' ယာဉ်လိုင်းမှ ယာဉ်အားရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် လျှပ်စစ်စနက်တံကြိုးအချောင်း ၂၁၀၀ ပါ ပီနံအိတ် ၁၄ အိတ်(၂၉၄၀၀ )နှင့် လျှပ်စစ်ဒီတိုနေတာအချောင်း ၆၀၀၀ အားလည်းကောင်း၊ နံနက် ၈ နာရီခွဲခန့်တွင် ထွန်းမင်းလတ်မောင်းနှင်၍ ငြိမ်းချမ်းအောင် လိုက်ပါလာသည့် ယာဉ်ပေါ်မှ အရှည် ၁၃ ပေခန့်ရှိ မီးရှို့ဒီတိုနေတာအချောင်း ၉၇၀၀၊ လျှပ်စစ် ဒီတိုနေတာအချောင်း ၁၅၀၀၀၊ ယမ်းပျော့ ၄၅၀၃၀ ဂရမ်၊ ပန်းရောင်စိတ်ကြွဆေးပြား ၁၁၄ ပြားအားလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိသူများအား စစ်ဆေးမေးမြန်းချက်အရ အထက်ပါပစ္စည်းများနှင့် ပတ်သက်ဆက်နွှယ်သူဖြစ်သည့် စိုးမင်းကြည်ကို ပြည်ကြီးတံခွန်မြို့နယ် မြစ်ငယ်-ထုံးဘို လမ်းဆုံ၌ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း။

ဆက်စပ်သတင်းများအရ ပြင်ဦးလွင်-မန္တလေး ကားလမ်း ၂၂ မိုင်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက် ၁၁ နာရီခွဲခန့်တွင် စောင့်ဆိုင်းနေစဉ် ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ ဘိုဘိုနိုင် မောင်းနှင်၍ နေဝင်းထွန်းနှင့် ထွန်းထွန်းမင်းတို့လိုက်ပါလာသည့် 'ထက်ဦး' ယာဉ်လိုင်းမှ EXPRESS ယာဉ်အား စစ်ဆေးရာ ၂၁ မိုင် ၄ ဖာလုံတွင် ဒီတိုနေတာများထည့်ထားသည့် ပီနံအိတ် ၂၀ အား ချထားခဲ့ကြောင်း သိရသဖြင့် သွားရောက်ရှာဖွေရာ ၎င်းနေရာ၌ ပီနံအိတ် ၂၀ အတွင်းမှ ယမ်းပျော့ ၂၈၅ ဂရမ်ပါ အချောင်း ၃၁၄၀ နှင့် မီးရှို့ဒီတိုနေတာအချောင်း ၁၈၀ တို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

ဆက်လက်စစ်ဆေးချက်အရ ပစ္စည်းများပို့ဆောင်ရမည့် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်ရှိ ဦးဘအောင်၏ နေအိမ်အား သွားရောက်ရှာဖွေစစ်ဆေးရာ ဦးဘအောင်အား တွေ့ရှိခြင်းမရှိဘဲ ၎င်း၏သားဖြစ်သူ ရဲရင့်အောင်အား အိပ်ရာဘေးရှိ ဘီစကွတ်မုန့်ဘူးအတွင်းမှ ဆေးခြောက် ၂၅ ဂရမ်ခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အဆိုပါ မော်တော်ယာဉ်များ၊ ဒီတိုနေတာများ၊ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား မဟာအောင်မြေ မြို့နယ်ရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**



## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၅-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၅-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၇၁)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ (၃၇၀) ခု

စုစုပေါင်း (၁၁၅၃)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသသစ် မတွေ့ရှိရပါ။

၂။ (၁၅-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၂) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၈) ဦး (Case- 129, 135, 136, 158, 159, 160, 202, 218) ထပ်မံထွက်ပေါ်လာသဖြင့် စုစုပေါင်း ပိုးကင်းစင်သူ (၁၇၅) ဦးရှိပြီး ၎င်းတို့အနက် (၁၆၀) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၄-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၅-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၅) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၅-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၇၁) ခု |
| (၁၅-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၂) ခု |
| (၁၅-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၆၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၈) ဦး | (၁၇၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၅-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၁၄-၆-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၅၆၃)ခုနှင့် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ စစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၂၁၄)ခု၊ စုစုပေါင်း (၇၇၇) ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦးတွေ့ရှိရပါသည်။

၂။ (၁၅-၆-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂၆၂) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၁၄-၆-၂၀၂၀)ရက်နေ့တွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်)ဓာတ်ခွဲနမူနာ (၁၂၄၁)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၃၇၅)ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၁၄)ခု၊ စုစုပေါင်းဓာတ်ခွဲနမူနာ (၁၉၉၄)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၁၄-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၃) ခု |
| (၁၄-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး၊ ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၅-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၂၆၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၆၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၁၅-၆-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**နံနက် (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | [illegible] | [illegible] | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 262 | [illegible] | ကျား | [illegible] | မရှိ | ရှိ [illegible] | [illegible] | တွေ့ရှိ | [illegible] |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## မင်းတပ်ခရိုင်ရှိ တစ်ပိုင်တစ်နိုင်ငါးသားဖောက်စခန်း၌ ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်




**မင်းတပ် ဇွန် ၁၅**

ချင်းပြည်နယ် မင်းတပ်မြို့နယ် စီးချဲ့ရပ် ဦးလိန်ပိုင်းမောင်း၏တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်းတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၏ ကြီးကြပ်မှုဖြင့် ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်လှစ်ပို့ချခဲ့ရာ တစ်ပိုင်တစ်နိုင်ငါးကန်ပိုင်ရှင် သုံးဦးက ဆေးထိုးသားဖောက်ခြင်းကို လာရောက်လေ့လာခဲ့ပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက မျိုးငါးရွေးချယ်ခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း စသည့် လုပ်ငန်းအဆင့်ဆင့်ကို လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား ဆန်းစစ်သုံးသပ်ခြင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၅**

ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ဘက်စုံခြုံငုံဆန်းစစ်သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမမှ Video Conferencing ဖြင့် ကျင်းပ သည်။



**ရှေ့လုပ်ငန်းစဉ်များ ချမှတ်မည်**

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုနှစ် ဇန်နဝါရီလကတည်းက စတင်ဆောင်ရွက်ခဲ့သည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် အားသွန်ခွန်စိုက်ဆောင်ရွက်နေကြသည့်ဝန်ကြီးဌာနမှ အဆင့်ဆင့်သော ဝန်ထမ်းများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ဗဟိုအဆင့်မှ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများ ပြုစုဖြန့်ဝေခြင်းနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေကာ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ လူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်း၊ သတ်မှတ်နေရာ အဆောက်အအုံများတွင် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ သီးခြားထားရှိကုသမှုပေးခြင်း၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများအားလုံးကို ခြုံငုံသုံးသပ်ဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်မည်ဖြစ်သဖြင့် ယခုအစည်းအဝေးသည် ဝန်ကြီးဌာနအတွက် အလွန်အရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ရရှိသောဘဏ္ဍာငွေ၊ လူ့စွမ်းအားအရင်းအမြစ်၊ နိုင်ငံတကာတွင် ရောဂါဖြစ်ပွားပျံ့နှံ့မှုပုံစံနှင့် အတိုင်းအတာ၊ နိုင်ငံတွင်းသို့ ကုန်း၊ ရေ၊ လေ လမ်းကြောင်းများမှ မိမိနိုင်ငံသားများနှင့် ခရီးသည်များဝင်ရောက်မှု၊ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေများအပါအဝင် ပြောင်းလဲလျက်ရှိသော ကပ်ရောဂါဗေဒဆိုင်ရာ အခြေအနေအရပ်ရပ်တို့ကို လေ့လာသုံးသပ်၍ လုပ်ငန်းနည်းဗျူဟာများကိုလည်း မွမ်းမံဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအစည်းအဝေးတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြသော တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက ဖြစ်ပေါ်လျက်ရှိသော ပကတိအခြေအနေများအား နောက်ခံထား၍ အားသာချက်များ၊ အားနည်းချက်များနှင့် လိုအပ်ချက်များကို ပွင့်လင်းစွာ ဆွေးနွေးကြစေလိုပါကြောင်း၊ အဆိုပါ ဆွေးနွေးချက်နှင့် အကြံပြုချက်များအပေါ် မူတည်၍ ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်ကို ချမှတ်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် မိမိတို့မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ပြီဖြစ်သော်လည်း ပေါ့ဆ၍မရဘဲ လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် နည်းဗျူဟာများကို တစ်သမတ်တည်းမဟုတ်ဘဲ ပြောင်းလဲနေသော အခြေအနေအရပ်ရပ်နှင့်အညီ မွမ်းမံပြုပြင်သွားရမည်ဖြစ်ပါကြောင်း။

**သဘောသဘာဝပုံစံ**

ကိုဗစ်-၁၉ သည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သော ရောဂါဖြစ်သဖြင့် ရောဂါထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရသည်မှာ အခြားလမ်းကြောင်းများမှ တစ်ဆင့် ကူးစက်သောရောဂါများထက် ပိုမိုခက်ခဲပါကြောင်း၊ ကိုဗစ်-၁၉ သည် ရောဂါအသစ်လည်းဖြစ်သဖြင့် ဤရောဂါ၏ ပြောင်းလဲလာသည့် သဘောသဘာဝပုံစံကို သိရှိနိုင်ရန် သတင်းအချက်အလက် ရှာဖွေစုဆောင်းရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်မှာ ကောင်းမွန်ပါကြောင်း၊ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ တုံ့ပြန်ဆောင်ရွက်ခဲ့ပုံကို ဖြစ်စဉ်တစ်လျှောက်လုံး စနစ်တကျ မှတ်တမ်းထားရှိခြင်းသည် အရေးကြီးပါကြောင်း၊ ယခုဆောင်ရွက်လျက်ရှိသည့် နည်းဗျူဟာများ ရည်မှန်းထားသလောက် ထိရောက်မှုမရှိပါက မှတ်တမ်းများကို ပြန်လည်သုံးသပ်၍ လိုအပ်သလို ပြုပြင်အားဖြည့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်ကိုက်ချိတ်ဆက်၊ ပေါင်းစပ်၊ ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအကြား သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖလှယ်နိုင်ရန် ကိုဗစ်-၁၉ သတင်းအချက်အလက်စနစ် ကောင်းမွန်စေရေးသည် အဓိကကျပါကြောင်း၊ လက်တလောကာလ၌ ပြည်ပမှ ပြန်လာသူများတွင် ရောဂါကူးစက်ဖြစ်ပွားမှုများ တွေ့ရှိနေရသဖြင့် ပြည်ပမှ ပြန်လာသူများအား အသွားအလာကန့်သတ်ထားရှိမှုလုပ်ငန်းများကို စနစ်တကျ စည်းကမ်းများ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိတိကျကျ အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယခုအချိန်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒ ရှုထောင့်များအပြင် လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ခရီးသွားလာရေး စသည့် ရှုထောင့်များကပါ စဉ်းစားဆောင်ရွက်ရန် အရေးကြီးလာပြီဖြစ်ပါကြောင်း ပြောကြားသည်။

**ဆန်းစစ်သုံးသပ်**

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်) ဒေါက်တာထွန်းတင်နှင့် ညွှန်ကြားရေးမှူး (ဗဟိုကူးစက်) ဒေါက်တာတိုးသီရိအောင်တို့က အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ် ဝင်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ အသွားအလာကန့်သတ်ခြင်း၊ လူနာနှင့်ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်း၊ ကွင်းဆင်းအဖွဲ့များမှ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာပေး နှိုးဆော်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်နေမှုများ၊ ပြည်သူ့ကျန်းမာရေးနှင့်ရောဂါဗေဒရှုထောင့်တို့မှ အားနည်းချက်နှင့် အားသာချက် ဆန်းစစ်သုံးသပ်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း။

**ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ**

ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကုသရေး) ဒေါက်တာမိုးခိုင်က ကုသရေးဦးစီးဌာနမှ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဓာတ်ခွဲအတည်ပြုလူနာများအား သီးခြားထားရှိ ကုသမှုပေးခြင်း၊ စနစ်တကျကုသမှုလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် တိုင်းဒေသကြီး/ ပြည်နယ်များ၌ Clinical Management Committee များ ဖွဲ့စည်းဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း။

အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာငွေငွေတင်က ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနတွင်သာမက ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) တို့တွင် တိုးချဲ့ဆောင်ရွက်ခဲ့မှု၊ လက်ရှိတွင် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဓာတ်ခွဲပစ္စည်း လက်ကျန်စာရင်းကိုလည်းကောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဆွေဇင်ဝင်းက ဆေးနှင့် ဆေးပစ္စည်းများဝယ်ယူမှု၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးမှုတို့နှင့်ပတ်သက်၍ အားနည်းချက်နှင့် အားသာချက်ဆန်းစစ်သုံးသပ်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ နေရာဒေသအလိုက် ဆောင်ရွက်ခဲ့သည့်၊ ဆောင်ရွက်နေသည့်လုပ်ငန်းများမှ အားနည်းချက်နှင့် အားသာချက်ဆန်းစစ်သုံးသပ်မှုများ၊ လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပြီး အကြံပြုချက်များပေးအပ်သည်။

ထိုသို့ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်တုံ့ပြန်မှုကာလအတွင်း ဆောင်ရွက်ရမည့် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း အသိပညာပေးသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဇွန် ၁၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနသည် ကိုဗစ်-၁၉ ကာလအတွင်း ဆောင်ရွက်ရမည့် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း အသိပညာပေးသင်တန်းများကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အုန်းပင်ကျေးရွာ၌ ဖွင့်လှစ်ခဲ့ရာ သင်တန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီဝင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ရပ်ရွာလူထုများအား သင်တန်းပို့ချပေးလျက်ရှိသည်။

ယင်းအသိပညာပေးသင်တန်းများကို ယခုနှစ် မေလမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၊ သန်လျင်မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့တွင် ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီဝင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ရပ်ရွာလူထုစုစုပေါင်း ၁၉၇ ဦးတို့အား စာတွေ့၊ လက်တွေ့ပို့ချပေးခဲ့ပြီးဖြစ်ကာ အဆိုပါသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအောင်(MRCS)**

# ထားဝယ်မြို့ ကမ်းနားဈေး၌ ငါးစားသုံးရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



**ထားဝယ် ဇွန် ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးစားသုံးခြင်းသည် ကျန်းမာရေးအတွက် အကျိုးရှိကြောင်း ပြည်သူများသိရှိစေရန် ရည်ရွယ်၍ ဇွန် ၁၂ ရက် နံနက်ပိုင်းက ထားဝယ်မြို့ ကမ်းနားဈေးတွင် ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများ စားသုံးပေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

ထို့နောက် ထားဝယ်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးစန်းတင့်နှင့် ဝန်ထမ်းများက ကမ်းနားဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများနှင့် ခရီးသွားပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ဝန်ထမ်းများက ပြည်သူများ သိရှိစေရေးအတွက် ငါးစားသုံးခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများအကြောင်း၊ ငါးအာဟာရတန်ဖိုး၊ ငါး၊ ပုစွန်နှင့် ပင်လယ်စာများတွင် အဓိကပါဝင်သော အာဟာရဓာတ်များ စသည့်အကြောင်းအရာများပါဝင်သည့် မြေစိုက်ပိုစတာ စိုက်ထူပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဇွန် ၁၅ ရက်တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၂ ဦး ရှိသွားပြီ

**နေပြည်တော် ဇွန် ၁၅**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ တစ်ဦးရှိပြီး ၎င်းမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အသက် ၆၃ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၂ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၆၂ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၇၅ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၆၀ ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၅၁၄၅၁ | ၂၆၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၇၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၅၂၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၆၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၀၁ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၈ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၂ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| | စုစုပေါင်း | ၂၆၂ | ၆ |

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၅-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၂၁၆၂၈၆၄ | ၈၇၀၀၇၇ | ၁၁၇၈၆၅ |
| ဘရာဇီး | ၈၆၇၈၈၂ | ၄၅၃၅၆၈ | ၄၃၃၈၉ |
| ရုရှား | ၅၃၇၂၁၀ | ၂၈၄၅၃၉ | ၇၀၉၁ |
| အိန္ဒိယ | ၃၃၃၄၇၅ | ၁၆၉၉၈၇ | ၉၅၂၄ |
| ဗြိတိန် | ၂၉၅၈၈၉ | စိစစ်ဆဲ | ၄၁၆၉၈ |
| စပိန် | ၂၉၁၀၀၈ | စိစစ်ဆဲ | ၂၇၁၃၆ |
| အီတလီ | ၂၃၆၉၈၉ | ၁၇၆၃၇၀ | ၃၄၃၄၅ |
| ပီရူး | ၂၂၉၇၃၆ | ၁၁၅၅၇၉ | ၆၆၈၈ |
| အီရန် | ၁၈၉၈၇၆ | ၁၅၀၅၉၀ | ၈၉၅၀ |
| ဂျာမနီ | ၁၈၇၇၀၆ | ၁၇၂၆၀၀ | ၈၈၇၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၄၀၈၁၈ | ၂၉၅၈၉ | ၂၆ |
| အင်ဒိုနီးရှား | ၃၉၂၉၄ | ၁၅၁၂၃ | ၂၁၉၈ |
| ဖိလစ်ပိုင် | ၂၆၄၂၀ | ၆၅၅၂ | ၁၀၉၈ |
| မလေးရှား | ၈၄၉၄ | ၇၄၀၀ | ၁၂၀ |
| ထိုင်း | ၃၁၃၅ | ၂၉၈၇ | ၅၈ |
| ဗီယက်နမ် | ၃၃၄ | ၃၂၃ | ၀ |
| မြန်မာ | ၂၆၂ | ၁၇၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၈ | ၁၂၅ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက်တွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ မိုင်းယု(ကုန်စုံ)၊ မိုင်းယုလေး၊ နမ့်ဖက်ကာနှစ်ခြင်းအသင်းတော်နှင့် နမ့်ဖက်ကာနယ်မြေလေး စုစုပေါင်း IDP စခန်းလေးခုသို့ သွားရောက်၍ Hand Speaker လေးခုနှင့် ကိုဗစ်–၁၉ အသိပညာပေး အသံဖိုင် ထည့်သွင်းထားသော Memory Stick လေးခုတို့အား သွားရောက်ထောက်ပံ့ခဲ့သည်။

အလားတူ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ကန်စောက်ဘုန်းကြီးကျောင်း၊ တောင်မင်းဘုန်းကြီးကျောင်း၊ ဝါးတောင်တိုက်ပွဲရှောင်စခန်း၊ ညောင်ချောင်းကျေးရွာ အရှေ့ဘက်ကျေးရွာပိုင်ဘုံမြေနေရာ၊ မြို့နယ်သာသနာ့ဗိမာန်၊ ခရစ်တော်အသင်းကျောင်း၏ ကျမ်းစာကျောင်း၊ မြို့မ(အမက)စာသင်ကျောင်း၊ မဟာကံကြီးသျှင်ဘုရား၊ မြို့သစ်ရပ်ကွက် နေပူခံတိုက်ပွဲရှောင်စခန်း၊ ပြည်တော်သာရပ်ကွက်ရှိ (အထက)စာသင်ကျောင်း၊ မြို့သစ်ရပ်ကွက်ရှိ အမက(၃)စာသင်ကျောင်း၊ မြို့မရွှေကျောင်း စုစုပေါင်း ယာယီတိုက်ပွဲရှောင်နေရာ ၁၂ ခုတို့သို့ သွားရောက်၍ ဆပ်ပြာ ၁၁၃၆၈ တောင့်၊ အဝတ်နှာခေါင်းစည်း ၁၁၃၆၈ ခု၊ လက်သန့်ဆေးရည် ၄၉၈၈ ဘူး၊ Hand Speaker ၁၂ ခု၊ အပူချိန်တိုင်းကိရိယာ ၁၂ ခု၊ ကိုဗစ်–၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick ၁၂ ခုနှင့် ဗီနိုင်း ၁၂ ချပ်တို့အား သွားရောက်ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မြဝတီတံတား အမှတ် (၂) မှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၀၆ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၁၅**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၀၆ ဦးသည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်တွင် ၆၀၊ မေ ၂ ရက်က ၅၄ ဦး၊ မေ ၃ ရက်တွင် တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ မေ ၈ ရက်တွင် ၁၀၀၊ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ မေ ၁၇ ရက်တွင် ၉၀၊ မေ ၁၉ ရက်တွင် ၆၄ ဦး၊ မေ ၂၂ ရက်တွင် ၃၆ ဦး၊ မေ ၂၃ ရက်တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ မေ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ မေ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ မေ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ မေ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ မေ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ မေ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ မေ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန် ၃ ရက်တွင် ၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်တွင် ၉၉၄ ဦး၊ ဇွန် ၁၁ ရက်တွင် ၆၇၀၊ ဇွန် ၁၂ ရက်တွင် ၈၂၃ ဦး၊ ဇွန် ၁၃ ရက်တွင် ၇၇၅ ဦး၊ ဇွန် ၁၄ ရက်တွင် ၆၀၀၊ ယနေ့တွင် ၅၀၆ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၂၈၀၀၈ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှအမျိုးသား ၂၈၂ ဦး၊ အမျိုးသမီး ၂၂၄ ဦး စုစုပေါင်း ၅၀၆ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ကိုဗစ်ပြေးပြီ

ကိုဗစ်ရောဂါ ကိုရိုနာ
ကြောက်ဖို့ ကောင်းလိုက်တာ၊
ကြောက်ဖို့ကောင်းတာ ကြောက်ရင်တော့
လက်ဆေးရမှာပေါ့။
အပြင်ထွက်တော့ ဆောင်ဖို့ရာ
mask တပ်ရမှာ၊
၆ ပေအကွာ နေထိုင်တော့
စိတ်အေးရတာပေါ့။
ပေါ့ပေါ့ဆဆ မနေရာ
ကမ္ဘာ့ကပ်ရောဂါ၊
ကူးစက်ရောဂါ ပျောက်ဖို့တော့
စည်းကမ်းလိုက်နာပေါ့။
စည်းကမ်းရှိတော့ တို့ဝန်းကျင်
ရောဂါ ပိုးကင်းစင်၊
သတိနဲ့ယှဉ် နေထိုင်တော့
ကိုဗစ် ပြေးပြီပေါ့။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# ညောင်ဦးမြို့နယ်၌ အသွားအလာ ကန့်သတ်စောင့်ကြည့်ထားရှိခဲ့သည့် အခြေခံပညာစာသင်ကျောင်း ၅၅ ကျောင်း ပိုးသတ်ဆေးဖျန်းမှု ပြီးစီး

**ညောင်ဦး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ကျောင်းဖွင့်ချိန်အမီ အသွားအလာ ကန့်သတ်စောင့်ကြည့်ထားရှိခဲ့သည့် ကျောင်းများအား ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ရန် ယနေ့နံနက်ပိုင်းမှ စတင်ကာ ညောင်ဦးမြို့နယ်အတွင်းရှိ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေမီးသတ်စခန်းများရှိ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ ငါ့သရောက်မြို့နယ်မြေခံမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများအဖြစ် အသုံးပြုခဲ့ကြသော အခြေခံစာသင်ကျောင်းများအား ယနေ့ပညာရေးဌာနသို့ ပြန်လည်အပ်နှံနိုင်ရေး ညောင်ဦးမြို့နယ်အတွင်းရှိ မြို့နယ်/နယ်မြေမီးသတ်စခန်းများ၊ သန္နမီးသတ်တပ်ဖွဲ့ဝင်များသည် မိမိတို့နယ်မြေများအလိုက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖလန်ကန်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ မောင်းဂွက်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ရွာပုလဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ သနပ်ပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၊ မြေနဲကြီး ကျေးရွာအခြေခံပညာမူလတန်းကျောင်း၊ ကန်နီကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၊ တောင်တောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ ဆည်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ အိုရင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ ကုလားတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ တဲမကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲ၊ ကူတောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ ထောက်ဝ အခြေခံပညာ မူလတန်းကျောင်း၊ တောင်ဇင်းတိုက်နယ်ခွဲ သဲပြင်တောကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းခွဲ၊ စဉ့်ကူးနယ်မြေ တောင်ဘီလေးအုပ်စု သဲယာချောင်း အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ သံကြီးကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့အား ညောင်ဦးမြို့နယ် ငါ့သရောက်နယ်မြေ မီးသတ်စခန်း၊ တောင်ဇင်းနယ်မြေ မီးသတ်စခန်း၊ စဉ့်ကူးနယ်မြေ မီးသတ်စခန်းများမှ သန္နမီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများအား အခြေခံပညာကျောင်းများ အတွင်းရှိ ကျောင်းနံရံများ၊ စာသင်ခုံများ၊ ကလေးကစားကွင်းရှိ ဆီးဆော၊ ဒါန်း၊ သန့်စင်ခန်းများ၊ ကျောင်းစာကြည့်တိုက်တို့ကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ ညောင်ဦးမြို့နယ်အတွင်း အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းများအဖြစ် အသုံးပြုခဲ့သော အခြေခံပညာ စာသင်ကျောင်းပေါင်း ၅၅ ကျောင်းအား ယနေ့ညနေ သုံးနာရီတွင် ပိုးသတ်ဆေးဖျန်းခြင်း အပြီးသတ် ဆောင်ရွက်နိုင်ခဲ့ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

**ကိုထိန်(KPD)**





# အခြေခံပညာကျောင်းများနှင့် ဘော်ဒါဆောင်များ၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**နောင်ချို ဇွန် ၁၅**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်းများနှင့် ဘော်ဒါဆောင်များ၌ ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က သုခမိန်ဘော်ဒါဆောင်၌လည်း ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့နယ် စေတနာမွန် လူမှုကူညီရေးအသင်း၊ ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့သည် ဇူလိုင်လအတွင်းကျောင်းများပြန်လည် ဖွင့်လှစ်မည်ဖြစ်သည့်အတွက် အခြေခံပညာကျောင်းများ၊ ဘော်ဒါဆောင်များ၌ ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်နိုင်ရန် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လှိုင်နှင့်တောင်ဥက္ကလာပမြို့နယ်ရှိ ဖျားနာကုဆေးခန်းများ နေရာပြောင်းရွှေ့ကုသပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၅**

လှိုင်မြို့နယ်တွင် မေ ၁၃ ရက်က ဖျားနာကုဆေးခန်းကိုလှိုင်မြို့နယ် အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် တာဝန်ခံဆရာဝန်နှင့် ဆရာဝန် သုံးဦး၊ သူနာပြုလေးဦး၊ လုပ်အားပေး ခုနစ်ဦးတို့ဖြင့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း လက္ခဏာများအပြင် ကိုဗစ် – ၁၉ ရောဂါရှိသူနှင့် ထိတွေ့မှုရှိခဲ့သည့် လူနာများကို အဓိကထားစစ်ဆေးကြည့်ရှုပေးခဲ့သည်။

ယခုအခါ ဇူလိုင်လအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ လှိုင်မြို့နယ်ရှိ ဖျားနာကုဆေးခန်းကို အမှတ်(၆)ရပ်ကွက် သုခလမ်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးခန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီးဖြစ်ရာ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ မည်သူမဆို အခမဲ့လာရောက်ပြသနိုင်ကြောင်း သိရသည်။

ထို့အတူ မေ ၄ ရက်က ဖွင့်လှစ်ခဲ့သည့် တောင်ဥက္ကလာပမြို့နယ် ဖျားနာကုဆေးခန်းကို အမှတ် (၆) ရပ်ကွက် ကေတုမတီလမ်းရှိ အထက-၂ တောင်ဥက္ကလာပကျောင်းတွင် ဖွင့်လှစ်ခဲ့ရာမှ ယခုအခါအမှတ် (၁၀) ရပ်ကွက် ဇေယျာလမ်းမကြီးရှိ ဟေမဝန်မမ္မဗိမာန်တော်ကြီးတွင် ပြောင်းရွှေ့ဖွင့်လှစ်ထားပြီး အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တာဝန်ခံ ဆရာဝန်ဒေါက်တာဥာဏ်လင်းမြင့်ထွန်း၊ ဆရာဝန် သုံးဦး၊ သူနာပြုသုံးဦးနှင့် စေတနာ့ဝန်ထမ်းများဖြင့် အလှည့်ကျကြည့်ရှုကုသပေးလျက်ရှိပြီး မည်သူ မဆို အခမဲ့လာရောက်ပြသနိုင်ကြောင်း သိရသည်။ **အောင်သူရ**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်း စိတ်ဖိစီးမှုများခံစားနေကြရတယ်ဆိုသည့်အချက်ကို သတိပြုမိလျှင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်သည် လူတစ်ဦးနှင့် တစ်ဦးကြား အမုန်းတရားပွားများမှုကို လျော့နည်းစေပါသည်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနှင့် စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့်အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရေတာရှည်မြို့နယ်၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**ပဲခူး ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရေတာရှည်မြို့နယ်အတွင်းဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်နန်ချွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပေ (၁၀၀ x ၃၀)RC တစ်ထပ်တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စာသင်ကျောင်းခန်းမဆောင်၌ ရေတာရှည်မြို့နယ် ပေါက်ချောင်းအုပ်စု စိမ့်ရွာမီးလင်းရေးနှင့် ကုန်းကြီးကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ မီးလင်းရေးအတွက် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းခဲ့သည့်အပြင် ကြံသန္တယ်ကျေးရွာနှင့် ဆတ်တစ်ကျေးရွာကြား ကျေးရွာလမ်းတိုးချဲ့ဖောက်လုပ်ရာတွင် ပါဝင်သွားသောလယ်သမားများအတွက် နစ်နာကြေးငွေများပေးအပ်ကာ ဆရာ ဆရာမများအတွက် လက်သန့်ဆေးရည်များနှင့် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၂၂ ဒသမ ၇ သန်းဖြင့် Straight Way Co.,Ltd. က ဆောင်ရွက်နေသည့် သပြေတန်းကျေးရွာအုပ်စု သပြေတန်းကျေးရွာနှင့် ထန်းကုန်းကျေးရွာဆက်သွယ်သည့် အရှည် ၁/၁ မိုင်၊ အကျယ် ၁၂ ပေ၊ ဒုခုနစ်လက်မ ကွန်ကရစ်လမ်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် သပြေတန်း-ထန်းကုန်းကွန်ကရစ်လမ်းပေါ်ရှိ Box Culvert သုံးစင်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေတာရှည်မြို့နယ် ကုန်းကြီးကျေးရွာအုပ်စု ကုန်းကြီးကျေးရွာ၊ အမတ်ကြီးခုံနှင့် ဥယျာဉ်မှူးကျေးရွာတို့ကို ဆက်သွယ်သည့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းခွင်သို့လည်းကောင်း၊ ဆွာမင်းလမ်းကျေးရွာအုပ်စုအတွင်းရှိ အရှည် ၁/၂ မိုင်၊ အကျယ် ၁၈ ပေ၊ ဒုရှစ်လက်မ တံတားကြီး-ရေနီးကျေးရွာချင်းဆက်လမ်း၊ ကညင်အိုင်-အေးသာယာကျေးရွာချင်းဆက်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ကွမ်းအုံကျေးရွာအုပ်စု လေးအိမ်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း (၆၀'x၃၀')စာသင်ဆောင် အပြီးသတ်ဆောက်လုပ်နိုင်ရေးတို့ကို သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အင်း/တင်ဒါပိုက်ချက်များအား ဒုတိယအကြိမ် လေလံရောင်းချ

**လပွတ္တာ ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ အင်း/တင်ဒါပိုက်ချက်များအား ၂၀၂၀-၂၀၂၁ ခုနှစ် လုပ်ငန်းရာသီအတွက် ဒုတိယအကြိမ် လေလံရောင်းချခြင်းကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်ကျွန်းမြို့နယ် ၁၄ လမ်း အမှတ်(၆)ရပ်ကွက် ပုညဝိသုဒ္ဓိသာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက အင်း/တင်ဒါရောင်းချပွဲသို့ တက်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခြင်း၊ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

## ရှင်းလင်းပြောကြား

ဆက်လက်၍ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းက တက်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း စားသုံးသော အစားအစာများမှ အာဟာရဓာတ် မျှတစွာရရှိရေး၊ ငါးစားသုံးခြင်းဖြင့် ကျန်းမာစေသော အဆီဓာတ်၊ အိုမီဂါ-၃၊ မပြည့်ဝဆီ၊ ကယ်လ်ဆီယမ်၊ သတ္တုဓာတ်များ ဖြည့်တင်းပေးသည့်အပြင် ငါးတွင်ပါဝင်သော ဗီတာမင်-ဒီနှင့်



ဇင့်ဓာတ်များက ရောဂါပိုးများ ခုခံကာကွယ်ရေးနှင့် ကိုယ်ခံစွမ်းအား ကောင်းမွန်ရေးအတွက် အထောက်အပံ့ဖြစ်စေကြောင်း၊ ငါးကို အဓိကစားသုံးရန် လိုအပ်ကြောင်း၊ ထို့အပြင် ငါးရေရှည်စဉ်ဆက်မပြတ်စားသုံးရန်မှာ ငါးသယံဇာတ ထိန်းသိမ်းရေးမှာလည်း အဓိကဖြစ်ကြောင်း၊ ငါးရစ်ငါးသန်ရာသီချိန်မှာ မျိုးဥများနှင့် ပြည့်ဝနေသော ငါးမကြီးများနှင့် ငါးသေးလေးများအား ဖမ်းဆီးခြင်း မပြုလုပ်ရန် လိုအပ်ကြောင်း၊ တားမြစ်ထားသော ငါးဖမ်းနည်းစနစ်/တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးခြင်းမှ ရှောင်ရှားရန်လိုကြောင်း၊ ဌာနမှတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်၍ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးထားပြီးဖြစ်ကြောင်းနှင့် အင်း/တင်ဒါ ရောင်းချခြင်းနှင့်ပတ်သက်သော စည်းကမ်းချက်များအား ရှင်းလင်းပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အင်း/တင်ဒါပိုက်ချက်များအား လေလံရောင်းချဆောင်ရွက်ခဲ့ရာ အင်း ၃၄ အင်း၏ အင်းခွန်ငွေ ကျပ်သိန်းပေါင်း ၁၇၂ ဒသမ ၇၈ သိန်း၊ ယခင်နှစ် အင်းခွန်ငွေထက် ကျပ်သိန်းပေါင်း ၂၆ ဒသမ ၁၀ ပိုမိုရရှိ၍ တင်ဒါပိုက်ချက် ၄၁ ချက်၏ တင်ဒါငွေကျပ် သိန်းပေါင်း ၁၈၂ ဒသမ ၂၄ သိန်းရရှိခဲ့ပြီး ယခင်နှစ် တင်ဒါခွန်ငွေထက် ကျပ်သိန်းပေါင်း ၄၅ ဒသမ ၉၀ ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေါလေမြိုင်မြို့၌ ဆင်းသုခမိုးစပါး မျိုးသန့်မျိုးပွားမျိုးစေ့များပေးအပ်

**ဝေါလေမြိုင် ဇွန် ၁၅**

ကရင်ပြည်နယ် ဝေါလေမြိုင်မြို့ရှိ တောင်သူများ မိုးစပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်အတွက် ဆင်းသုခမိုးစပါး မျိုးသန့် မျိုးပွား မျိုးစေ့များကို ယနေ့နံနက် ၉ နာရီက ဝေါလေမြိုင်မြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မျိုးစေ့များပေးအပ်ခြင်းနှင့်ပတ်သက်၍ ဝေါလေမြိုင်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ဒေသခံတောင်သူများအား ဆင်းသုခမိုးစပါး မျိုးသန့်မျိုးပွား မျိုးစေ့များဖြန့်ဝေပေးခြင်းဖြင့် ဒေသတွင်း၌ မိုးစပါးမျိုးကောင်းမျိုးသန့်များကို တိုးတက်စိုက်ပျိုးနိုင်ခြင်း၊ စပါးအထွက်နှုန်း တိုးတက်လာနိုင်ခြင်း၊ အရည်အသွေးပြည့်ဝသော စပါးများ ရရှိနိုင်ခြင်းနှင့် စပါးများ ဈေးကောင်းရနိုင်သောကြောင့် တောင်သူများ ဝင်ငွေပိုမိုရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်သောကြောင့် မျိုးစေ့များပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်သားမြို့နယ် အားကစားရုံ အတွင်းပိုင်းတည်ဆောက်ရေးလုပ်ငန်းများနှင့် Facility Quarantine ပြင်ဆင်ထားရှိမှုစစ်ဆေး

**မြစ်သား ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မြစ်သားမြို့နယ် အားကစားကွင်းအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ကန့်သတ်စောင့်ကြည့်စခန်း ထားရှိရန်အတွက် ပြင်ဆင်ထားမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးရာ မြစ်သားမြို့နယ် အားကစားကွင်းအတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ရိုးရိုးတန်းပွဲကြည့်စင် (၈၀ x ၂၅ x ၁၈) ပေ နှစ်စင် တည်ဆောက်နေမှုအခြေအနေများ၊ ကန့်သတ်စောင့်ကြည့်စခန်း ထားရှိရန် ပြင်ဆင်ထားရှိမှုများ၊ မြစ်သားအားကစားကွင်းနှင့် ကူမဲအားကစားကွင်း ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးသည် ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းတစ်ဦးချင်း၏ လိုအပ်ချက်များမေးမြန်းခြင်းနှင့် Mass Sports၊ Excellent Sports များကို မြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများက မိသားစုသဖွယ် စည်းလုံးညီညွတ်စွာဖြင့် ပေါင်းစည်းကာ ပြည်သူများကိုစည်းရုံး၍ အောင်မြင်အောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ အားကစားပစ္စည်းများ၊ ဦးထုပ်များကို အမှတ်တရ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သံဖြူဇရပ်၌ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး ခြင်ဆေးဖျန်း

**သံဖြူဇရပ် ဇွန် ၁၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ပရိယတ္တိစာသင်တိုက်များ၊ လူမှုဝန်ထမ်းဦးစီးဌာန မူကြိုကျောင်းနှင့် ဓိဝိတဒါနဆေးအလှူတော်ရုံတို့တွင် ခြင်ဆေးဖျန်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ဦးခိုင်စိုးဦးဆောင်သည့် မြို့နယ်သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အထောက်အကူပြုပရဟိတအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ်၊ အဘိတ်ဆေးခတ်ခြင်းတို့ကို ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်ပြီး ခြင်ဆေးဖျန်းခြင်းကို အပတ်စဉ် တနင်္ဂနွေနေ့တွင် ရပ်ကွက်၊ ကျေးရွာများ၌ အလှည့်ကျဆောင်ရွက်နေကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

## ကယားပြည်နယ်ဝန်ကြီးချုပ် ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နမ့်မန်း-ဘီပီ (၁၃)လမ်း ပြုပြင်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**မယ်စဲ့ ဇွန် ၁၅**

ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှိသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နမ့်မန်း-ဘီပီ(၁၃)လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖားဆောင်း-မယ်ဆည်နမ်-မယ်စဲ့-နမ့်မန်း-ဘီပီ(၁၃)လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးဇော်နိုင်ဝင်းက လိုက်လံရှင်းလင်းပြသခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မယ်စဲ့ကုန်သွယ်ရေးစခန်း ယာဉ်ငယ်စစ်ဆေးရေးဂိတ်ကို ကြည့်ရှုစစ်ဆေးပြီး မယ်စဲ့မြို့ မြို့အဝင်ဆိုင်းဘုတ် တည်ဆောက်နေမှုအခြေအနေနှင့် ပန်တိန်းကျေးရွာ တိုက်နယ်ဆေးရုံဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းများပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**ဘားအံ ဇွန် ၁၅**

ဘားအံမြို့နယ် သာမညကျေးရွာအုပ်စု အထက်တန်းကျောင်းခွဲ (သာမည) သို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်၊ မြို့နယ်ပညာရေးမှူး ဦးသန်းထိုက်ဦးနှင့် တာဝန်ရှိသူများသည် ကျောင်းများဖွင့်လှစ်နိုင်ရေး ကြိုတင်စီစဉ်ထားမှုများကို ယမန်နေ့က ကြည့်ရှုကာ ကျောင်းဖွင့်ချိန်တွင်အသုံးပြုမည့် နှာခေါင်းစည်းများ၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်နှင့် ပိုးသတ်ဆေးများကို ထောက်ပံ့ခဲ့သည်။

ဆက်လက်၍ သာမညကျေးရွာအုပ်စုရှိ အသက် ၈၅ နှစ်အထက် ဘိုးဘွား ၂၆ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၁၄၂ ဦး၊ နှစ်နှစ်အောက် ကလေးငယ် ၂၇၃ ဦးအတွက် ထောက်ပံ့ကြေးငွေ တစ်ဦးလျှင် ကျပ်၃၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ရာ သာမညကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောလွန်းရွှေက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် အိန္ဒုစံပြကျေးရွာ အထက်တန်းကျောင်း စံပါယ်ခန်းမ၌ အိန္ဒုစံပြကျေးရွာအုပ်စုရှိ ကိုယ်ဝန်ဆောင်မိခင် ၇၄ ဦး၊ နှစ်နှစ်အောက် ကလေးငယ်၁၂၄ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီး စာသင်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဘားအံမြို့နယ် နောင်လုံအနောက်ကျေးရွာအုပ်စု အထက်တန်းကျောင်းဆောင်အတွင်း စာသင်ခန်းများ ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

**ထွန်းထွန်းထွေး/နေလင်း (ဒေါနမြေ)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြည့်ရှုစစ်ဆေး

**ဟားခါး ဇွန် ၁၅**

ချင်းပြည်နယ် ဟားခါးမြို့ရှိ ဟားခါးကောလိပ်နယ်မြေအား နိုင်ငံတော်၏ လမ်းညွှန်မှုနှင့်အတူ ဟားခါးတက္ကသိုလ် စုပေါင်းနယ်မြေအဖြစ် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ရာ တက္ကသိုလ်နယ်မြေအတွင်း ကဏ္ဍအလိုက်လုပ်ငန်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အဆောက်အအုံများဆောက်လုပ်နိုင်ရန်အတွက် ယနေ့ နံနက် ၉ နာရီက ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက မြေနေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ဟားခါးတက္ကသိုလ် စုပေါင်းနယ်မြေဇုန် လျာထားမြေဧရိယာအတွင်း သက်ဆိုင်သည့် တက္ကသိုလ်များအလိုက် လျာထားမြေနေရာများ၊ သင်ကြားရေးအဆောက်အအုံများ ဆောက်လုပ်ရန် လျာထားမြေနေရာများ၊ နည်းပြများနှင့် ဝန်ထမ်းများအိမ်ရာ ဆောက်လုပ်ရန် လျာထားမြေနေရာများ သတ်မှတ်နိုင်ရေး ကြည့်ရှုစစ်ဆေးရာ ဟားခါးကောလိပ်ကျောင်းအုပ်ဆရာကြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာလျန်းဇာအုပ်နှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဟားခါးကောလိပ်အတွင်း သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် ဆောက်လုပ်လျက်ရှိသည့် ဘွဲ့နှင်းသဘင်ခန်းမဆောင်နှင့် စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူအဆောင်များ တိုးချဲ့ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟားခါးတက္ကသိုလ်စုပေါင်းနယ်မြေအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအပါအဝင် စီမံအုပ်ချုပ်မှုလုပ်ငန်းများ ကောင်းမွန်စေရေး စနစ်တကျစီမံဆောင်ရွက်ထားရှိရန်နှင့် ခရီးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ နယ်သာလန်နိုင်ငံထုတ် HFS Hydrosub 60 ရေစုပ်ပန့်အသစ် စမ်းသပ်စစ်ဆေးမှုအား ကြည့်ရှု

**မော်လမြိုင် ဇွန် ၁၅**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်း သံလွင်တံတားဆိပ်ကမ်းတွင် နယ်သာလန်နိုင်ငံမှ ထုတ်လုပ်သည့် အလွယ်တကူ ရွှေ့ပြောင်းသယ်ယူနိုင်သော HFS Hydrosub 60 ရေစုပ်ပန့် အမျိုးအစား စမ်းသပ်စစ်ဆေးမှုကို သွားရောက်ကြည့်ရှုသည်။



နယ်သာလန်နိုင်ငံထုတ် HFS Hydrosub 60 ရေစုပ်ပန့်အသစ်ဖြင့် ရေစုပ်ခြင်း၊ မီးသတ်ကား ငါးစီးအား တစ်ပြိုင်နက် ရေဖြည့်ခြင်းနှင့် မီးငြိမ်းသတ်ပုံတို့ကို မီးသတ်တပ်ဖွဲ့ဝင်များက စမ်းသပ်ပြသခဲ့ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက HFS Hydrosub 60 ရေစုပ်ပန့်အသစ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

Hydrosub 60 ရေစုပ်ပန့်အသစ်၏ စွမ်းဆောင်ရည်များမှာ မီးငြိမ်းသတ်ခြင်းအတွက် တစ်မိနစ်လျှင် ခြောက်လက်မပိုက်ဖြင့် ရေလီတာ ၁၅၀၀၊ မီးသတ်ယာဉ်များ ရေဖြည့်ခြင်းအတွက် တစ်မိနစ်လျှင် ခြောက်လက်မပိုက်ဖြင့် ရေ လီတာ ၄၀၀၀၊ ရေကြီးရေလျှံမှုများအတွက် တစ်မိနစ်လျှင် ၁၂ လက်မပိုက်လုံးဖြင့် ရေလီတာ ၂၀၀၀၀ တို့ကို စုပ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါ Hydrosub 60 ရေစုပ်ပန့်အသစ်ကို မွန်ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ဝယ်ယူခဲ့ရာ စက်တန်ဖိုးမှာ ကျပ်သန်းပေါင်း ၃၈၇ ဒသမ ၀၃ သန်းဖြစ်ပြီး မြန်မာနိုင်ငံသို့ ပထမဦးဆုံး ရောက်ရှိလာသော HFS Hydrosub 60 ရေစုပ်ပန့်အသစ်ဖြစ်ကြောင်း မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ယင်းမာပင်ခရိုင် ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်လုံလောက်မှုရှိစေရေး ထုတ်လုပ်သွားမည်

**မုံရွာ ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ် အနောက်ဘက်ကမ်းမြို့နယ်များတွင် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းငါးမျိုးလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့သည့် ယင်းမာပင်ငါးလုပ်ငန်းစခန်းသည် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရုံးအဆောက်အအုံ တစ်လုံး၊ ရေစင် တစ်လုံး၊ ကန်လုံးရေ ၁၈ လုံး၊ ဝန်ထမ်းနှစ်ခန်းတွဲနေအိမ်တစ်လုံးတို့ကို ဆောက်လုပ်၍ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်း မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ရေရရှိနိုင်မှု လိုအပ်ချက်ဖြစ်ပေါ် ခဲ့ရာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရေတားတမံတစ်ခု တည်ဆောက်ခဲ့သော်လည်း ရေလုံလောက်မှုမရှိခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငမောက်ချောင်းမှ လေးလက်မ ပိုက်လိုင်း တစ်လိုင်းဖြင့် ရေသွယ်ရယူ၍ ငါးမှုန်ပြုစုပြီး ငါးသားပေါက် စမ်းသပ်ထုတ်လုပ်ခဲ့ရာ ယင်းမာပင်ခရိုင်အတွင်းရှိ ဆည်/တမံများသို့ ငါးမျိုးစိုက်ထည့်ခြင်း၊ ဂရန်အင်း ၁၇ အင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအတွက် ငါးသားပေါက်ကောင်ရေ ၆ ဒသမ ၃၃ သိန်း ထုတ်လုပ်နိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လေးလက်မ ရေပိုက်လိုင်းတစ်လိုင်းတိုးချဲ့သွယ်ယူခဲ့ပြီး ယင်းမာပင်ခရိုင်အတွင်းရှိ ဆည်/တမံ၊ အင်းများ၌ ငါးမျိုးစိုက်ထည့်ခြင်း၊ ဖောင်းပြင်မြို့နယ်အတွင်းရှိ ဂရန်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသများတွင် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ငါးသားပေါက်လုံလောက်မှုရှိစေရေး ထုတ်လုပ်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## နတ်မောက်မြို့နယ် ပိတောက်ကုန်းကျေးရွာ၌ သောက်သုံးရေဖြန့်ဝေလှူဒါန်း

**နတ်မောက် ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် သမုန်းပင်ကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေသည့်အတွက် ယနေ့နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့် ဝန်ထမ်းများက ရေဂါလန် ၅၆၀၀ ကို ကျေးရွာအရောက် ဖြန့်ဝေပေးခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ထိုသို့ သောက်သုံးရေများဖြန့်ဝေပေးရာတွင် ရေအလှူရှင် ဦးခန့်ဇော်နှင့်ဇနီး ဒေါ်ရီရီခိုင်မိသားစု (နေပြည်တော်)က လှူဒါန်းခြင်းဖြစ်ပြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘောဇအလင်းတန်းမော်တော်ယာဉ်တို့ပူးပေါင်း၍ ပိတောက်ကုန်းကျေးရွာရှိ အိမ်ခြေ ၁၆၃ အိမ်မှ လူဦးရေ ၉၁၈ ဦးတို့အတွက် ရေဂါလန် ၅၆၀၀ ကို ကျေးရွာအရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

နတ်မောက်မြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းများအဖြစ် ရေရှားပါးပြတ်လပ်နိုင်သည့် ကျေးရွာ ငါးရွာ၌ စက်ရေတွင်း လေးတွင်း၊ အခြားသောက်သုံးရေရရှိရေးလုပ်ငန်းတစ်ခုတို့ကို ခွင့်ပြုရန်ပုံငွေ ကျပ် ၉၀ ဒသမ ၉၃၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက ပြောကြားသည်။ **ငြိမ်းသူ(စလင်း)**

## အားကစားကလောင်ရှင်များအား ဆန်၊ ဆီထောက်ပံ့

**ရန်ကုန် ဇွန် ၁၅**

ကိုဗစ် -၁၉ ရောဂါကာလအတွင်း စားသောက်ရေး အဆင်ပြေစေရန် မြန်မာနိုင်ငံအားကစားမီဒီယာများ အဖွဲ့ချုပ်မှ အဖွဲ့ဝင်အားကစားကလောင်ရှင်များ အား ဆန်၊ ဆီနှင့် အသုံးစရိတ်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကင်း မိုးကောင်းလမ်း မြဝတီစာပေတိုက်ရှိ တပ်မတော် ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။



မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဉာဏ်ထွန်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက အားကစားမီဒီယာလောကသားများ၊ အားကစား ကလောင်ရှင်များ၊ မြန်မာနိုင်ငံ အားကစားမီဒီယာ များအဖွဲ့ချုပ် အဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ ခန့်အား ဆန် (၆) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ကုလားပဲ (၃၀) ကျပ်သား၊ ဆား(၁)ထုပ်၊ ကြက်ဥ (၁၀) လုံး၊ နှာခေါင်း စည်း(၁၀) ခုစီနှင့် ငွေကျပ် (၁၀၀၀၀) စီ ထောက်ပံ့ ပေးအပ်ခဲ့သည်။

ယင်းလှူဒါန်းထောက်ပံ့မှုသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းထားသော ဆန်၊ ဆီ၊ ပဲနှင့် ကြက်ဥ စသည့်ထောက်ပံ့ရေးပစ္စည်း များကို မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် က မိမိတို့၏ အားကစားမီဒီယာအဖွဲ့ချုပ်မှအဖွဲ့ဝင် များ၊ အဖွဲ့ဝင်မဟုတ်သော အားကစားကလောင်ရှင် များအား ထပ်ဆင့်ထောက်ပံ့လှူဒါန်းပေးခဲ့ခြင်းဖြစ် သည်။

**မြင့်မောင်**

## အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်နှင့် ကိုဗစ်-၁၉ ရောဂါကာလ ထောက်ပံ့ငွေလွှဲပြောင်းပေးအပ်

**လေးမျက်နှာ ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွား ၈၆၇ ဦး အတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေး အစီ အစဉ်ဖြင့် လူမှုရေးပင်စင်နှင့် ကိုဗစ်- ၁၉ ရောဂါကာလအတွင်း ထပ်ဆောင်း ထောက်ပံ့ငွေကျပ် ၅၂၀၂၀၀၀၀ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်း နှင့် မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းဝင်းတို့က မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ် နှင့်အထက် သက်ကြီးဘိုးဘွား ၈၆၇ ဦးအတွက် လူမှုရေးပင်စင်အဖြစ် တစ်ဦး လျှင် သုံးလစာအတွက် ငွေကျပ် ၃၀၀၀၀နှင့် ကိုဗစ်-၁၉ ရောဂါကာလ အတွင်း ထပ်ဆောင်းထောက်ပံ့ငွေ သုံးလစာအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သက်ကြီး ဘိုးဘွား ၈၆၇ ဦးအတွက် စုစုပေါင်း ထောက်ပံ့ ငွေကျပ်၅၂၀၂၀၀၀၀ ကို မြို့ပေါ်ရပ်ကွက် နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူမှုဖူလုံရေးထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေး

**မော်လမြိုင် ဇွန် ၁၅**

မွန်ပြည်နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ် ဌာနများအား မော်လမြိုင်မြို့ မြို့နယ်လူမှုဖူလုံရေး ရုံးမှ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ဖြင့် စစ်ဆေးမှုခံယူထားပြီး ကိုဗစ်-၁၉ရောဂါ ကာလ အတွင်း ယာယီပိတ်သိမ်းထားသည့် မော်လမြိုင် ဟိုးလ်ဒင်း(စ်) အအေးခန်းစက်ရုံ၊ NWT ကွမ်းသီး လုပ်ငန်း၊ ဦးလှထွန်းငရုပ်သီးမှုန့်လုပ်ငန်း၊ ဟင်္သာမင်း ပဲငံပြာရည်၊ နွန်ရှေ့ကုမ္ပဏီ၊ Myanmar Finance International Ltd ၊ ဦးအောင်သိန်း ရှောက်သီး လုပ်ငန်းနှင့် မေတ္တာမွန် ကော့ပနေ့ာကုမ္ပဏီတို့ပါဝင် သော အလုပ်ဌာန ရှစ်ခုမှ အလုပ်သမားပေါင်း ၄၈၄ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့မှု အကျိုး ခံစားခွင့် ၄၀ ရာခိုင်နှုန်းအတွက် ငွေကျပ် ၁၂၅သိန်း ကျော်ကို တာဝန်ရှိသူများအား ပြည်နယ်လူမှုဖူလုံ ရေးရုံး ပြည်နယ်တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နီလာဆွေက ပေးအပ်သည်။

မွန်ပြည်နယ်အတွင်းရှိ စက်ရုံ၊အလုပ်ရုံနှင့် အလုပ် ဌာနများအား ယခုအကြိမ်အပါအဝင် (၆)ကြိမ် မြောက် ပေးအပ်ခဲ့ရာ၌ အလုပ်ဌာန ၁၉ ဌာနအတွက် လူမှုဖူလုံရေးထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင် နှုန်း ငွေကျပ် ၅၂၇သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ ပြီးဖြစ်သည်။ ကျန်ရှိနေသည့် အလုပ်ဌာနများကို လည်း ယင်းအကျိုးခံစားခွင့်အား ဆက်လက်ထုတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မင်းတပ် ဇွန် ၁၅**

ချင်းပြည်နယ် မင်းတပ်မြို့ ထင်းရှူးမြိုင်ဂေါက်ကွင်းဝန်းကျင်၌ မင်းတပ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဘင်နီဖိုင်း ဦးစီးသော တပ်ဖွဲ့ဝင်မိသားစုများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု



တိုက်ဖျက်ရေးနေ့အကြို သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ မင်းတပ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဘင်နီဖိုင်းက " ဇွန်လ ၂၆ ရက်မှာ ကျရောက်မယ့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ သစ်တော ဦးစီးဌာနကနေ ဖြန့်ဝေပေးတဲ့ ခါတော်မီပျိုးပင် ၁၅၀နဲ့ ကျောက်ပန်းပြား ၅၀ တို့ကို အခုလို တပ်ဖွဲ့ဝင်မိသားစုတွေစုပေါင်းပြီး သစ်ပင်စိုက်ပျိုးကြတာဖြစ်ပါ တယ်" ဟု ပြောကြားသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မင်းတပ်ခရိုင်သစ်တောဦးစီးဌာနမှလက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်လင်းနှင့် သစ်တောဝန်ထမ်းများက ပျိုးအိတ်ဖောက် နည်းနှင့် စနစ်တကျပျိုးပင်စိုက်ပျိုးနည်းတို့ကို သရုပ်ပြပေးပြီး တပ်ဖွဲ့ဝင်မိသားစု များက သတ်မှတ်နေရာများတွင် ပျိုးပင်များ စိုက်ပျိုးခဲ့ကြသည်။ မင်းတပ်မြို့နယ် အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဦးစီးဌာန အနေဖြင့် ပျိုးပင်ပေါင်း ၃၀၀၀၀ကျော် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**

## စတုတ္ထတန်း (Grade-4) သင်ရိုးသစ် သင်တန်းဖွင့်



**ရန်ကုန်**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်တွင် Grade-4 (သင်ရိုးသစ်) ရက်တို သင်တန်း ဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၉ နာရီက အထက(၁) ကေရီခန်းမ၌ ပြုလုပ်ခဲ့ သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်စုစုထွေးက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး Grade-4 (သင်ရိုးသစ်) မြို့နယ်အဆင့်ရက် တိုသင်တန်းမှ ရရှိသော သင်ကြားရေးအသိပညာဖြင့် ဆရာ ဆရာမများကိုယ်တိုင်တီထွင် ဖန်တီးခြင်း၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ဖန်တီးစုဆောင်းခြင်း ဖြင့် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်ပါဝင်သော ပညာရေးစနစ်တစ်ခု ပေါ်ပေါက်လာစေရေး ကြိုးတင်ပြင်ဆင် သင်ကြားပေးကြရန် ဒုတိယမြို့နယ် ပညာရေးမှူး ဦးသန်းဌေးက ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁၅ရက်မှ၂၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး Online TOT Training Schedule သင်တန်းဆင်း နည်းပြဆရာမလေးဦးက ပြန်လည် ဆွေးနွေးပို့ချမည်ဖြစ်ပြီး သင်တန်းသား ၂၇ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**အင်္ဂပူ**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအတွက် Grade-4 သင်ရိုးသစ် မြို့နယ်အဆင့် Face to Face သင်တန်းကို ယနေ့ နံနက်ပိုင်းက အထက(အင်္ဂပူ) စာသင်ခန်းများတွင် ပြုလုပ် ခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၁၅ ရက်မှ ၂၁ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး Online သင်တန်းတက်ရောက်ပြီးသည့် ဆရာ ဆရာမများက မြို့နယ်အတွင်းရှိ မဲဇလီကုန်း၊ ထူးကြီး၊ ကွင်းကောက်၊ ညောင်ကျိုးခြောက်ရွာရှိ အထကကျောင်း များတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မိုင်းဖြတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် Grade-4 မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲက ယနေ့ နံနက် ၁၀နာရီက အခြေခံပညာအထက်တန်းကျောင်း (မိုင်းဖြတ်)ရှိ ရွှေလီဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

တာချီလိတ်ခရိုင် ပညာရေးမှူးရုံးမှ ခရိုင်ပညာရေးမှူး ဒေါ်အေးအေးခိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်း ဇော်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က အမှာစကားများ ပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသား ဆရာ ဆရာမများအတွက် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းက နှာခေါင်းစည်းအခု၂၀၀၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်က နှာခေါင်းစည်းအခု ၂၀၀တို့ကို ထောက်ပံ့ခဲ့သည်။

အဆိုပါ Grade-4 မြို့နယ်အဆင့်သင်တန်းကို ဇွန် ၁၅ ရက်မှ ၂၀ရက်အထိ ကြီးကြပ်ဆရာ ၁၁ ဦးနှင့် နည်းပြဆရာ ဆရာမ ၂၂ ဦးတို့က သင်တန်းမိတ်ဆက် ခြင်း၊ သင်ကြားမှုအတတ်ပညာများ၊ စစ်ဆေးအကဲဖြတ်ခြင်းများ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ လူမှုရေး၊ အနုပညာဂီတ၊ အနုပညာပန်းချီ၊ ကာယပညာစသည်တို့ကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းပေါင်း ၈၄ ကျောင်းမှ မူလတန်းသင် ဆရာ ဆရာမ ၂၀၃ ဦး တက်ရောက် ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကျောင်းကုန်း**

၂၀၂၀-၂၀၂၁ ပညာသင်နှစ် Grade-4 သင်ရိုးသစ် မြို့နယ်အဆင့် Face To Face သင်တန်းကို ယနေ့ နံနက် ၈ နာရီခွဲက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

ကျောင်းကုန်းမြို့တွင် ဆရာ ဆရာမများအား နေရာသုံးနေရာခွဲကာ သင်ကြား ပေးလျက်ရှိရာ အထက(၁) တွင် ၄၁၇ ဦး၊ အထက(၂)တွင် ၂၅၅ ဦးနှင့် အထက ဒေါင့်ကြီးတွင် ၂၀၂ ဦး စုစုပေါင်း ၈၇၄ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ သင်တန်းကာလမှာ ခုနစ်ရက်ကြာ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း



**မိုင်းပျဉ်း ဇွန် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လဝကဦးစီးမှူး ဦးဝင်းဖေက ရန်ကုန်မြို့ 7W Trading Co., Ltd မှလှူဒါန်းသည့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အထုပ် အပါး ၁၈၀ နှင့်တောင်ကြီးမြို့ ရှမ်းတရုတ်လူငယ်အဖွဲ့မှလှူဒါန်းသည့် 95 နှာခေါင်းစည်း အစုံ ၇၀ တို့ကို အဖြူရောင်သူငယ်ချင်းများအဖွဲ့ဝင် ဦးကိုလတ်မှတစ်ဆင့် ပေးပို့လှူဒါန်းမှုကို မိုင်းပျဉ်းမြို့နှင့် တုံတာမြို့ရှိ ကျန်းမာရေးဌာနများ၊ လူမှုကူညီရေး အသင်းများသို့ တာဝန်ယူပေးအပ်လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စိုင်းစိုးဟိန်းက မိုင်းပျဉ်းမြို့နယ်၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် လှူဒါန်းပေးပို့လာသည့်ပစ္စည်းများကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူးက တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လျှပ်စစ်ဓာတ်အား ဗို့အားပြည့်ပေးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှုမရှိစေရေးစစ်ဆေး

**မန္တလေး ဇွန် ၁၅**

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့ပူးပေါင်း၍ မန္တလေးခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ဗို့အားပြည့်ပေးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ပို့လွှတ်သည့် ထရန်စဖော်မာကြီးများနှင့် ထပ်ဆင့်အသုံးပြုသည့် ရပ်ကွက် ထရန်ဖော်မာများ ဗို့အားညီမျှမှုရှိ-မရှိ ဓာတ်အားစနစ်ဌာန Test Van ယာဉ်ဖြင့် ယမန်နေ့တွင် မန္တလေးခရိုင်အတွင်းရှိ ၂၃၀ ကေဗွီနှင့် ၁၃၃ ကေဗွီ ဓာတ်အားခွဲရုံများသို့ သွားရောက်၍ Power Transformer များအား စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

စစ်ဆေးဆောင်ရွက်စဉ် မြောက်ပြင်ဓာတ်အားခွဲရုံ 230/33/11KV,100MVA ထရန်ဖော်မာများ ဓာတ်အားပိတ်ဆောင်ရွက်သဖြင့် ရပ်ကွက်အချို့ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပြီး ယမန်နေ့ ညနေ ၄ နာရီတွင် ပုံမှန်ဓာတ်အားပြန်ပေးနိုင်ခဲ့သည်။ ဓာတ်အားစနစ်စစ်ဆေးရာတွင် မန္တလေးခရိုင်လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများက ဆောင်ရွက်ခဲ့ကြသည်။

**မောင်ပြည်သူ(မန္တလေး)**



## ဝန်းသိုမြို့နယ်ရှိ ကျေးရွာ ၂၁ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီး



**ဝန်းသို ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာ ၂၁ ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျောက်ပေါက်ခုံ၊ ဘုရားတောင်၊ မြောက်ကုန်း၊ ဒုံးဒုတ်၊ ဒီးဒုတ်ကုန်း၊ ဝက်တူး၊ ကောင်းကွေ့၊ မယ်ဇလီ၊ ဝင်းကြီး၊ ဩဂ၊ အင်ခုံ၊ သရက်ကုန်း၊ စကြာမောင်၊ လယ်ကျင်း၊ ရေတွင်းကုန်း၊ အနောက်စက်၊ ပေါက်ကုန်း၊ မန်ကျည်းပင်၊ ကျောက်ကြီး၊ အင်ပင်၊ သက္ကယ်ကျင်း ကျေးရွာများတွင် ဂျင်းမြေ၊ သဲကျောက်၊ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ၁၃ ခု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ခြောက်ခု၊ ရေရရှိရေးလုပ်ငန်းတစ်ခု၊ ကျောက်ရိုးစီသံပေါင်တင် သစ်သားတံတားတစ်စင်း၊ စာသင်ကျောင်းဆောင်တစ်ဆောင်၊ ရွာတွင်းလျှပ်စစ်မီး 400V လိုင်းသွယ်တန်းခြင်းလုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်း ၂၁ ခုကို စီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၁၀၀ စီအပြင် ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိရာ ဝန်းသိုမြို့နယ်တွင် လုပ်ငန်းများအားလုံးအတွက် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၂၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၉၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဝန်းသိုမြို့နယ်၌ ၂၀၁၉-၂၀၂၀ ခု ဘတ်ဂျက်တွင် ကျေးရွာပေါင်း ၂၁ ရွာ၌ လုပ်ငန်းပေါင်း ၂၁ ခုကို ခန့်မှန်းကုန်ကျငွေကျပ် ၂၃၉ ဒသမ ၀၉ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ဖြင့် ကျေးရွာပေါင်း ၉၅ ရွာတွင် လုပ်ငန်းပေါင်း ၁၆၉ ခုကို ငွေကျပ် ၁၁၆၉ ဒသမ ၅၉၄ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မွေးကြူဗင်**
**(မုံရွာကိုယ်ပွား)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဒေါင်းငါး ၇၀၀၀ စိုက်ထည့်

**ရန်ကုန် ဇွန် ၁၅**

မိုးတွင်းကာလတွင် ခြင်များမှတစ်ဆင့်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ပေါက်ပွားနိုင်သော ရေအိုး၊ အုတ်ကန်များအတွင်းထည့်မွေးရသော ခြင်သားလောင်းစား ဒေါင်းငါး ၇၀၀၀ စိုက်ထည့်ခြင်းအခမ်းအနားကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒေါ်မိုးသူဇာမောင်က သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်စားငါးများ အခမဲ့ဖြန့်ဝေပေးရခြင်းကို ရှင်းလင်းပြောကြားပြီး သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက သန်လျင်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားကာ သန်လျင်အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က ရာသီတုပ်ကွေးနှင့် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးအတွက် ရှောင်ရန်/ဆောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အလှမွေးငါးအသင်းမှ တာဝန်ရှိသူတစ်ဦးက ခြင်စားငါးများ လှူဒါန်းပေးရခြင်းကို ရှင်းလင်းပြောကြားကာ ခြင်သားလောင်းစား ဒေါင်းငါး ၇၀၀၀ ကို ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များ အားပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



## သင်တန်းဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၅**

Grade-7 Online Training ခရိုင်အဆင့် သင်တန်းဆွေးနွေးပွဲနှင့် Grade-4 Face to Face Training မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ပြည်ကြီးတံခွန်မြို့နယ်ပညာရေးမှူး ဒေါ်ဆွေဆွေစန်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမင်းဆွေတို့က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းများအား ဆက်လက်ကျင်းပသည်။

ယနေ့တွင် သင်တန်းနှစ်ခု ဖွင့်လှစ်လျက်ရှိကြောင်း၊ Grade-7 Online Training ခရိုင်အဆင့်သင်တန်းဆွေးနွေးပွဲကို ပြည်ကြီးတံခွန်မြို့နယ်မှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၆ ဦးက ပါဝင်ဆွေးနွေးလျက်ရှိကြောင်း၊ Grade-4 Face to Face Training သင်တန်းတွင် Online Training သင်တန်းဆင်းပြီးသော သင်တန်းနည်းပြ ၃၆ ဦးမှ တစ်ခန်းလျှင်နှစ်ဦးနှုန်းဖြင့် အခန်း ၁၈ ခန်းခွဲကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ သင်ကြားပေးလျက်ရှိကြောင်း၊ မြို့နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၃၅၈ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ သင်တန်းကာလမှာ ခြောက်ရက်ဖြစ်ကြောင်း ပြည်ကြီးတံခွန်မြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမင်းဆွေက ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ မိုးစပါး မျိုးသန့်မျိုးပွား တောင်သူနည်းပညာပေး သင်တန်းဖွင့်

**မိုးနဲ ဇွန် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မိုးစပါး မျိုးသန့်မျိုးပွား တောင်သူနည်းပညာပေးသင်တန်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါရုံး၌ ဆောင်ရွက်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငိုပွယ်က မျိုးကောင်းမျိုးသန့်သုံးစွဲရခြင်း၏ အကျိုးကျေးဇူးများ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပြောင်းလဲလာသောရာသီဥတုနှင့် စိုက်ပျိုးသင့်သည့်သီးနှံစိုက်ပျိုးနည်း၊ ဒုတိယဦးစီးမှူး ဦးဝင်းနိုင်ဦးက သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာသောတောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

သင်တန်းသို့ တောင်သူ ၂၁ ဦးတက်ရောက်ခဲ့ပြီး စိုက်ပျိုးရေးနည်းစနစ်များအား တောင်သူများသိရှိနားလည်ကာ သီးနှံများပိုမိုအထွက်တိုးလာစေရန်၊ စီးပွားရေးအဆင်ပြေစေရန်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ ကျေးလက်နေပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ဓနုဖြူ ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စီမံခန့်ခွဲမှု ဥပဒေအနှစ်ချုပ် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက အကျော်ကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဓနုဖြူမြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျေးလက်ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိ၍ လိုက်နာဆောင်ရွက်နိုင်စေရန် ကျေးရွာအတွင်းရှိ လူသွားလူလာများသောနေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မုံရွာမြို့နယ်၌ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်ထုတ်ပေး



**မုံရွာ ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုမိန့်ဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ရရှိသော ပုဂ္ဂလိကနှင့် ဆက်စပ်လုပ်ငန်းဌာနများမှ အလုပ်သမားများအား ယင်းတို့လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် ထုတ်ပေးခြင်းကို မုံရွာမြို့ မြို့နယ်လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမတွင် ဇွန် ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

ပုဂ္ဂလိကနှင့် ဆက်စပ်လုပ်ငန်းဌာနများမှ အလုပ်သမားများအား လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်အဖြစ် မုံရွာမြို့နယ်အတွင်းရှိပုဂ္ဂလိကနှင့် ဆက်စပ်လုပ်ငန်းဌာန ၁၁ ခုမှ မှတ်ပုံတင်အလုပ်သမား ၅၆၇ဦးတို့အား လုပ်ခလစာ ၄၀ ရာခိုင်နှုန်းအဖြစ် ငွေကျပ် ၁၁၄၉၄၅၂၀ ဒသမ ၉၃ ကျပ်ကို ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

"မုံရွာမြို့နယ်ထဲမှာ အခုလိုအကျိုးခံစားခွင့်ထုတ်ပေးတာ ပထမဆုံးအကြိမ်ထုတ်ပေးတာဖြစ်ပါတယ်၊ နောက်ထပ်လည်း ထုတ်ပေးဖို့ တင်ပြထားတာရှိပါတယ်၊ အလုပ်ရပ်နားထားရတဲ့ ရက်တွေအတွက် အလုပ်သမားတွေရဲ့ အကျိုးခံစားခွင့်အဖြစ် လုပ်ခလစာရဲ့ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် ပြန်လည်ထုတ်ပေးတာဖြစ်ပါတယ်" ဟု မုံရွာမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်အေးအေးသိန်းက ပြောကြားသည်။

မုံရွာမြို့နယ်အတွင်း နိုင်ငံပိုင်ဌာန၊ သမဝါယမ၊ ပုဂ္ဂလိကနှင့် ဆက်စပ်လုပ်ငန်းဌာန စုစုပေါင်း ၇၁၃ ဌာနတို့မှ မှတ်ပုံတင်အလုပ်သမား ၁၅၈၁၉ ဦးတို့သည် လူမှုဖူလုံရေးဦးစီးဌာနတွင် လူမှုဖူလုံရေးထည့်ဝင်ကြေးငွေများ လစဉ်ပေးသွင်းလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# အသက် ၈၅ နှစ်အထက်ဘိုးဘွားများအား လူမှုရေးပင်စင်နှင့် ထပ်ဆောင်းထောက်ပံ့ငွေ အိမ်တိုင်ရာရောက်ပေးအပ်

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဧပြီ၊ မေ၊ ဇွန်လများအတွက် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်နှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ထပ်ဆောင်းထောက်ပံ့ငွေ အိမ်တိုင်ရာရောက်ပေးအပ်ခြင်းကို ယမန်နေ့ ညနေပိုင်းက သက်ကြီးဘိုးဘွားတစ်ဦးချင်းအလိုက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လိုက်လံပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား လစဉ် နိုင်ငံတော်မှ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် တစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် တတိယသုံးလပတ်အတွက် ငွေကျပ် ၃၀၀၀၀ နှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ထပ်ဆောင်းထောက်ပံ့ငွေကျပ် ၃၀၀၀၀ စုစုပေါင်းငွေကျပ် ၆၀၀၀၀ အား အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ငူမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်ငူ ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုဗစ်ကာလအတွင်း လုပ်ငန်းများ ကြန့်ကြာနေမှုကြောင့် ဘတ်ဂျက်နှစ်အမီ လုပ်ငန်းပြီးစီးနိုင်မှု ရှိ၊ မရှိ၊ လုပ်ငန်းအခက်အခဲ၊ စံချိန်စံညွှန်းပြည့်မီမှု ရှိ၊ မရှိတို့ကို ဇွန် ၁၂ ရက်က လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ရာ ခရိုင်ကျေးလက်ဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် တင်ဒါအောင်ကုမ္ပဏီများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေကျပ် ၇၅ ဒသမ ၁၀ သန်းဖြင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်သော ဆူးတပ်ကျေးရွာ ကုန်ထုတ်လမ်း အရှည် နှစ်မိုင်တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မနှင့် ရန်ပုံငွေကျပ် ၁၅ ဒသမ ၄၈ သန်းဖြင့် ဆောင်ရွက်သည့် ကျွန်းကုန်းကျေးရွာ ကျေးလက်ရေရရှိရေးလုပ်ငန်းဖြစ်သော ပေ ၄၀၀ တွင်းနက်တူးဖော်ခြင်းနှင့် ရေစက်ရုံ၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



# သီပေါမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအကြောင်းပညာပေး

**သီပေါ ဇွန် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီး၏ မီးပွိုင့်လမ်းဆုံတွင် ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအကြောင်း ရှင်းလင်းအသိပညာပေးခြင်းနှင့် အဆိုပါဥပဒေပြဋ္ဌာန်းချက်စာအုပ်များ အခမဲ့ဝေငှပေးခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက အမှတ် ၁၂၄ ယာဉ်ထိန်းရဲတပ်ဖွဲ့စု သီပေါယာဉ်ထိန်းတပ်စိတ်မှ စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအစီအစဉ်အရ သီပေါမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်သန်းဇော်ဖြိုးနှင့် ရဲတပ်ဖွဲ့ဝင်များက လမ်းမကြီးပေါ်ရှိ မော်တော်ယာဉ်မှူးများ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား အသိပညာပေးဟောပြောပြီး ယာဉ်ထိန်းရဲတပ်စိတ်မှ စီစဉ်လှူဒါန်းထားသည့် ဥပဒေပါပြဋ္ဌာန်းချက်စာအုပ်များကို အခမဲ့ဝေငှခဲ့ကြကြောင်း သိရသည်။

**သီပေါကိုလတ်**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်တွင် စစ်ဆေး

**သရက် ဇွန် ၁၅**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေး သရက်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး မြို့နယ်အဆင့်ကော်မတီဝင်များဦးဆောင်၍ မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်အနောက်ဂိတ်တွင် ဖြတ်သန်းလာသည့် ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းများအား ယနေ့နံနက် ၈ နာရီက ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးဂိတ်များတွင် ခရီးသွားပြည်သူများအား ခရီးစတင်ထွက်လာသည့်ဒေသနှင့် သွားရောက်မည့်ဒေသများကို မှတ်တမ်းယူခြင်းတို့ အပြင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်ဦးထုပ် ဆောင်းရန်၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး ပိုးသတ်ဆေးဖျန်း



**မန္တလေး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဦးဆောင်၍ မန္တလေးခရိုင်မီးသတ်ဦးစီးမှူးမှ အနီးကပ်ကြီးကြပ်၍ ချမ်းအေးသာစံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးထိန်းချုပ်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံ အရှေ့ရပ်ကွက်၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်အတွင်း ၈၂ လမ်း၊ ၂၆ လမ်းမှ ၃၅ လမ်းအထိ၊ ၈၃ လမ်း၊ ၂၆ လမ်းမှ ၃၅ လမ်းအတွင်းတို့တွင် ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းသန့်နှင့် ဒေသအရန်မီးသတ် ဒုတိယတပ်ရင်းမှူး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးများ ပတ်ဖျန်းခဲ့သည်။

**မောင်ပြည်သူ**
**(မန္တလေး)**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

# ငါးမွေးမြူရေးလုပ်ငန်းအား နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်စနစ်ဖြင့် မွေးမြူနိုင်ရန် အသိပညာပေးစည်းရုံးမှုများ လုပ်ဆောင်

**မန္တလေး ဇွန် ၁၅**

မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်တွင်းငါးမွေးမြူရေးလုပ်ငန်းအား နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် Good Aquaculture Practices(GAQP) စနစ်ဖြင့် စနစ်တကျ မွေးမြူနိုင်ရေးအတွက် အသိပညာပေး စည်းရုံးမှုများ လုပ်ဆောင်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးပေါ်လွင်က ပြောသည်။

ငါးမွေးမြူရေးလုပ်ငန်းသည် နိုင်ငံတကာနှင့် ဆက်ဆံရသည့်အတွက် မွေးမြူရေးငါးများအား ပြည်တွင်းသာမက ပြည်ပဈေးကွက်သို့ တင်ပို့ဖြန့်ဖြူးနိုင်ရန် အစားအစာဘေးကင်းလုံခြုံရေးအတွက် နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် စံနှုန်းများရရှိစေရန် GAQP စနစ်ကို ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါစနစ်တွင် ပါဝင်သည့် ငါးမွေးကန်တူးဖော်ခြင်း၊ ရေသွင်းရေထုတ်စနစ်ကောင်းမွန်ခြင်း၊ ဆေးဝါးသုံးစွဲခြင်း၊ အစာသိုလှောင်ကျွေးမွေးခြင်း၊ ပြုစုစောင့်ရှောက်ခြင်းများအပြင် ငါးများဖမ်းယူ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည်အထိ လမ်းညွှန်ချက်များအား စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရန် လက်ရှိအချိန်တွင် ငါးမွေးတောင်သူများအား စည်းရုံးပြောဆို၍ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

''သမားရိုးကျ ငါးမွေးမြူရေးလုပ်ငန်းကနေ ကောင်းမွန်တဲ့ ငါးမွေးမြူရေးကျင့်စဉ်နဲ့အညီ စနစ်တကျ မွေးမြူနိုင်ဖို့ ငါးမွေးတောင်သူတွေကို မနှစ်ကစပြီး ပညာပေးသင်တန်းတွေ ဖွင့်လှစ်ပြီး လိုက်နာဆောင်ရွက်နိုင်အောင် စည်းရုံးမှုတွေ ပြုလုပ်နေပါတယ်။ GAQP စနစ်နဲ့ မွေးမြူဖို့ဆိုရင်




ကန်တူးမယ့်နေရာအတွက် မြေပိုင်ဆိုင်မှုကို သက်ဆိုင်ရာဌာနတွေက ချထားပေးမှာဖြစ်ပြီး ဒီစနစ်နဲ့ ကိုက်ညီမယ့် ကန်တူးရမယ့်နေရာတွေ ရွေးချယ်ပေးဖို့နဲ့ ပါဝင်ရမယ့် နည်းစနစ်တွေကိုတော့ ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒီ GAQP စနစ်နဲ့ ပတ်သက်ပြီး ဌာနကဖွဲ့စည်းထားတဲ့ ကျွမ်းကျင်ပညာရှင်တွေက ကွင်းဆင်း စစ်ဆေးပြီး ၎င်းအဖွဲ့ရဲ့ ထောက်ခံချက်နဲ့သာ GAQP လက်မှတ်ကို ထုတ်ပေးမှာ ဖြစ်ပါတယ်'' ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သရက်ကုန်း ငါးလုပ်ငန်းဝင်းအတွင်းရှိ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာနတွင် မျိုးငါးများထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ငါးမှုန်ငါးသန် ပြုစုစောင့်ရှောက်ခြင်း၊ ဆေးထိုးသားဖောက်ခြင်း၊ တိုင်းရင်းငါးများ ပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သက်ရှိအစာ မွေးမြူထုတ်လုပ်ခြင်းနှင့် YY Super Male တီလားပီးယား စမ်းသပ်မွေးမြူခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ သုတေသနဗဟိုဌာနမှ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မော်မော်သန်းက ပြောသည်။

''ဒီလုပ်ငန်းစဉ်တွေအနက် လက်ရှိကာလမှာ သက်ရှိအစာ မွေးမြူထုတ်လုပ်တဲ့လုပ်ငန်းက ကျွန်မတို့ဌာနက အကြီးအကဲတွေရဲ့ ပူးပေါင်းပါဝင် တွန်းအားပေးမှုကြောင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုတွေ ရရှိနေပါပြီ။ ဆက်လက်ပြီး သုတေသနလုပ်ငန်းတွေရဲ့ ရလဒ်ပေါ်မူတည်ပြီး ငါးမွေးတောင်သူတွေနဲ့ ငါးလုပ်ငန်းစခန်းတွေမှာရှိတဲ့ ငါးသားပေါက်တွေ ရှင်သန်ကြီးထွားမှုနှုန်းကောင်းစေဖို့ သက်ရှိအစာတွေကို ကျွေးနိုင်အောင် ဖြန့်ဖြူးပေးဖို့ ကြိုးစားသွားမယ့်အပြင် ပညာပေးလုပ်ငန်းတွေကိုလည်း လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်''ဟု ၎င်းက ပြောသည်။

အဆိုပါ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာနကို မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ(KOICA)တို့ ပူးပေါင်းကာ၂၀၁၆ ခုနှစ် ဩဂုတ်လမှ စတင်၍ အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး အဆိုပါစင်တာအား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် စတင်ဖွင့်လှစ်၍ ရေချိုငါးမွေးမြူရေးလုပ်ငန်းများ စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများနှင့် ရရှိလာသော သုတေသနစမ်းသပ်ချက်များအား ငါးမွေးတောင်သူများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ငါးမွေးမြူရေးလုပ်ငန်း စိတ်ဝင်စားသူများကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဇွန်လထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**ရန်ကုန် ဇွန် ၁၅**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် “ကြိုတင်ကာကွယ် သဘာဝဘေးအန္တရာယ်” မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာစာစောင် (ဇွန်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇွန်လထုတ် သုတပဒေသာစာစောင်တွင် ဆရာ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ သန်းစော (စီပီအေ )၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ K.M.A၊ ဒေါက်တာခင်မောင်ညိုတို့၏ “ကြိုတင်ကာကွယ် သဘာဝဘေးအန္တရာယ်” မျက်နှာဖုံးဆောင်းပါးများ၊ ပါမောက္ခဦးသိန်းလှိုင်၊ ကြည်မင်း၊ မောင်ပေါ်ထွန်း၊ နေမျိုးနိုင်၊ ထင်ဇော်မှူးသင်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ရဲထက်ဇော်၊ စည်သူလှိုင်၊ ထီလာစိုးမြင့်ထယ်၊ ရဲရင့်နဒီတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ ရှင်စောဖြူ၊ ယဉ်မင်းထွေး(စာပေဗိမာန်) တို့၏ လူကုန်ကူးမှုနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ချိုးငှက် (သံတွဲ) ၊ တင်တင်ဝင်း(စာပေဗိမာန်) တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ဒေါက်တာမင်းသူရိန်၊ ဒေါက်တာမြင့်သန်း(သန္ဓေသား) တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ )၊ ကျော်ဝင်းဟိန်း(ပခုက္ကူ ) ၊ ကိုရင်ကျော်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ဆူးထက်အောင်၊ ဆောင်းဝင်းလတ်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇- ၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း -၀၁-၂၄၉၀၃၁ ၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

## မိုင်းယောင်းမြို့နယ်၌ ရိုးရာကြိမ်ထိုင်ခုံပြုလုပ်ရောင်းချသူ နည်းပါးလာ

**မိုင်းယောင်း ဇွန် ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ လက်လုပ်ကြိမ်ထိုင်ခုံများကို ဝယ်ယူအသုံးပြုသူ နည်းလာခြင်းကြောင့် ရိုးရာကြိမ်ထိုင်ခုံပြုလုပ်ရောင်းချသူနည်းပါးလာကြောင်း သိရသည်။

“ကြိမ်ထိုင်ခုံတစ်လုံးကို ငွေကျပ် ၅၀၀၀ ရောင်းရပါတယ်။ သုံးလုံးဝယ်ယူရင် ငွေကျပ် ၁၃၀၀၀ ဖြစ်ပါတယ်၊ ကြိမ်ထိုင်ခုံတစ်လုံးရဖို့ အဆင့်ဆင့် အချိန်ယူပြုလုပ်ရပြီး တစ်ရက်ကို ကြိမ်ထိုင်ခုံလေးလုံး၊ ငါးလုံးခန့်သာ ပြီးစီးတယ်။ ပြုလုပ်ပြီးတဲ့ ကြိမ်ထိုင်ခုံတွေကို ကျေးရွာအထိ လာရောက်ဝယ်ယူသူတွေရှိပါတယ်” ဟု ရိုးရာကြိမ်ထိုင်ခုံပြုလုပ်ရောင်းချသည့် အဘိုးဦးအိုက်ကောင်က ပြောသည်။

ယခုအခါ မိုင်းယောင်းမြို့နယ်တွင် ပလတ်စတစ်ထိုင်ခုံများကိုသာ ဝယ်ယူအသုံးပြုနေကြသဖြင့် လက်လုပ်ကြိမ်ထိုင်ခုံများ ဝယ်ယူအသုံးပြုသူနည်းလာပြီး ရိုးရာကြိမ်ထိုင်ခုံပြုလုပ်ရောင်းချသူနည်းပါးလာကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**
**(ပြန်/ဆက်)**



## အခြောက်ထယ်ရေးထွန်ယက်ကာ မိုးစပါးများ အစေ့ကြဲပက်သည့်စနစ်ဖြင့် စတင်စိုက်ပျိုး

**ရေတာရှည် ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် နေ့စဉ်လိုလို မိုးရွာပြီးနောက်ပိုင်း မိုးစပါးစိုက်ပျိုးသည့်တောင်သူများအနေဖြင့် အခြောက်ထယ်ရေးထွန်ယက်ကာ အစေ့ကိုကြဲပက်၍ စတင်စိုက်ပျိုးနေကြပြီဖြစ်သည်။ အခြောက်ထယ်ရေးပြုလုပ်ရာတွင် ထယ်ရေးတစ်ထပ်၊ ဒါးစက်ထွန်ဖြင့် တစ်စပ်မောင်းပြီး လယ်ကန်သင်းများကို လယ်ယာလုပ်သားများငှားရမ်း၍ ပြန်ဆင့်ပြီးနောက် ကြဲပက်ကြခြင်းဖြစ်ရာ အချိန်တိုအတွင်း ပြီးစီးနိုင်မည်ဖြစ်သည်။

''ဒီနှစ်က ဝါကြီးထပ်ဆိုတော့ အစောပိုင်းမှာ မိုးနည်းမယ်။ နောက်ပိုင်းမှာ မိုးများမယ်။ လမ်းဘေးကျတဲ့ လယ်သမားတွေကတော့ စောသေးတယ်ဆိုပြီး မကြဲကြသေးဘူး။ လမ်းမပေါက်တဲ့ တောင်သူတွေကျတော့ လမ်းပိတ်မှာစိုးလို့ ရက် ၁၂၀ စပါးမျိုးကို အခြောက်ကြဲပက်ကြတာပါပဲ၊ အချို့နေရာတွေဆို ထွန်တုံးတောင်ပိတ်ကုန်ပြီ'' ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကျင်းကုန်းကျေးရွာနေ တောင်သူ ဦးမြင့်ဦးက ပြောသည်။

''မိုးရေကိုစောင့်ပြီး တမန်းလုပ်ရင် ထယ်တစ်စပ်၊ ထွန်နှစ်စပ်မောင်းရမယ်။ စပါးမျိုးစိမ်ရမယ်။ အစို့ထွက်လာရင် တမန်းကိုင်ပြီးတဲ့လယ်ထဲကို ကြဲပက်ရင် အကုန်လုံးမပေါက်နိုင်ဘူး။ တမန်းထဲနစ်သွားတဲ့ စပါးစေ့က ပုပ်သွားတာ။ အခြောက်ကြဲတာကျတော့ အဲ့လိုမဖြစ်တော့ဘူး။ စပါးမျိုးလည်း အကုန်သက်သာတယ်'' ဟု ဦးမြင့်ဦးက ဆက်လက်ပြောပြသည်။

စပါးစိုက်ပျိုးသည့်တောင်သူများအနေဖြင့် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ လုပ်သားငှားရမ်းစရိတ်အစရှိသောသွင်းအားစုကုန်ကျစရိတ်များ ထပ်မံကုန်ကျမည်ဖြစ်၍ အောင်မြင်ဖြစ်ထွန်းခြင်းနှင့် စပါးအထွက်တိုးရန်အတွက် ရာသီဥတုအပေါ်တွင် များစွာတည်မှီနေခြင်းလည်း ဖြစ်သည်။

**ကိုလွင်**
**(ဆွာ)**

## တောင်သူများအား မျိုးကောင်းမျိုးသန့် မိုးစပါးများ ထောက်ပံ့ပေးအပ်

**ဘောဂလိ ဇွန် ၁၅**

ကရင်ပြည်နယ် ဘောဂလိမြို့ မဲတင်းတိမ်ကျေးရွာအုပ်စု ဖြတ်လမ်းကူးကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ မိုးစပါးသီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့် မိုးစပါးကိုစိုက်ပျိုးရေးဦးစီးဌာန၏ သယ်ယူပို့ဆောင်ပေးခြင်းအစီအစဉ်အရ မဲတင်းတိမ်ကျေးရွာအုပ်စု ဖြတ်လမ်းကူးကျေးရွာတွင် ဇွန် ၁၄ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘောဂလိမြို့ စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မဲတင်းတိမ် ကျေးရွာအုပ်စု ဖြတ်လမ်းကူးကျေးရွာတွင် မိုးစပါးစိုက်တောင်သူများအတွက် မျိုးကောင်းမျိုးသန့် မျိုးစပါးများဖြစ်သည့် ဆင်းသုခ ၁၇ ဒသမ ၅၀ တင်းကို တောင်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လျက်ရှိပြီး စိုက်ပျိုးနည်းပညာအသိပညာပေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# အက်သလက်တီကိုမက်ဒရစ်က ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် လာကာဇက်တီက အာဆင်နယ်အသင်းမှ ထွက်ခွာရန် တောင်းဆိုထား



အာဆင်နယ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး လာကာဇက်တီဟာ စာချုပ်သက်တမ်းနှစ်နှစ်ကျန်ရှိနေသေးချိန်မှာ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် အာဆင်နယ်အသင်းကနေ ထွက်ခွာဖို့ တောင်းဆိုထားတယ်လို့ သိရပါတယ်။

ပြင်သစ်တိုက်စစ်မှူး လာကာဇက်တီဟာ ၂၀၁၇ ခုနှစ်က လိုင်ယွန်အသင်းကနေ အာဆင်နယ်အသင်းဆီ ရောက်ရှိလာခဲ့တာဖြစ်ပြီး ၂၀၂၂ ခုနှစ်မှာ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ လက်ရှိမှာ တိုက်စစ်မှူး အူဘာမေယန်ကလည်း လာမယ့်နွေရာသီကာလမှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်တဲ့အတွက် အာဆင်နယ်အသင်းနဲ့အတူ အနာဂတ်ဆက်ရှိဖို့ မသေချာတဲ့အခြေအနေ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ တိုက်စစ်မှူး လာကာဇက်တီနဲ့ အူဘာမေယန်တို့ကို စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးမှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ တိုက်စစ်မှူး လာကာဇက်တီဟာ အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၈၇ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ၃၄ ဂိုးသွင်းယူထားတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# မန်ယူဂိုးသမား ဟန်ဒါဆင်ကို စာချုပ်သက်တမ်းတိုးရန် ရှက်ဖီးလ်ယူနိုက်တက်အသင်း နီးစပ်နေ



ရှက်ဖီးလ်ယူနိုက်တက်အသင်းဟာ မန်ယူအသင်းမှ အငှားစာချုပ်နဲ့ လာရောက်ကစားနေတဲ့ ဂိုးသမား ဟန်ဒါဆင်ကို အခုနှစ်ဘောလုံးရာသီကုန်အထိ စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုဖို့ နီးစပ်နေပြီဖြစ်တယ်လို့ ရှက်ဖီးလ်ယူနိုက်တက်အသင်းနည်းပြ ခရစ်ဝီလ်ဒါက ပြောကြားခဲ့ပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ အင်္ဂလန်ကြယ်ပွင့် ဟန်ဒါဆင်ဟာ ဇွန် ၃၀ ရက်မှာ လက်ရှိချုပ်ဆိုထားတဲ့ အငှားစာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်ပြီး စာချုပ်သစ်ချုပ်ဆိုဖို့အတွက်လည်း မန်ယူအသင်းနည်းပြ ဆိုးရှားနဲ့ ဆွေးနွေးထားတယ်လို့ သိရပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားကတော့ ဂိုးသမား ဟန်ဒါဆင်ဟာ အနာဂတ်ကာလမှာ ကလပ်အသင်းနဲ့ နိုင်ငံအသင်းအတွက် နံပါတ်တစ် ဂိုးသမားဖြစ်လာဖို့လည်း မျှော်လင့်ထားတာဖြစ်ပါတယ်။ မန်ယူဘောလုံးအကယ်ဒမီကနေ မွေးထုတ်ပေးလိုက်တဲ့ ဂိုးသမား ဟန်ဒါဆင်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ရှက်ဖီးလ်ယူနိုက်တက်အသင်းကို ချန်ပီယံရှစ်ကနေ ပရီမီယာလိဂ်ဆီ တန်းတက်ခွင့်ရရှိအောင် ကူညီပေးခဲ့သူလည်းဖြစ်ပါတယ်။ လက်ရှိမှာတော့ ဆိုးရှားနဲ့ ခရစ်ဝီလ်ဒါတို့ဟာ ဂိုးသမား ဟန်ဒါဆင်ကို အငှားစာချုပ်သက်တမ်းတိုးဖို့ သဘောတူညီထားတယ်လို့လည်း သိရပါတယ်။

# မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းယှဉ်ပြိုင်မည့် အာဆီယံဖူဆယ်ပြိုင်ပွဲ လာမည့်နှစ်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၁၅**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၀ အာဆီယံ ဖူဆယ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ကိုရိုနာဗိုင်းရပ်စ်ကြောင့် သတ်မှတ်ထားသည့်ရက်ထက် နောက်ဆုတ်ခဲ့ရပြီး ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပသည့် ပြိုင်ပွဲကျင်းပရေးကော်မတီအစည်းအဝေးတွင် ယင်းပြိုင်ပွဲနှင့်ပတ်သက်၍ အတည်ပြုခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အဆင့် ပြိုင်ပွဲဖြစ်သည့် အာဆီယံဖူဆယ်ပြိုင်ပွဲကို ၂၀၀၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းသည် ၂၀၀၆ ခုနှစ်တွင် စတင်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဒုတိယ တစ်ကြိမ်၊ တတိယ နှစ်ကြိမ် ရရှိဖူးပြီး ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၀၆ နှင့် ၂၀၁၇ ပြိုင်ပွဲတွင် တတိယဆုတို့ ရရှိခဲ့သည်။ယင်းပြိုင်ပွဲတွင် နာမည်ကြီးထိုင်းအသင်းက ကြီးစိုးထားပြီး ပြိုင်ပွဲကျင်းပပြီးစီးသည့် ၁၆ ကြိမ်တွင် ၁၅ ကြိမ်အထိ ဖိုလ်စွဲကာ အင်ဒိုနီးရှားအသင်းက တစ်ကြိမ်ဖိုလ်စွဲထားသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲဝင်အသင်းများ အတည်ပြုပြီးပါက အုပ်စုများခွဲဝေသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ပီတာဟာမန်စ်ကို ခန့်အပ်ရန် သဘောတူညီမှုရထားပြီး ကိုရိုနာဗိုင်းရပ်စ်အခြေအနေ တည်ငြိမ်သွားပါက အပြီးသတ် စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အသစ်ခန့်အပ်ထားသည့် နည်းပြဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်သောကြောင့် ပြင်ဆင်ချိန်ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင် ဖူဆယ်အသင်းနည်းပြသစ်ခန့်အပ်ပြီးမှသာ ပြိုင်ပွဲအကြိုပြင်ဆင်မှုများနှင့် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်မည်ဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၉ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သော်လည်း တတိယနေရာလုပွဲတွင် အရေးနိမ့်ခဲ့သောကြောင့် စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

ရှိုင်းထက်ဇော်

## အနုပညာ

# ရှစ်နှစ်ကြာ တစ်နေ့ထမင်းတစ်နပ်သာ စားခဲ့ရကြောင်း ယူအီးဖွင့်ဟ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးမှသည် သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ ယူအီးက သူ့ရဲ့အနုပညာခရီးအစမှာ ကိုယ်အလေးချိန် လျှော့ချဖို့အတွက် တစ်နေ့ကို ထမင်းတစ်နပ်တည်း စားခဲ့ရကြောင်းနဲ့ ဒီလိုစားခဲ့ရတာ ရှစ်နှစ်ခန့် ကြာမြင့်ခဲ့ကြောင်း လတ်တလောပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ ဖွင့်ဟခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၁၂ ရက်က ထုတ်လွှင့်ခဲ့တဲ့ I Live Alone အစီအစဉ်မှာ ယူအီးက အဆိုပါအကြောင်းအရာကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ယူအီးက သူခံစားခဲ့ရတဲ့ ဝမ်းဗိုက်နာကျင်မှုတွေဟာ တစ်နေ့ ထမင်းတစ်နပ်တည်း စားခဲ့ရခြင်းနဲ့ သက်ဆိုင်နေကြောင်းလည်း ဆိုပါတယ်။

ယူအီးဟာ အမျိုးသမီးတေးဂီတအဖွဲ့ After School ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် တေးဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ပရိသတ်တွေထံမှ သူ့ရဲ့ဝမ်းဗိုက်နဲ့ပတ်သက်ပြီး အဆိုးမြင်တဲ့ ဝေဖန်မှုတွေ များစွာရရှိခဲ့တာကြောင့် ကိုယ်အလေးချိန်လျှော့ချခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ သရုပ်ဆောင်တစ်ဦးအဖြစ် ဇာတ်လမ်းတွဲတွေမှာ အဓိကဇာတ်ဆောင်နေရာက ပါဝင်ချိန်မှာတော့ ယူအီးဟာ အတော်လေး ပိန်နေတာကြောင့် ပရိသတ်တွေက သူ့ရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတယ်လို့လည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

# ဘောလိဝုဒ်မင်းသား စူရှန်ဆင်းရာဂျ်ပု ကွယ်လွန်

ကျော်ကြားတဲ့ ဘောလိဝုဒ်မင်းသားတစ်ဦးဖြစ်သူ စူရှန်ဆင်းရာဂျ်ပုဟာ လတ်တလောမှာ မွမ်ဘိုင်းမှာရှိတဲ့ သူ့ရဲ့ နေအိမ်မှာပင် သေဆုံးလျက်တွေ့ရှိရကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ဒေသတွင်း မီဒီယာတွေမှာ ကနဦးဖော်ပြတဲ့ သတင်းတွေအရ မင်းသားဟာ နေအိမ်မှာပင် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့တာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြတယ်လို့လည်း သိရပါတယ်။

ဘောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ အပြင် စူရှန်ဆင်းရာဂျ်ပုဟာ ကွယ်လွန်ချိန်မှာလည်း အသက် ၃၄ နှစ်အရွယ်သာ ရှိသေးတာဖြစ်ပါတယ်။ မင်းသားကွယ်လွန်ခဲ့တဲ့အပေါ် အနုပညာအသိုင်းအဝိုင်းမှ နှမြောမိကြောင်း ရေးသားဖော်ပြခဲ့ကြသလို အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီကလည်း စူရှန်ဆင်းရာဂျ်ပု ကွယ်လွန်ခဲ့တဲ့အပေါ် နှမြောမိကြောင်း သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာလည်း တွေ့ရပါတယ်။

စူရှန်ဆင်းရာဂျ်ပုကို ဇွန် ၁၄ ရက် နံနက်ပိုင်းက မွမ်ဘိုင်းမှာရှိတဲ့ သူ့ရဲ့ နေအိမ်မှာ သေဆုံးလျက်တွေ့ရှိရကြောင်း မွမ်ဘိုင်းရဲတပ်ဖွဲ့က ပြောကြားခဲ့ပါတယ်။ လက်ရှိမှာတော့ မင်းသားကွယ်လွန်မှုနဲ့ပတ်သက်ပြီး ဆက်လက်စုံစမ်းလျက်ရှိကြောင်းလည်း သိရပါတယ်။ မင်းသားရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယခုလို မင်းသား ရုတ်တရက် ကွယ်လွန်ခဲ့တဲ့အပေါ် သူ့အနေနဲ့ နာကျင်ခံစားရကြောင်း ပြောကြားခဲ့ပါတယ်။



စူရှန်ဆင်းရာဂျ်ပုဟာ ၂၀၁၃ ခုနှစ်အတွင်း ဘောလိဝုဒ်ရုပ်ရှင်လောကသို့ စတင်ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ အနုပညာခရီးတစ်လျှောက် ရုပ်ရှင် ၁၀ ကား ရိုက်ကူးပေးခဲ့ပြီး သူ့ရဲ့ ခုနစ်ခုမြောက်ရုပ်ရှင်ဖြစ်တဲ့ The Fault in Our Stars ကို ယခုနှစ်ကုန်ပိုင်းမှာ ရုံတင်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်သန်းကြည် (မော်လမြိုင်)

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သြဘာလမ်း၊ အမှတ်(၁၄)၊ လေးလွှာ(ခြေရင်းခန်း)နေ (ဦးသိန်းဖေ-ဒေါ်ဖွားသစ်)တို့၏ သမီး၊ (ဦးအောင်မြင့်)၏ ဇနီး၊ (ဒေါ်ခင်ညွန့်)၏ ညီမ၊ (ဦးအောင်ကြီး)-ဒေါ်လှကြည်၊ ဦးမြလွင်-(ဒေါ်အေးမြင့်)၊ (ဦးလှမြင့်)-ဒေါ်မြချစ်၊ (ဦးတင်မြင့်)၊ ဒေါ်ကြည်ကြည်ထွေး (YP 7 Co., KKB Co.,)တို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ရှစ်ယောက်၏ ဘွားဘွားကြီးသည် ၁၃-၆-၂၀၂၀ (စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၀ (သောကြာနေ့) နံနက် ၅ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်ကြိုင်

**အထက်တန်းကျောင်းအုပ် (ငြိမ်း)**

**အသက် (၉၆) နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် (၃၁/၂၁)နေ (ဦးမြသီး-ဒေါ်သိန်းဟံ)တို့၏ သား၊ (ဒေါ်မမလေး)၏ ခင်ပွန်း၊ ဦးသိုက်ထွန်း-ဒေါ်ကျင်သွယ်၊ ဦးမိုးဇော်ရွှေ (ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)-ဒေါက်တာခင်မျိုးအောင်၊ ဦးဝင်းမိုးအောင်-ဒေါ်သင်းသင်းအေးတို့၏ ချစ်လှစွာသောဖခင် အထက်တန်းကျောင်းအုပ်(ငြိမ်း) ဦးအောင်ကြိုင်သည် ၁၂-၆-၂၀၂၀ (သောကြာနေ့) ည ၁၁:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

## ဆရာကြီး ဦးအောင်ကြိုင်

**အထက (၁) ဒိုက်ဦး (ငြိမ်း)**

**အသက် (၉၆) နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂) ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၃၁/၂၁)နေ (ဒေါ်မမလေး)၏ခင်ပွန်း ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) ကန်တော့ခံပုဂ္ဂိုလ် ဆရာကြီး ဦးအောင်ကြိုင်သည် ၁၂-၆-၂၀၂၀ (သောကြာနေ့) ည ၁၁:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းတင် (၈၈)နှစ်

KBZ Group နာယက ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေးတို့၏မိခင် ဒေါ်သိန်းတင်သည် ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲနိုင်အောင်နှင့် ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများ**
**ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ခရိုင်/မြို့နယ်ဥပဒေဆိုင်ရာ**
**အထောက်အကူပေးရေးအဖွဲ့၊ တောင်ကြီးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးမြတ်လင်းထွန်း-ဒေါ်ငြိမ်းအိအိလွင်တို့၏ ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးတင်မောင်မြင့်(ငြိမ်း)သည် ၁၄-၆-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ**
**တပ်မတော်နည်းပညာတက္ကသိုလ်**
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁)**




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

## ဦးလှဝေ (ခ) ဦးလှရီ

**ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး (ငြိမ်း)**
**(ယခင် စာရင်းစစ်ရုံး)**

**အသက် (၈၆) နှစ်**

ပဲခူးမြို့နေ (ဦးမောင်ကြီး-ဒေါ်ကျော့မေ)တို့၏သားထွေး၊ (ဦးအုန်းသွင်-ဒေါ်စိန်)တို့၏ သားသမက်၊ (ဦးလှမောင်)၊ (ဒေါ်သန်းကြည်)၊ (ဒေါ်ခင်မာမာ)၊ (ဦးထွန်းရီ)၊ [ဦးကျော့မောင်(ခရမ်း)]-ဒေါ်လှကြည်တို့၏ ညီ/မောင်၊ ဦးဟန်အောင်မျိုး-ဒေါ်မိုးသူဇာဝေ၊ ဦးမောင်မောင်မြင့်-ဒေါ်တိုးသူဇာဝေ၊ ဒေါ်ကိုးသူဇာဝေတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက်(၂၁၄)၊ အခန်း(၁၇)နေ ဒေါ်သန်းသန်း၏ခင်ပွန်းသည် ၁၄-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄:၃၅ နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ (၁၁)လမ်း၊ အမှတ်(၈၄၂) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၂၀ (စနေနေ့)တွင် နံနက် ၇ နာရီမှ ၁၀ နာရီအထိ တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစန်းလွင်

**တပ်ကြပ်ကြီး (ငြိမ်း)၊ အမှတ်(၁) စစ်မြေပြင်ဆေးတပ်ရင်း**

**အသက် (၈၂) နှစ်**

သပိတ်ကျင်းမြို့နေ ဒေါ်နုနု၏ခင်ပွန်း၊ ဦးမြင့်ကြိုင်-ဒေါ်မာလာသန်း(နေပြည်တော်)၊ ဦးအောင်သိန်း-ဒေါ်ရီရီမွေး(ရန်ကုန်)၊ ဗိုလ်မှူးဇော်လွင်မြင့်-ဒေါ်စန္ဒာခိုင် (ညောင်လေးပင်)၊ အရာခံဗိုလ်ကျော်ထွန်း-ဒေါ်မာလာစမ်း(သပိတ်ကျင်း)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၀-၆-၂၀၂၀ ရက် နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၀ ရက် မွန်းလွဲ ၂:၅၀ နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပြီဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း(ခ)ဦးကောက်

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/နောက်ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၂၇)နေ (ဦးစိန်မောင်-ဒေါ်အုံး)တို့၏ သား၊ ဒေါ်နီနီ-(ဦးဝင်းမောင်)၊ ဒေါ်ကြည်ကြည်-(ဦးတင်ညွန့်)၊ ဦးတင်မြင့်-ဒေါ်သိန်းအေး၊ ဦးတင်အုန်း-ဒေါ်ခင်အေး၊ (ဒေါ်စန်းစန်း-ဦးတင်စိန်)၊ ဦးထွန်းရင်၊ ဦးထွန်းလွင်-ဒေါ်ခင်မာကြည်တို့၏ မောင်/ညီသည် ၁၅-၆-၂၀၂၀ (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသက်နိုင်ငြိမ်း (သန်လျင်)

**A.G.T.I-EP, 91**

**အသက် (၅၁) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်နေ ဦးငြိမ်းမောင်-(ဒေါ်ခင်ခင်ဝင်း)တို့၏ တစ်ဦးတည်းသောသား၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ အမှတ်(၁)၊ စံပယ်လမ်းနေ ဒေါ်ဝင်းမာအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သန်းထိုက်ဇော်၊ မအေးချမ်းမော်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၁၄-၆-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီး တင်မောင်မြင့် (ငြိမ်း)

## ကြည်း-၁၁၆၉၃၊ D.S.A (၁၂)

## အသက် (၇၂) နှစ်

သူငယ်ချင်း ၁၄-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၁၂)**
**ကျောင်းဆင်းသူငယ်ချင်း မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဥမ္မာမောင် (LL.B ဗဟိုတရားရုံးရှေ့နေ)

**အသက်(၆၀) (ဆရာမောင်ဆေးတိုက်)**

ရန်ကုန်တက္ကသိုလ်သတ္တဗေဒ ကျောင်းသူ/သားဟောင်းများအသင်းဝင်၊ သက်ကြီးအာစရိယပူဇော်ပွဲများတွင် အလှူငွေများအစဉ်အမြဲပါဝင် လှူဒါန်းသူ(၁၉၇၇)ကျောင်းသူဟောင်း ဒေါ်ဝင်းမောင်မောင်၊ (၁၉၇၉) ဒေါ်ချူမောင်မောင်တို့၏ ညီမ ဒေါ်ဥမ္မာမောင်သည် ၁၁-၆-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသူ/**
**သားဟောင်းများ လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအေးကို (ပဲခူး)

**အလယ်တန်းပြ ကျောင်းဆရာ(ငြိမ်း)၊ အ.ထ.က(၃) ပဲခူး၊ အ.ထ.က ဘုရားကြီး၊ အ.လ.က (၂) ပဲခူး၊ အ.လ.က (၄) ပဲခူး**

**အသက် (၈၀)**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ တိုက်(၂၁)၊ အခန်း(၄၀၄)၊ (၇)လမ်း (ဘီ)၊ ယုဇနဥယျာဉ်မြို့တော်နေ (ဦးအုန်းမောင်-ဒေါ်ကျင်လှိုင်)တို့၏သား၊ (ဦးစံ-ဒေါ်ကြည်)တို့၏သားသမက်၊ (ဦးခင်မောင်)-ဒေါ်အေးလှိုင်၊ ဦးထွန်းမင်း-ဒေါ်ငွေးမြင့်တို့၏ မောင်၊ (ဦးမြင့်သန်း)-ဒေါ်သန်းသန်း၊ ဦးဝင်းရီ-(ဒေါ်တင်အုန်း)၊ [ဦးခင်ညို(USA)]၊ ဦးမောင်မောင်-ဒေါ်မြမြမူ၊ ဦးသိန်းထွန်း-ဒေါ်ခင်မြင့်နွယ်၊ ဦးခင်စိုး-(ဒေါ်လှလှဝင်း)၊ ဦးမြင့်ဆွေ-ဒေါ်သင်းသင်းကြည်တို့၏အစ်ကိုကြီး၊ ဒေါ်စန်းမြင့်(ကျောင်းဆရာမ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဝင်းမင်းအေး၊ ဒေါ်လှဲ့မွန်အေးတို့၏ချစ်လှစွာသောဖခင်၊ တူ/တူမ ၂၂ ယောက်တို့၏ဦးလေး ဦးအေးကိုသည် ၁၅-၆-၂၀၂၀(တနင်္လာနေ့) နံနက် ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ တိုက်အမှတ်(၁၀၉)၊ အခန်းအမှတ်(၁၆)ကို Chin Su May Flower Co.,Ltd ထံမှ ဦးစောအောင်မိုးသူ+ဒေါ်မြမြညိမ်းအမည်ဖြင့် ဝယ်ယူခွင့်ရရှိခဲ့ပြီး ဒေါ်မြမြညိမ်းမှ ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှု Owner Book ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာ၊ တိုက်အမှတ်(၁၈/၆)အား Chin Su May Flower Co.,Ltd ထံမှ ဦးရင်ထွေးအမည်ဖြင့် ဝယ်ယူခွင့်ရရှိခဲ့ပြီး ဦးရင်ထွေးထံမှ ဒေါ်မြမြညိမ်းမှ ပြန်လည်ဝယ်ယူခဲ့၍ ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှု Owner Book ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာမြို့ကွက်သစ်၊ လူနေရပ်ကွက်အမှတ်(မြတ်ရတနာအိမ်ရာ)၊ မြေကွက်အမှတ်(၁၀၅)၊ ဧရိယာ(၀.၁၁၁)ဧက၊ နှစ်(၆၀)မြေငှားစာချုပ်အမည်ပေါက်မှာ ဦးမြင့်ဦးဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၁၆၂/၂၀၁၅)၊ နေ့စွဲ ၁၁-၉-၂၀၁၅ တင်ပြ၍ ဒေါ်အမာရီ(ခ) ဒေါ်မြင့်မြင့်ကြည်[၁၂/သလန(နိုင်)၀၁၇၁၂၅]အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

## မူးယစ်ကို ပစ်

## ပန်းတိုင်သစ်

## စိတ်သစ်

## လူသစ်

## ဘဝသစ်

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်အောင်

**(တက္ကသိုလ်စိန်မြင့်၊ အားကစားတံဆိပ်ရိုက်)**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊ တိုက်(၂)၊ အခန်း(၅၅)နေ (ဦးအေးရွှေ-ဒေါ်လှကျင်)တို့၏ သား၊ (ဦးသိုင်းမောင်-ဒေါ်ယဉ်အေး)တို့၏ သားသမက်၊ ဒေါ်မာမာလွင်၏ ခင်ပွန်း၊ မချိုချိုအောင်၊ မောင်စည်သူဟုတ်ရီ-မစန္ဒာအောင်၊ မောင်ကိုကိုအောင်-မနိုဇင်ထက်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၄-၆-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## Capt ဦးချစ်ဦး

**TRUST MARITIME SERVICE SINGAPORE**

**အသက် (၆၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၃၀) ရပ်ကွက်၊ နှင်းဆီဝါလမ်း၊ အမှတ် (၂၀၄)နေ (ဦးတင်ဦး-ဒေါ်သန်းကြင်)တို့၏ သားထွေး၊ ဗိုလ်မှူးချုပ် သိန်းငွေ(ငြိမ်း)-ဒေါ်ခင်ရွှေတို့၏သားသမက်၊ (ဒေါ်ခင်ခင်ဦး)၊ ဦးမျိုးဦး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ဝေဝေဦး၊ ဦးချိုဦး-(ဒေါ်အေးနွဲ့)၊ ဦးမြတ်စိုးဝင်း-ဒေါ်ရွှေယင်းမာတို့၏မောင်၊ ဒေါ်သင်းမာလာ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဖုန်းမြင့်ဦး၊ မောင်အောင်မြင့်ဦးတို့၏ ချစ်လှစွာသောဖခင် Capt ဦးချစ်ဦးသည် ၁၄-၆-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၁၂ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမိုဟာမက်ဘီလား (ခ) ဦးသက်နိုင်ဦး

**အသက်(၅၀)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၅၀)၊ ဆိပ်ကမ်းသာလမ်း၊ အခန်း(၅၇)နေ (ဦးအော်လီဗာထွန်း-ဟာဂျီမ ဒေါ်ချိုချိုသန်း)တို့၏ သား၊ ဦးခင်မောင်-ဟာဂျီမဒေါ်ခင်ခင်ဆွေတို့၏ သားသမက်၊ ဒေါ်သန္တာစိုး၏ ချစ်လှစွာသောခင်ပွန်း၊ မနိုင်သဇင်ထက်၊ မောင်ဖုန်းမြတ်သူတို့၏ ချစ်လှစွာသော၊ မေ့မရနိုင်သောဖခင် ဟာဂျီဦးသက်နိုင်ဦးသည် ၁၃-၆-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် အမျိုးများ၊ မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးဆိုင်းနော်ယဉ်(ခ)Peter ဆိုင်းနော်

**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဂမုန်းလမ်း၊ အမှတ် (၃၀/B)နေ ဦးယဉ်ထွေး-ဒေါ်အယ်လ်ဂျာခေါ်တို့၏ သားငယ်၊ ဒုတိယဗိုလ်မှူးကြီး Dr.အောင်ကျော်ထွန်း-ဒေါ်အိရွှေစင်(ခ)ဆိုင်းမိုင်၊ ဦးဆိုင်းအောင်-ဒေါ်သိဂီဝင်းတို့၏ ညီ/မောင်၊ ဒေါ်ညေးမြာ၏ ခင်ပွန်း၊ မောင်သန့်လင်းထက်(ခ)Bimbo ၏ ချစ်လှစွာသောမွေးသဖခင်၊ တူ/တူမ သုံးယောက်တို့၏ ဦးလေးသည် ၁၄-၆-၂၀၂၀ ရက် နံနက် ၂:၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၆-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## တစ်လပြည့်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ (ဦးဘကျော်-ဒေါ်အေးစိန်)တို့၏ သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃) ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၇၅)နေ ဒေါ်ခင်သန်းမြင့်၏ ခင်ပွန်း၊ ဒေါ်အိရွှေဇင်၊ ဦးကိုကိုလတ်တို့၏ဖခင်၊ မောင်မြတ်မင်းသန်း၏အဘိုး ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးသန်းရင် အသက် (၇၇) နှစ် (B.P.I-ငြိမ်း)သည် ၂၁-၅-၂၀၂၀(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူအား ရည်စူး၍ ၂၁-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၃၀ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ BPI နှင့် DCPT တို့မှ ဆရာများ၊ မိတ်ဆွေများ၊ နှစ်ဖက်ဆွေမျိုးများ၊ ရပ်နီးရပ်ဝေး မိတ်ဆွေများအားလုံးကို ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ [ဧည့်ခံကျွေးမွေးမည့်အချိန်-နံနက် ၁၀:၃၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ။]

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၅**

ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အလေးထားဆောင်ရွက်**

သတင်းစာရှင်းလင်းပွဲ၌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ဝန်ကြီးဌာနရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို “ပြုပြင်ပြောင်းလဲမှုအစ ထွေအုပ်က” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူဗဟိုပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရန်နှင့် ထိရောက်သောဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၄)နှစ်တာကာလအတွင်း ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ရှင်းလင်းပြောကြားစဉ်။

## ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အသုံးပြုရန် ဆေးဖျန်းယာဉ် လာရောက်လှူဒါန်း

**တောင်ကြီး ဇွန် ၁၅**

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပစ္စည်းများလှူဒါန်းခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံးရှေ့ ကွင်းပြင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲတွင် ပန်းဆေးပြည်သူ့စစ်ဌာနေအဖွဲ့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ နှာခေါင်းစည်း အခု



၁၀၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၊ ဆရာဝန်သုံး ကာကွယ်ရေးမျက်မှန် အလက် ၁၀၀၊ ပိုးသတ်ဆေးရည် ငါးဂါလန်ပုံး ၂၀၊ မီးသတ်ရေသယ် ဆေးဖျန်းယာဉ်အမျိုးအစား Forland တစ်စီး ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူကြသည်။

**လက်ခံရယူ**

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့မှလှူဒါန်းလက်ခံရရှိသည့် ယာဉ်တစ်စီးနှင့် ပိုးသတ်ဆေးရည် ပုံး ၂၀ ကို ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ရှမ်းပြည်နယ်မီးသတ်တပ်ဖွဲ့သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးတင်မင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## MNL-2 အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၅ ရက်အထိ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၅**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရပ်နားထားသည့် ၂၀၂၀ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၅ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်သည်။

ဒုတိယအကျော့ပွဲစဉ်အဖြစ် ပွဲပေါင်း ၂၈ ပွဲ ကျင်းပရမည်ဖြစ်ပြီး ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို ပဒုမ္မာ၊ စလင်းနှင့် တောင်ဒဂုံကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် Junior Lions အသင်း၊ Chinland အသင်းနှင့် မြဝတီအသင်းတို့မှာ ၁၈ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်ဖြင့် Junior Lions အသင်းက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နေကာ Chinland အသင်းက ဒုတိယ၊ မြဝတီအသင်းက တတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏နောက်တွင် တက္ကသိုလ်အသင်းက ၁၀ မှတ်၊ မောရဝတီအသင်းက ကိုးမှတ်၊ ငွေကြယ်ပွင့်အသင်းက ငါးမှတ်၊ ကချင်ယူနိုက်တက်အသင်းက လေးမှတ်ရထားပြီး ယောမြေအသင်းက ခုနစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ပထမအကျော့အပြီး အနေအထားအရ ချန်ပီယံဆုအတွက် Junior Lions အသင်း၊ Chinland အသင်းနှင့် မြဝတီအသင်းတို့ အပြိုင်ဖြစ်နေပြီး ယင်းသုံးသင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲများမှာ အဆုံးအဖြတ်ဖြစ်လာဖွယ်ရှိနေသည်။

ဒုတိယအကျော့အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ဇူလိုင် ၂၀၊ ၂၁ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရာသီဝက်ချန်ပီယံ Junior Lions အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ Chinland အသင်းနှင့် တက္ကသိုလ်အသင်း၊ မြဝတီအသင်းနှင့် မောရဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ စတုတ္ထ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

COVID-19 ကာကွယ် ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

စာမျက်နှာ » ၃

---------------

မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယခုနှစ်တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေး

စာမျက်နှာ » ၉

---------------

အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၅၀၂ ဦး စမ်းသပ်တွေ့ရှိပြီး ၃၂၅ ဦး သေဆုံး

စာမျက်နှာ » ၁၁